# လူမျိုးစုလေ့လာမှု စာစဉ်

စာစဉ် (၂) ၂၀၁၉၊ ဖေဖော်ဝါရီလ

## ကျား
(ရွှေမြိုတ်မောင် ရေးသည်)

## လူကျား
[ဝင်းထိန်(ပုလော)]

## တနင်္သာရီမြို့မှ လူကျားကခြင်းဓလေ့
(တက္ကသိုလ် သန်းစိုးဝင်း)

## Role and Functions of Tiger Dance in Palaw Township,Tanintharyi Region
(Naing Soe)

Myanmar Cultural Research Society

Bulletin of Ethnic Studies
No.2

Myanmar Cultural Research Society

No. 26/28 (5th FL), 52nd Street (Lower Block),
Botataung Township,
11161 Yangon, Myanmar.

Myanmar Cultural Research Society

# ပိုနိုဝ်မှတ်တမ်း


Bulletin of Ethnic Studies
No.2

February 2019

မျက်နှာဖုံးနှင့်
အတွင်းဒီဇိုင်း - mmlwin

ထုတ်ဝေသူ -
ဦးရဲဟိန်းအောင် (Jetty 2O1 Media/ အမှတ် - ၀၂၁၁၈)
အမှတ်(၂၆/၂၈) ၊ ၅ လွှာ၊ ၅၂ လမ်း၊ အောက်ဘလောက်၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့။

ပုံနှိပ်တိုက် -
ဗမာအမျိုးသမီးပုံနှိပ်တိုက်၊ ဦးချစ်ရီလေး(၀၀၀၂၆)
အမှတ် - ၂၊ မင်းနန္ဒာလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့တွင်ရိုက်နှိပ်သည်။

တန်ဖိုး - ၂၀၀၀ ကျပ်

အုပ်ရေ - ၁၀၀၀

Myanmar Cultural Research Society

# မာတိကာ


အမှာစာ ၄

တနင်္သာရီမြို့မှ လူကျား ကခြင်းဓလေ့
တက္ကသိုလ်သန်းစိုးဝင်း ၅

လူကျား
ဝင်းထိန် (ပုလော) ၈

ကျား
ရွှေမြိတ်မောင် ၁၂

Role and Functions of Tiger Dance in Palaw Township, Tanintharyi Region
*Naing Soe* ၁၇

ဝလူမျိုးတို့၏ကျွဲခေါင်းနှင့် သစ်စည်သင်္ကေတ၏အဓိပ္ပာယ်
အောင်နီဦး ၂၅

သိပ္ပံနည်းကျ လေ့လာမှုအနှစ်ချုပ်
အောင်နီဦး ၂၇

စတစ်သွမ်ဆန်၏
ကျေးလက်စာပေ အကြောင်းအရာအညွှန်း
အောင်နီဦး ၂၉

အစ္စလာမ်နှင့် အကြမ်းမဖက်လှုပ်ရှားမှု
နိုင်အောင်မင်း ၄၀

အရှေ့တောင်အာရှ လေ့လာရေးတွင်
အလွှမ်းမိုးဆုံးသော စာအုပ်များ
ရဲဟိန်းအောင် ၅၂

# အမှာစာ

မြန်မာနိုင်ငံရဲ့ ပထဝီအနေအထားက မြေပြန့်ဒေသတွေရော၊ ကုန်းမြင့်တောင်တန်းဒေသတွေပါ ပေါင်းစပ်ပါဝင်နေပါတယ်။ ဒီဒေသတွေမှာ နေထိုင်ကြတဲ့ လူမျိုးစုပေါင်းများစွာရှိပြီး မတူညီတဲ့ ယဉ်ကျေးမှု၊ သမိုင်းနောက်ခံ၊ ဘာသာစကားနဲ့ ကိုးကွယ်ယုံကြည်မှုတွေ ရှိကြပါတယ်။ ဒီလူမျိုးစု အသီးသီးမှာ သူတို့ရဲ့ ဓလေ့ထုံးစံအပေါ် အခြေပြုပြီး ရိုးရာယဉ်ကျေးမှုပွဲတော်ချိန်တွေမှာ သီဆိုတီးမှုတ်ကခုန်မှုတွေ ရှိကြပါတယ်။ စုံလင်ကွဲပြားပြီး ဒီလိုမတူညီမှုတွေ ပေါင်းစည်းထားတဲ့ လူ့အဖွဲ့အစည်းမှာ လူမျိုးစုတွေကြား အချင်းချင်းရဲ့ ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာတွေကို သိရှိနားလည်ဖို့ လိုအပ်ပါတယ်။ ဒီလိုနားလည်ခြင်းဟာ ယဉ်ကျေးမှုပေါင်းစုံယှဉ်တွဲတည်ရှိတဲ့ လူ့အဖွဲ့အစည်းကို ထူထောင်ရာမှာ အထောက်အကူပြုနိုင်ပါတယ်။

လူဦးရေအနည်းအများ၊ နေထိုင်ရာဒေသအခြေအနေ၊ ဘာသာစကားမတူညီမှုတွေဟာ တခါတခါမှာ လူမျိုးစုတွေရဲ့ ရပိုင်ခွင့်၊ တည်ရှိပိုင်ခွင့်တွေနဲ့ ပတ်သက်လာရင် အငြင်းအခုံ ဖြစ်စေနိုင်ပါတယ်။ မြန်မာနိုင်ငံက လည်း ဒီလိုပြဿနာတွေနဲ့ ရင်ဆိုင်နေရဆဲ အခြေအနေတစ်ခုပါ။ ဒီကြားထဲ လူဦးရေများပြားပြီးအုပ်ချုပ်ရေးဆိုင်ရာ ဩဇာကြီးမားတဲ့ လူမျိုးစုတစ်ခုက အခြားအခြားသော လူမျိုးစုတွေအပေါ် နိုင်ငံရေးနဲ့ ယဉ်ကျေးမှုအရ ဝါးမျိုလွှမ်းမိုးဖို့ ကြိုးစားနေခြင်းကလည်း မြန်မာနိုင်ငံမှာ ယဉ်ကျေးမှုပေါင်းစုံ ယှဉ်တွဲတည်ရှိတဲ့ လူ့အဖွဲ့အစည်းကို ထူထောင်ရာမှာ အဟန့်အတားဖြစ်စေပါတယ်။ ကိုယ့်လူမျိုးရဲ့ ယဉ်ကျေးမှုနဲ့ အခြားသော လူမျိုးစုအသီးသီးရဲ့ယဉ်ကျေးမှုတွေကိုပါ တန်ဖိုးထားမှုတွေ အလေးထားပြီး အားလုံးတန်းတူမှုရှိတဲ့ လူ့အဖွဲ့အစည်းဖြစ်ထွန်းရေးဟာ မြန်မာနိုင်ငံမှာ တည်ရှိနေထိုင်ကြတဲ့ လူမျိုးစုအားလုံးရဲ့ လိုအင်ဆန္ဒလို့ ယေဘုယျ သတ်မှတ်နိုင်ပါတယ်။

အခက်အခဲတစ်ခုအနေနဲ့ လူမျိုးစုသတ်မှတ်ချက်တွေကို ဘောင်တွေ စည်းမျဉ်းတွေ သတ်မှတ်ပြီး လူမျိုးစုတွေလျော့နည်းလာအောင် (ဒါမှမဟုတ်) အစိတ်စိတ်ကွဲပြားအောင် နိုင်ငံရေးအရသတ်မှတ်ဆောင်ရွက်ခြင်းတွေကို မြန်မာနိုင်ငံ အစိုးရအဆက်ဆက်က လုပ်ဆောင်ခဲ့ပါတယ်။ လုပ်ဆောင်နေဆဲလည်းဖြစ်ပါတယ်။ လူမျိုးစုအသီးသီးက သူတွေကို နိုင်ငံသားအဖြစ်တန်းတူမြင်နိုင်ဖို့က လိုအပ်ချက် တရပ်ဖြစ်ပါတယ်။

Myanmar Cultural Research Society အနေနဲ့ လူမျိုးစုတွေအကြား ယဉ်ကျေးမှုဆိုင်ရာ အမြင်တွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ဖို့ ရည်ရွယ်ချက်နဲ့ လူမျိုးစုလေ့လာရေးစာစဉ်ကို ထုတ်ဝေရခြင်း ဖြစ်ပါတယ်။ အခု စာစဉ်အမှတ် (၂) ထုတ်ဝေနိုင်ဖို့ အဖက်ဖက်က ကူညီကြတဲ့ စာရေးဆရာများ၊ သုတေသီများ၊ မိတ်ဖက်အဖွဲ့အစည်းများနဲ့ MCRS အဖွဲ့သားများအားလုံးကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါတယ် ခင်ဗျာ။



# တနင်္သာရီမြို့မှ လူကျားကခြင်းဓလေ့

တက္ကသိုလ် သန်းစိုးဝင်း

တနင်္သာရီဒေသသည် ရှေးပဝေသဏီ ကတည်းက ပင် ယဉ်ကျေးမှု မြင့်မားခဲ့ကြခြင်း၊ အရှေ့နှင့်အနောက် ပင် လယ်ကမ္ဘာ့ကုန်သွယ်ရေး လမ်းကြောင်း၏ ဆုံမှတ်ဖြတ် လမ်းတိုအပေါ် ရှိခြင်းကြောင့် ယဉ်ကျေးမှုအမျိုးမျိုး အပြန် အလှန် ကူးလူးဆက်သွယ်ခဲ့ပေသည်။ ယနေ့ရှိနေသော ယဉ်ကျေးမှုအားလုံးသည် တနင်္သာရီဒေသနှင့် အံဝင်ဂွင်ကျ ဖြစ်နေသည်ကို တွေ့ရပေ၏။ လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော်က တနင်္သာရီမြို့ဟောင်းမှ တွေ့ရှိရသော လက်ဖဝါး အရွယ်ကျောက်ပြားကလေးပေါ်တွင်ကျားကနေသူနှစ်ဦးပါရှိ သည်။ မျက်မှန်ပါသည် မတွေ့ရပါ။ ဆေးရေးမရှိသဖြင့် တိုက် ခိုက်ဟန်ဖြစ်သော်လည်း ခါးမှာ ကြိုးဖြင့်ချည်ထားသဖြင့် ကျား က နေသည်ဟု သိရပေ၏။ ထို့အပြင် ရှေးခေတ် အခါက တနင်္သာရီပြည်၏ ပိုင်နက်သည် တောင်ဖက်စွန်း ကရကျွန်း ဆက်အထိ ကျယ်ပြန့်ခဲ့၏။ ကရကျွန်းဆွယ်သား (တနင်္သာရီ) အကမှ “ကရကျား”အက၊ “ကလားကျား” အကဟူသော အ ခေါ်အဝေါ် ဖြစ်ပေါ်လာသည်ဟုလည်း ကြားသိဖူးပေ၏။ သို့သော်လည်း တနင်္သာရီတွင် ခေတ်အဆက်ဆက် ကျား အကမပျက်ဘဲ ထိန်းသိမ်းနိုင်သဖြင့် ယနေ့တိုင် မြင်တွေ့နေ ရခြင်း ဖြစ်ပါသည်။ ဤကျားအကသည် မြိတ်မြို့နှင့် ပုလော မြို့တွင်လည်း ရှိပါသည်။

အထက်မြန်မာပြည် တစ်နေရာတွင်လည်း သမန်း ကျားဟူသော လူမှ ကျားစိတ်သွင်းကာ အမဲလိုက်လူ ကျား တစ်မျိုးလည်း ရှိခဲ့ကြောင်း လေ့လာတွေ့ရှိချက်အရ သိရှိရပါ သည်။ ထိုကျားတစ်မျိုးမှာလည်း စိတ်ဝင်စားဖွယ်ကောင်း သကဲ့သို့ အံ့ဩကြောက်မက်ဖွယ်လည်း ကောင်းလှသည်။ ဝမ်းစာအတွက် အမဲလိုက်လိုပါက လူသူရှင်းသော တော တန်း တစ်နေရာအရောက် တစ်ကိုယ်လုံး ဝတ်ထားသော အဝတ်များကို မသိစိတ်မှချွတ်၍ ကျားစိတ်ပေါက်ကာ သားရဲ တိရစ္ဆာန်များအား တကယ့်ကျားတစ်ကောင်ပမာ မာန်ဖီ၍ အမဲလိုက်ကြောင်း သိရှိရပါသည်။ ထိုသမန်းကျားမျိုးမှာ လည်းမျိုးရိုးဗီဇအရဆင်းသက်လာသောလူကျားတစ်မျိုးဖြစ် ကြောင်း သိရှိ ရပါသည်။

မာန်ဖီ၍ အမဲလိုက်ကာ ရလာသော သားရဲတိရစ္ဆာန် များကို ပါးစပ်ဖြင့်ကိုက်ချီ၍ မူလ မိမိကျားစိတ်ဝင်ခဲ့သော နေရာသို့အရောက် မိမိ၏အဝတ်အစားများကို မြင်တွေ့ကာ အနံ့အသက်ရလာချိန်၌ပင်လျှင် လူစိတ် တစ်ဖန်ပြန်လည် ဝင်စားကာ သာမန်လူတစ်ယောက်အနေဖြင့် ရိုးရှင်းစွာ မိမိ အဝတ်အစားများကို ပြန်လည်ဝတ်ဆင်၍ သားကောင်များ ကို သယ်ယူကာ မိမိ၏အရပ်ဒေသသို့ ပြန်လည်သွားလေ့ ရှိကြောင်း လေ့လာသိရှိရပါသည်။ စာရေးသူအရပ်ဒေသရှိ လူကျားများမှာမူ ယင်းကဲ့သို့ ကျားမျိုးမဟုတ်သော သမား ရိုးကျ ကျားတစ်မျိုးဖြစ်ကြောင်း သိရှိရပါသည်။ ဤလူကျား မျိုးမှာ အေဒီ (၁၇) ရာစုခန့်လောက်ကပင် အောက်မြန်မာ ပြည် တောင်ပိုင်း တနင်္သာရီတိုင်းတွင် တည်ရှိနေကြောင်း သိရှိရပါသည်။

တနင်္သာရီမြို့နယ်တွင် ရှိသော ကျားအကများသည် လည်း ကျားစိတ်တစ်လှည့် လူစိတ်တစ်ဖန် ဝင်စားတတ် သော လူကျားတစ်မျိုး ဖြစ်သော်လည်း သမန်းကျားကဲ့သို့ တောထွက် အမဲလိုက်တတ်သော လူကျားမျိုး မဟုတ် ကြောင်း သိရှိစေလိုပါသည်။ တနင်္သာရီမြို့နယ်တွင် ရှိသော



ကျားအကမှာ နှစ်စဉ် တန်ခူးလဆန်းပိုင်းဝင်လျှင် ကလေ့ရှိပါသည်။ တစ်နှစ်တစ်ကြိမ် ကျားက မကပေးနိုင်ပါက ကျားစိတ်ဝင်၍ တောထဲသို့ ဝင်ပြေးကာ သေဆုံးသွားခဲ့ဖူးကြောင်း ရှေးလူကြီးသူမများ၏ စကားမိန့် ရှိခဲ့ဖူးသော်လည်း (၂၁) ရာစုထဲတွင် မရှိတော့ပါ။

တနင်္သာရီမြို့တွင် နှစ်စဉ်ကလေ့ရှိသော ကျားအကမှ စိတ်လှုပ်ရှား၍ ကြောက်လန့်စေသော ကျားအကတစ်မျိုးဖြစ်သည့်အားလျော်စွာပျော်ရွှင်စရာ၊ရယ်စရာလည်းကောင်းလှပါသည်။ ကျားကမည်ဆိုပါက ကျားလုပ်မည့်သူ (၃) ဦး၊ (၄) ဦးထက်မနည်း ရှိရပါမည်။ ထို့နောက် ကျား နောက်ထိန်းအဖြစ် အားကောင်းမောင်းသန် ခွန်အားကြီး၍ တောင့်တင်းခိုင်မာသည့် ယောကျ်ား (၃) ဦး၊ (၄) ဦးခန့် လိုအပ်ပေသည်။ ထို့နောက် ကျားရှေ့တွင် ဟန်ရေးပြကာတောလိုက်မုဆိုး ပြုလုပ်ရန်အတွက် ပေါ့ပါးသွက်လက်၍ သာမန်ကိုယ်လုံးရှိသည့် လူ (၃) ဦး၊ (၄) ဦး လိုအပ်ပေသည်။ မိုးနီစီး (သို့) ကျားစိတ်ပြင်းထန်၍ ရှန်းကန်လာလျှင် ကျား စိတ်အားဖြေလျော့ သွားစေရန်အတွက် ကရမက်လောဘန် ခွက် (၂) ခွက်ကို ကျား၏နာခေါင်းဝတွင် ပေးရှူရပါသည်။ ကျားကပွဲတွင် ပါဝင်သော တူရိယာများမှာ ကျားပုံ (၄) လုံးမှ (၆) လုံးအထိ၊ ကြေးလင်ကွင်း (၁) ချပ်၊ မောင်း (၁) လုံးလည်း ဖြစ်ပါသည်။ မိုးနီဟူသည် မြင့်မြတ်သည်ဟူသော မုနိမှ ဆင်း သက်ပြောင်းလဲလာသော အခေါ်အဝေါ်တစ်မျိုး ဖြစ်နိုင်ပေသည်။

ကျားမကမီ ကျားလုပ်မည့်သူအား ခါးတောင်းမြှောင်အောင်ကြိုက်၍ အင်္ကျီဗလာဖြင့် ကျားတစ်ကောင်ကဲ့သို့ အသွင်ပြောင်းအောင် ဆေးဒါန်းတို့ကို ခံဆေးသုတ်ဆေးတို့ဖြင့်ညလုံးပေါက် မီးဖိုကြီးများဖြင့် ရေးဆွဲကြရပေသည်။ ဆေးရောင် (အနီ၊ အဖြူ၊ အနက်) စသည့် အရောင်မျိုးစုံဖြင့် တစ်ကိုယ်လုံးကို ကျားသဖွယ် ခန္ဓာကိုယ်အနှံ့တွင် အကြောင်းအကျား၊ အစက်အပြောက် လိမ်းခြယ်ပေးရပါသည်။ ထို့နောက် တောလိုက်မုဆိုးအသွင် ပြုလုပ်မည့်သူအား ဂုန်နီအိတ်ကို အင်္ကျီအရှည်ချုပ်၍ သစ်သားဓား၊ သစ်သားသေနတ်တို့ဖြင့် ပြင်ဆင်ထားလေသည်။ ထိုမုဆိုးမှာလည်း မုဆိုးတစ်ယောက်၏ သွင်ပြင်အတိုင်း ရှိစေရန်အတွက် လိုအပ်ပါသည်။ ထို့နောက် ပါဝင်ရမည့်ပစ္စည်းများအား စုဆောင်းကာ တနင်္သာရီကျောက်တိုင်ရှင်၊ တနင်္သာရီ ပြည်ရှင်နန်းတွင် ဝင်ရောက်ဦးခိုက် ကပြပြီးမှ တစ်မြို့လုံးသို့ လှည့်လည်ကပြကြလေ့ရှိသည်။

ကျားက၍ အချိန်ကြာလာသည်နှင့်အမျှ ကျားစိတ်မှာ ပိုမိုပြင်းထန်လာကြောင်း ကိုယ်တိုင်ကျားကသူတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။ ဗုံတီးသံနှင့်အတူ လူအုပ်ကြီး ဝိုင်းအုံလာကြသည်။ ထို့နောက် စက်ဝိုင်းသဏ္ဍာန် လူအုပ်ကြီးအတွင်းတွင် လူကျားများမှာ ကျားတစ်ကောင်ကဲ့သို့ မာန်

ဖီနေသည့် အသွင်အပြင်ဖြင့် တည်ရှိနေသည်မှာ စိတ်လှုပ်ရှားစရာကောင်းလှပါသည်။ အများအားဖြင့် အိမ်ခြေ၊ လူဦးရေများသော နေရာတွင်သာ အကများ၍ လမ်းဆုံလမ်းခွများတွင် လူအုပ်ကြီးများနှင့်အတူ ဆူဆူညံညံ အသံမှာ ကုလားကျားဟူသော လူကျားများကနေသည့် အသွင်အပြင်ဖြစ်လေသည်။ လူအုပ်ကြီးမှာ (၁၀၀) ကျော် (၂၀၀) ခန့် လူအုပ်ကြီးဖြင့် အုတ်အုတ်ကျက်ကျက် ရှိလှပေသည်။

ကျားအကအား တနင်္သာရီမြို့တွင်ရှိသော ကလေး၊ လူကြီးမရွေး စိတ်လှုပ်ရှားခြင်းနှင့်အတူ နှစ်ခြိုက် အားပေးကြကြောင်း တွေ့ရသည်။ ပထမစတင်ကပြသည်နှင့် ကျားပုံများဖြည်းညင်းစွာ တီးခတ်ခြင်းမှသည် တဖြည်းဖြည်း ပြင်းထန်လာသည်။ လူကျားများမှာလည်း ကျားစိတ်ဝင်ကာဖြင့် တစ်ကိုယ်လုံး တုန်ယင်လာသည်အထိ ဖြစ်လာကာ တောတွင်းကျားတစ်ကောင်ပမာ ခွန်အားကြီးမားစွာဖြင့် ရုန်းကန်လှုပ်ရှား၍ ကျားထိန်းအား ဆန့်ကျင် တွန်းကန်လာလေသည်။ မုဆိုးမှာလည်း သိုင်းနင်းကွက်ကျစွာဖြင့် ဓားတစ်ချောင်း သံပုရာသီးတစ်လုံးဖြင့် ဟန်ရေးပြနေပါသည်။ သံပုရာသီး လိမ့်ကျားအကကို ဝါရင့်ကျားသမားများသာ ကပြနိုင်ပေသည်။ တနင်္သာရီမြို့တွင် ဝါရင့် ကျားဆရာကြီးနှစ်ဦးရှိပါသည်။ တောတွင်းကျားတစ်ကောင်၏ ရှေ့တွင် ကျားအား အကွက်ကျကျ တိုက်ခိုက်တော့မည့် မုဆိုး၏ပုံသဏ္ဌာန်မှာ ကြောက်စိတ်မရှိပကတိဖြင့် မျက်ခြည်မပြတ်ဘဲ ကျား၏ မာန်ဖီနေသောအမူအရာကို ဓားတစ်ချောင်းဖြင့် စောင့်ကြည့် နေရပါသည်။ ကျား၏လှုပ်ရှားပုံကို တကယ်ပင် ဂရုစိုက်နေရသည်။ ကျားမှာလည်း မုဆိုးလက်ထဲမှ သံပုရာသီးကိုကိုက်ချီ စားသောက်ရန်အတွက် ကျားထိန်းအား ရုန်းကန်လေသည်။ ကျား၏ရုန်းကန်မှုကို မထိန်းနိုင်၍ လွတ်ထွက်သွားခဲ့လျှင်လည်းကြောက်စရာကောင်းလှပါသည်။

မုဆိုး (သို့) လူအုပ်ကြီးထံသို့ ကျားတစ်ကောင်၏ အသွင်အပြင်ဖြင့် ခုန်ပေါက်ပြေးဝင်ကာ လူများ၏လက် (သို့) ခြေတို့အား အားပါးတရ အသားစများထွက်သည်အထိ ကိုက်ဖြတ်စားတတ်ကြကြောင်း စာရေးသူ မျက်မြင်ကိုယ်တွေ့တွေ့ ရှိခဲ့ဖူးပါသည်။ အချို့လူကျားသည် မိမိကိုယ်မိမိ ပြန်ကိုက်တတ်ကြသည်။ ဤကဲ့သို့ ကျားစိတ်ပြင်းထန်လာပါက ကျားပုံတီးသံကို လျော့ချ၍ ကရမက်လောဘန်ခွက်အား လူကျားနှာခေါင်းဝတွင် တေ့ကာ အခိုးအငွေ့များကို ရှူစေခြင်းဖြင့် ကျားစိတ်များ သက်သာ ပြေလျော့သွားစေပါတော့သည်။ ဤသည်မှာ ချောက်ချား၊ ကြောက်လန့် စိတ်လှုပ်ရှား စရာများဖြစ်ပေါ်စေပါသည်။ အချို့လူကျားများသည်လည်း ကျားစိတ်မဝင်ဘဲ ပရိသတ်ထဲမှ ကျားဖင်နီ၊ ကျားချေးလူး ဟူသော စနောက်သံဘက်သို့ တမင်နောက်ပြောင်ကာ ခြောက်လှန့်ဟန်ဖြင့် ပြေးလိုက်လေသည်။ ထိုသို့ခြောက်လှန့် သည့်အခါ လူအုပ်မှာလည်း တကွဲတပြားစီး ပြေးလွှားရှောင်တိမ်းကြသည်။ နာကျင်စေလိုသော ရည်ရွယ်ချက်အထိ ပြုလုပ်သော အကြောင်းများမဟုတ်ပေ။ ရပ်ကွက်သူ၊ ရပ်ကွက်သားများကလည်း နားလည်လက်ခံကြသည်။ အချို့မှာမူ အိမ်ရှေ့ပြတင်းပေါက်ကလေးမှ မဝံ့မရဲဖြင့် ကြည့်သူကကြည့်၊ တံခါးနောက်မှ မရဲတရဲ ချောင်းသူကချောင်းဖြင့် တစ်နှစ်တစ်ခါ မရိုးနိုင်သော ဓလေ့တစ်ခုပင် ဖြစ်ပါသည်။

တနင်္သာရီမြို့မှ ကျားအကမှာ ရှေးကျသော ယဉ်ကျေးမှုတစ်ခုဖြစ်ကြောင်း သိရှိစေပါသည်။ မြန်မာ့တန်ခူးလဆန်းပိုင်းတွင် (ဒေါင်းတောင်းနီချိန်) ဟူသော အုတ်အုတ်ကျက်ကျက် ဆူဆူညံညံ ရှိနေမည်ဆိုပါက တနင်္သာရီမြို့မှ လူကျားအကများသာ ဖြစ်ကြောင်း လူတိုင်းသိရှိကြပေသည်။ (ဒေါင်းတောင်းနီချိန်) ဟူသော မောင်းသံပုံသံဖြင့် ကနေသည့် ကျား၏ပုံသဏ္ဌာန်မှာ လက်မောင်းကြွက်သား၊ ပေါင်ကြွက်သားများ တောင့်တင်းခိုင်မာ၍ မာန်ဖီနေသော ကျားတစ်ကောင်ပမာ မြင်ရသူ၊ ကြည့်ရသူအဖို့တွင် မည်သည့်စိတ်မှ ထိန်းချုပ်၍မရဘဲ (ဒေါင်းတောင်းနီချိန်) ဟူသောစည်းချက်သံဖြင့် ရင်ဘတ်ထဲမှ နလုံးသည်ပင်လျှင် တဂိုမ်းဂိုမ်းနှင့် ခုန်လာတတ်ကြပေသည်။ ယင်းကဲ့သို့ တစ်အိမ် တစ်အိမ်ထွက်၊ တစ်ရပ်ကွက်မှ နောက်တစ်ရပ်ကွက် စသည်ဖြင့်မောရပန်းရမည်ကိုပင် မသိရလောက်အောင် ကပြသည်က တစ်ကြောင်း၊ ခြောက်လှန့်သည်က တစ်ဖုံဖြင့် နှစ်စဉ် သင်္ကြန်ပွဲတော် နီးကပ်လာချိန်တွင် ကျားက၍ အလှူခံ၍ ရရှိလာသောငွေကို ဘုန်းတော်ကြီးကျောင်းများတွင် လှူ ဒါန်းကြသည်။ ယခုအခါတွင် တနင်္သာရီမြို့တွင် ကျားကသူ (၁၀) ဦးအထိရှိနေပြီး ရှေးနှစ်ပေါင်းများစွာကပင် နှစ်စဉ်မပျက် ထိန်းသိမ်း ကပြနေသည်ကိုလည်း တွေ့မြင်ရပေသဖြင့် ဝမ်းမြောက်ရပေသည်။ ထိန်းသိမ်းသင့်သော တနင်္သာရီ အမွေအနှစ်အဖြစ် ထပ်မံထိန်းသိမ်း မြှင့်တင်စောင့်ရှောက် စေလိုပေသည်။

■

Myanmar Cultural Research Society



# လူကျား

ဝင်းထိန် (ပုလော)

လူ... ကျား

လူမှဖြစ်သောကျား။

ဟုတ်ပါသည်၊ လူမှဖြစ်သောကျား။ လူစင်စစ်မှ ကျား အဖြစ်သို့ ပြောင်းလဲနိုင်သည့် ဖြစ်ရပ်ဆန်းပင် ဖြစ်ပါသည်။

ပုံပြင် ယုံတမ်းစကား မဟုတ်ပါ။ ဒဏ္ဍာရီလည်း မဟုတ်ပါ။ တကယ်ရှိသော လူမှဖြစ်သောကျား၊ ရှေးနှစ်ပေါင်း များစွာမှ ယနေ့ခေတ်ပြောင်း ကာလအထိ တကယ်ရှိသော၊ တကယ် တွေ့နိုင်သော လူကျားများ၊ အံ့ဩစရာ၊ ရှင်မြူးစရာ မယုံနိုင်ဖွယ်ရာ တကယ်ရှိနေသော လူကျားများ။

ယင်းလူကျားများကို မြန်မာနိုင်ငံ တနင်္သာရီတိုင်း တွင် လေ့လာစရာ သုတေသန ပြုဖွယ်များစွာ ရှိသည့်အနက် ထူးဆန်းထွေလာ လေ့လာရမည့်၊ သုတေသန ပြုရမည့် အံ့ဩဖွယ်ကောင်းလှသော လူစင်စစ်မှ ကျားဖြစ်သည့် ဖြစ်ရပ်ဆန်းများပင် ဖြစ်ပေသည်။

## လူကျားအစ မြိတ်ခရိုင်က

လူကျားများအကြောင်းကို မတင်ပြမီ လူကျားများ စတင်ပေါက်ဖွားလာခဲ့သော ဒေသကို ရှေးဦးစွာ ဖော်ပြလိုပေ သည်။ လူကျားများကို ကမ္ဘာတစ်ခွင်တွင် မည်သည့်ဒေသ၊ မည်သည့်အရပ်များ၌မျှ တွေ့နိုင်မည်မဟုတ်ပါ။ သို့သော် လည်း မြန်မာနိုင်ငံ တနင်္သာရီတိုင်း၊ မြိတ်ခရိုင်ဒေသများ၌မူ တွေ့ရှိနိုင်ပါသည်။ ထူးခြားဆန်းပြားစွာဖြင့် ယင်းလူကျားများ ကို မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်များတွင် ယနေ့တိုင်တွေ့ မြင်နိုင်ပါသည်။ အထူးသဖြင့် မြိတ်မြို့ လယ်ကျွန်း၊ ပန်စရာ ရပ်ကွက်တွင် လူကျားများအတွက် သတ်မှတ်ထားသော ဘုရားကျောင်းများနှင့် ကလွင်ရေပုန်းရပ်ရှိ လူကျားများ ပျော် ပါးစွာ ရေကစားနိုင်ရေးအတွက် ရေကန်တစ်ခုကို တည် ဆောက်ထားပြီး "ကျားကန်"အဖြစ် ယနေ့တိုင် သတ်မှတ် ခေါ်ဝေါ်ကြပါသည်။ အဆိုပါ ဘုရားကျောင်းနှင့် ရေကန်တို့မှာ ယနေ့ထက်တိုင် ထိုဒေသတွင် တွေ့ရှိနိုင်ပါသည်။

## လူကျားဖြစ်စဉ်

လူကျားဟု ဆိုလိုက်သည်နှင့် ဒဏ္ဍာရီပုံပြင်ထဲကလို လူစင်စစ်မှ အသားစား တောရဲသတ္တဝါ ကျားဘဝသို့ ကူး ပြောင်းသွားသော ကျားသတ္တဝါမဟုတ်ပါ။ ဂါထာမန္တရား အတတ်ပညာများဖြင့် ဆေးဝါးများ ထိုးနှံပြီး လူစင်စစ်မှာ ကျားသတ္တဝါ ဖြစ်သွားရသည်မျိုး မဟုတ်ပါ။ သမန်းကျား



လည်းမဟုတ်ပါ။ စာရေးသူတင်ပြမည့် လူကျားမှာ အများပြည်သူအားလုံးက လက်တွေ့သဘာဝကျကျ တွေ့မြင်နိုင်မည့် လူ့ဘဝမှ ပြောင်းလဲခြင်းမရှိဘဲ ပန်းချီအနုပညာအတတ်ဖြင့် ကျားပုံသဏ္ဍာန်အဖြစ်သို့ ပြောင်းလဲသွားသည့် လူကျားများ အကြောင်းပင် ဖြစ်ပေသည်။

### ရှေးခေတ် လူကျားများ

ရှေးလွန်လေပြီးသော နှစ်ပေါင်းများစွာ အခါက မြိတ်မြို့နယ်သို့ အာရေဗျတိုင်းရင်းသားများ ပျံ့နှံ့ရောက်ရှိချိန်နှင့်တစ်ချိန်တည်းလိုပင် လူကျားများ စတင်ပေါ်ပေါက်လာခဲ့ပါသည်။ ရှေးအခါက လူကျားအမျိုးအစားတွင် "ကုလားကျား"၊ "မဂိုကျား"၊ "မြန်မာကျား" "တေလေဂူကျား" ဟူ၍ လေးမျိုးရှိပါသည်။ ယခုအခါ ယင်း ၄ မျိုးအနက် မြန်မာကျားများကိုသာလျှင် တွေ့မြင်ရပါတော့သည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က တနင်္သာရီတိုင်း၊ မြိတ်မြို့တွင် နေထိုင်ခဲ့ကြသော မြန်မာ မွတ်ဆလင် အမျိုးသားအချို့တို့က လူကျားဓလေ့ကို စတင် ကျင့်သုံးလာခဲ့ကြပါသည်။ မျိုးရိုးအလိုက် ပြုလုပ်ရသော လူကျားမှာ အစ္စလမ်ဘာသာဝင် ကုလားကျားများဖြစ်ပေသည်။ လူကျားပြုလုပ်လိုသော ပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ မိမိကိုယ်ခန္ဓာကို သန့်ရှင်းစင်ကြယ်စေရန် ရေချိုးရပါသည်။ ဝတ်ဖြူစင်ကြယ် ဝတ်ဆင်၍ သတ်မှတ်ထား သော အဆောက်အအုံတွင် (ဘုရားရှိခိုးကျောင်း) ရက်သတ္တပတ်နေထိုင်ပြီး ဥပုသ်သီလ ဆောက်တည်ရပါသည်။ သား ငါးများလုံးဝမစားသုံးရဘဲ သက်သက်လွတ် စားသုံးရပါသည်။ ရက်သတ္တပတ် ပြည့်ပြီးနောက် ညဦးယံအချိန်တွင် ဥပုသ်မှထွက်ပြီး ရေမိုးသန့်စင်ပြီး သတ်မှတ်ထားသောနေရာတွင် နေရာယူ၍ စောင့်ဆိုင်းနေရပါသည်။ သီလရှိသော လူကြီးများက (ဂေါပကလူကြီး) မိမိတို့ကိုးကွယ်သော ဘုရားရှင်အား ရည်စူး၍ အမွှေးနံ့သာတို့ဖြင့် ပူဇော်ပသ ကြပြီးနောက် လူကျားပြုလုပ်လိုကြသော သူများအား လူကျား အဖြစ်သို့ ပြုလုပ်ဖန်တီးပေးလေတော့သည်။

### လူကျားဘဝ ပြုလုပ်ပုံ

ဂေါပကလူကြီးများက လူကျားအဖြစ် ခံယူလိုကြသော ပုဂ္ဂိုလ်များအား အတွင်းခံဘောင်းဘီတိုမှလွဲ၍ ကျန်အဝတ်အစား အားလုံးကို ချွတ်စေပါသည်။ ပြီးနောက် တစ်ကိုယ်လုံးကို သနပ်ခါးရည်ကဲ့သို့ ပြုလုပ်ထားသော ဆေးဒန်းအရည်ကို လိမ်းကျံပေးရပါသည်။ လိမ်းကျံပေးထားသော

ဆေးဒန်းရည်များ ခြောက်သွေ့သွားပါက ၎င်းအပေါ်တွင် သဘော်ဆေး အနက်ရောင်နှင့် အနီရောင်၊ အဝါရောင်တို့ဖြင့် ထိုသူ၏ တစ်ကိုယ်လုံးအား ပန်းချီဆရာက ကျားကွက်သဏ္ဍာန် ရေးခြယ်ပေးပါသည်။

ရှေးဦးစွာ ခန္ဓာကိုယ်၏ အပေါ်ပိုင်းကို စတင်ရေးဆွဲပြီးမှ အောက်ပိုင်းကို ရေးဆွဲပါသည်။ ထူးခြားသည်မှာ နှုတ်ခမ်းတစ်ခုလုံးကို ချန်လှပ်၍ တစ်ကိုယ်လုံးကို ရေးဆွဲပြီးခါမှ နှုတ်ခမ်းကို နောက်ဆုံးအနေဖြင့် အပြီးသတ်ရေးဆွဲရပါသည်။

နှုတ်ခမ်းကို အပြီးသတ်ရေးဆွဲရာ၌ အထူးပင် အရေးကြီးပါသည်။ ရေးဆွဲနေစဉ် ဂေါပကလူကြီးက ဂါထာ၊ မန္တရားများကို ရွတ်ဖတ်ပေးရပါသည်။ ထိုအခါ ရေးဆွဲခံရသူသည် တစ်ကိုယ်လုံး တုန်လှုပ်လာပြီးနောက် နဂိုမူလ လူစိတ်ပျောက်၍ ကျားစိတ်ဝင်လာပါသည်။ (နှုတ်ခမ်းကို သဘော်ဆေး အနီဖြင့် ရေးဆွဲသည်ကို ဒေသအခေါ်အားဖြင့် အဆိပ်တင်သည်။ (ဝါ) ကျားစိတ်သွင်းသည်ဟု ခေါ်ကြသည်။

လူစိတ်ပျောက်၍ ကျားစိတ်ဝင်လာပြီး ကျားသတ္တဝါ အော်ဟစ်သကဲ့သို့ အော်ဟစ်ကာ အနီးရှိလူများကို လည်းကောင်း၊ မိမိ၏လက်များကို လည်းကောင်း ကိုက်ဆွဲတတ်ပါသည်။ (ဤကဲ့သို့ ကျားစိတ်ဝင်သည်ကို "မူးလူစီးသည်"ဟု ခေါ်ကြပါသည်) ကျားကွက်သဏ္ဍာန် ရေးဆွဲပြီးပါက ကျားခေါင်းသဏ္ဍာန် ချုပ်လုပ်ရေးဆွဲထားသော ဦးထုပ်ကို ဆောင်းရပါသည်။ ထိုဦးထုပ်တွင် ကျားခေါင်းပုံကဲ့သို့ တူညီစေရန် ပန်းချီဆရာက ရေးခြယ်ထားပါသည်။ ကျားအသွင် ကျားကွက်များ ဖော်၍ ရေးခြယ်ထားသည့် ပုဂ္ဂိုလ်ကို လူကျား (ဝါ) ကုလားကျားဟူ၍ ခေါ်ဆိုကြပါသည်။ လူကျားတစ်ဦးတွင် ချုပ်ကိုင်ရန် သန်မာထွားကြိုင်းသော လူတစ်ဦးကျ လိုက်ပါရပါသည်။ ထိုပုဂ္ဂိုလ်ကို "ကျားဆွဲ"ဟူ၍ ခေါ်ပါသည်။

**ကျားကခြင်း**

ရှေးအခါက မြိတ်မြို့တွင် နေထိုင်ကြသော မြန်မာမွတ်ဆလင် အမျိုးသားအချို့တို့က နှစ်စဉ်နှစ်တိုင်း တစ်ဆယ့်နှစ်လတွင် ပထမလဖြစ်သော မိုဟာရမ်လ (ဇန်နဝါရီလ) တွင် ရိုးရာပွဲတော်အဖြစ် သတ်မှတ်ပြီး ကျားကပွဲများ ပြုလုပ်ကျင်းပကြပါသည်။ လူကျားများ ကရာတွင် အထူးလိုအပ်သော



ပစ္စည်းများမှာ ဒေါလာခေါ်ဒဟစ်ဆိုသည့် တဘက်ပိတ်ဗုံများ ဖြစ်ကြပါသည်။ မြို့တွင်းသို့ လှည့်လည်၍ ကပြသောအခါ ဒေါလာခေါ်ဒဟစ်ဆိုသည့် တဘက်ပိတ်ဗုံများကို တီး ခတ်ကြပါသည်။ ထွက်ပေါ်လာသော ဗုံသံမှာ "ဒေါင်းဒေါင်းနီ ချိန်း" "ချိန်းချိန်းနီဒေါင်း"ဟူ၍ အပြန်အလှန် ထွက်ပေါ်လာစေရန် တီးရပါသည်။ အဝေးမှအသံကို နားထောင်ရလျှင် နိုင်ငံ ခြားရုပ်ရှင်ကားများမှ လူရိုင်းတို့တီးခတ်၍ ထွက်ပေါ်လာသည့် အသံကဲ့သို့ပင် ဖြစ်ပါသည်။

လူကျားများကပုံမှာ ထူးခြားလှပါသည်။ ဒေါင်းဒေါင်းနီချိန်း၊ ချိန်းချိန်းနီဒေါင်း ဟူသောအသံများနှင့် အတူ ကျားကသူက လက်ကိုထောင်၍ ကျားသတ္တဝါ မာန်ထသကဲ့သို့ စည်းချက်ညီညီ မြိုင်မြိုင်ဆိုင်ဆိုင် ကခုန်ရပါသည်။ လူကျားများသည် စည်းချက်ညီညီ ကခုန်ရပြီးနောက် တဖြည်းဖြည်း ကျားစိတ်ဝင်လာကာ တစ်ကိုယ်လုံးတုန်လှုပ်၍ ကျားသတ္တဝါ အသွင်ဖြင့် အခြားသတ္တဝါတစ်ကောင်အား ဖမ်းဆီးခုန်အုပ်ဟန်သဏ္ဍာန်လုပ်၍ ကသကဲ့ ကခုန်နေရာ ကြည့်ရှုရသူ အပေါင်းမှာ အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြင့် အသည်းယားဖွယ်ရာ ခံစားရပါသည်။ ဤကဲ့သို့ ကျားစိတ်ဝင်လာသည်ကို "မူးလူစီး"သည်ဟု ခေါ်ပါသည်။ ထိုကဲ့သို့ မူးလူစီးလျှင် လောပန်ဖြင့် မှိုင်းတိုက်ပေးရပါသည်။

ယခုအခါ ကျားကခြင်းဓလေ့ကို မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်များတွင် မြန်မာအချို့တို့က လက်ခံထိန်းသိမ်းကာ နှစ်စဉ်နှစ်တိုင်းမြန်မာသင်္ကြန်နေ့များတွင် လူကျားကခုန်ကြပါသည်။ မြန်မာတို့ ကျားကခြင်းအမှုမှာ ဘာသာရေးအရ ဓလေ့ထုံးတမ်းစဉ်လာ ကိုးကွယ်မှုမဟုတ်ကြဘဲ၊ ဘုရားကျောင်း ကန်များအတွက် ရန်ပုံငွေရရှိစေရန် အလို့ငှာ အလှူခံ ထွက်ကြခြင်း ဖြစ်ပါသည်။

ကျားကခြင်းဖြင့် မြို့လူထုကလည်း တခြားသော အလှူခံများထက် စိတ်ဝင်စား ကြိုက်နှစ်သက်ကာ အလှူငွေများကို ပိုမိုထည့်ဝင်ကြပါသည်။ အလှူငွေများ ပိုမိုရရှိသည်ကို အလေးထားကြ၍ နှစ်စဉ်နှစ်တိုင်း မြန်မာသင်္ကြန်နေ့များတွင် မြန်မာများက လူကျားကခုန်ခဲ့သည်မှာ ယနေ့ခေတ်တိုင်အောင်ပင် ဖြစ်ပေသည်။

မြန်မာများ ကျားကဟန်မှာ စိတ်တက်ကြွဖွယ်ရာ ကောင်းလှပါသည်။ ကသူက သားကောင်ငယ်များကို ဖမ်းဆီးဟန် ကခုန်ပြီး ကျားရှေ့တွင် လူလုပ်မုဆိုးများက သစ်သားဖြင့် ပြုလုပ်ထားသော ဓားလုံလေးမြားတို့ကို ကိုင်စွဲ၍ ကျားကို ထိုးဟန်၊ ခုတ်ဟန်၊ ပစ်ဟန် ပြုလုပ်ပုံမှာ အထူးပင် ထူးထူးခြားခြား မျိုးမျိုးကွြားကွြားဖြင့် ကြည့်ရှုရသူအပေါင်း၏စိတ်ကို တက်ကြွလာစေသည်အထိ ဆွဲဆောင်မှုရှိပါသည်။

**မှတ်တမ်းတင်ထိုက်သည့် ကျားကပွဲ**

မြန်မာများ ကျားကခြင်းဓလေ့သည် ရှေးအခါမှစ၍ တနင်္သာရီတိုင်းတွင် မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ လက်ခံကျင့်သုံးလာခဲ့ရာ၊ ယနေ့ အချိန်အခါထိပင်ဖြစ်ပါသည်။ မြန်မာများအတွက် ကျားကခြင်းသည် ကိုးကွယ်သည့် ဘာသာဓလေ့အရ မဟုတ်ဘဲ ဇာတိသွေး၊ ဇာတိမာန် တက်ကြွလာစေရန် လှုံ့ဆော်သည့်အကဖြစ်ပြီး ရန်ပုံငွေ ပိုမိုရရှိနိုင်ရေးကို ရှေးရှု၍ ကျားကခြင်းအမှုကို မြန်မာသင်္ကြန်နေ့များတွင် ကခုန်ခြင်းဖြင့် အလှူငွေများကို ကောက်ခံကြပါသည်။ သို့ကြောင့် မြန်မာများ ကျားကခြင်းဓလေ့ကို နောင်လူတို့ တွေ့မြင်နိုင်ရေးအတွက် စာရေးဆရာများ၊ သုတေသီများက မှတ်တမ်းတင်ထားသင့်ပါကြောင်း အကြံပြု ရေးသားတင်ပြအပ်ပါသတည်း။

ဝင်းထိန် (ပုလော)

■



# ကျား

ရွှေမြိုတ်မောင်

"ကျား" တောထဲကကျား။

တောထဲကကျားကို လူတိုင်းပင် သိကြလေသည်။ ကျား၏အကြောင်းကို ကလေးလူငယ်များပင် စာသင်ကျောင်းများ၌ ဆရာများက သင်ကြားလေ့လာခြင်းကြောင့် ကျား၏အကြောင်းကို အတော်သိပြီး ဖြစ်ကြလေသည်။ ကျားမှာ တောထဲ၌သာရှိ၍ မြို့ထဲလူထဲ၌ကား မရှိတန်ရာ၊ မြို့နေ လူတောထဲ၌ ကျားရှိသည်ဟုဆိုလျှင် ဒဏ္ဍာရီပုံဝတ္ထု ပမာ၊ ယုံတမ်းစကား ဖြစ်ကောင်း ဖြစ်နေချေမည်တမုံ့။

သို့သော် မြို့ထဲ၌ လူကျားများ ရှိနေပါသည်ဟု ယခုစာကိုရေးနေသော ဆောင်းပါးရှင် ကျွန်တော်က ဆိုခဲ့လျှင် တိုင်းပြည်က အဆန်းထင်ကောင်း ထင်မိကြပေလိမ့်မည်။ အမှန်ဘုရားစူး၊ မြို့ထဲနေ လူကျားရဲများကို ကျွန်တော်ကိုယ်တွေ့ မျက်မြင်တွေ့ဖူးပါသည်။ ထိုကျားများမှာ လူကျားများဖြစ်ပြီး တောထဲကကျားနှင့်မခြား ကျားစိတ် ကျားမာန်ရှိသူများဖြစ်ပါသည်။ ထိုကျားများကို တစ်နှစ်လျှင် တစ်ကြိမ်ကျ မြိတ်မြို့၌ တွေ့မြင်ရပါသည်။ မယုံလျှင် လာကြည့်ပါက တပေါင်း၊ တန်ခူး မိုးသားကြူးတိုင်း မြိတ်မြို့တွင် လူကျားများထနေပါသည်။ ထိုလူကျားများမှာ တောထဲက သဘာဝကျားရိုင်းကြီးများထက်ပင် ပိုမို၍ စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်ကို တွေ့ရပါသည်။

ဤသည့် အကြောင်းရပ်များကြောင့် အနီးဆောင်းပါးကို ပြည့်ပြည့်စုံစုံ ရေးသားပြီး တိုင်းသူပြည်သား ရှင်လူအများဗဟုသုတ ရစိမ့်သောငှာ မြို့ထဲမှ လူကျားများ၏အကြောင်းကို ယုံကြည်တော်မူနိုင်ကြစေရန် တင်ပြခြင်း ပြုလိုက်ပါသည်။

**မြိတ်မြို့မှ လူကျားများ**

ထိုလူကျားများကို မြန်မာအစွန်း မြိတ်မြို့၌ တစ်နှစ်လျှင် တစ်ကြိမ်ကျ ကောင်းစွာ တွေ့မြင်ရလေသည်။ ထိုလူကျားရဲကြီးများသည် နှစ်သစ် မကူးမီအတွင်း မြိတ်မြို့၌ နှစ်တိုင်းပင် အတွဲလိုက်, အအုံလိုက် ပြန့်နှံ့ကာ မြို့တွင်းမြို့ပြင် ဥဒဟို လှည့်လည်သွားလာ နေကြလေသည်။ ထိုကျားရဲများ၏ နောက်တွင် ကျားထိန်းသမားများနှင့် မုဆိုးများလည်း ပါရှိပြီး ကလေးသူငယ်များနှင့် လူကြီးများပါ စုအုံ၍ တဟီးဟီး တဟားဟား လိုက်ပါနေကြလေသည်။





ကျားရဲကြီးများ လမ်းသလားလာကြရာတွင် လူအုပ်ကြီးများသည် ဟီးခနဲ – ဟားခနဲ ထွက်ပြေးကြခြင်း၊ စုရုံး၍ လာကြခြင်းများဖြင့် လွန်စွာ စည်ကားနေလေသည်။

"ဒေါင်းတောင်း နီချိန် နောင်" ဟူသော မြည်သံများမှာလည်း ကျားရဲကြီးများနှင့်အတူ ပါရှိနေပြီး ထိုအသံကို ဝေးကွာသောအရပ်မှပင် ကြားနိုင်လေသည်။ လူကျားကြီးများသည် ဆိုင်းချက်အရ ကျားကွက်နင်းပြီး သွားနေကြကာ ကျားကဲ့သို့ ယိမ်းကနေကြရာတွင် တစ်ကိုယ်လုံး ညစ်ထေးစွာနှင့် ဆင်မြန်း၍ထားသော မုဆိုးများက ကျားများ၏ရှေ့မှ သေနတ်များဖြင့်လည်းကောင်း၊ ဓားများဖြင့်လည်းကောင်း ချိန်ရွယ်ကာ လူကျားများ စိတ်ဆိုးစေရန် ဖန်တီးကြလေသည်။ လူကျားများ၏နောက်တွင် ကျားမြီးဆွဲခေါ် ကျားဦးစီး သို့မဟုတ် ကျားထိန်းများသည် လူကျားများ၏ခါးမှ သံကြိုးများကို ကိုင်ပြီး ကျားများကရာတွင် တင်ပါးဆုံနှစ်ခု၏ အကြား သို့ ဒူးကို သွင်းပြီး ကျား၏အမြီးကိုဆွဲကာ တအားထိန်းထား ရလေသည်။

## လူကျားများအကြောင်း

ထိုလူကျားများမှာ မျိုးရိုးခေါ် ရိုးရာလိုက်ပြီး ဖြစ်ပေါ်ခဲ့သော လူကျားများဖြစ်ပြီး ထူးဆန်းပုံမှာ မြန်မာပြည်အဝှမ်းမည်သည့်မြို့ရွာတွင်မှ မရှိဟု ကြားသိရပေသည်။ မျိုးရိုးမှ ဆင်းသက်၍ လာခဲ့သော အနီလူကျားများသည် တစ်နှစ်တစ်ကြိမ် ကျားဆေးများရေးပြီး ကျားကဲ့သို့ နှစ်စဉ်ကပေးရလေသည်။ မကပေးပါက ရောဂါဝေဒနာကြီးများနှင့် ကျားစိတ်ပေါက်ပြီး တောထဲသို့ ဝင်ပြေးတတ်ကြောင်း အဆိုရှိသည်။ ကျွန်တော်တို့သည် တစ်ကြိမ်တစ်ခါမျှ တောထဲသို့ လူစင်စစ်က ကျားစိတ်ပေါက်ပြီး ဝင်ပြေးသည်ကို မမြင်ဖူးသေးသော်လည်း ရှေးအခါကပင် ပြေးဖူးကြောင်း အဆိုရှိပါသည်။ ဤသို့ပင်လျှင် မိဘရိုးရာလိုက်ပြီး ဆင်းသက်လာမှုကြောင့် မြိတ်မြို့တွင် အလွန်ထူးဆန်းသော လူကျားများ ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်ကြောင်းကို သိရသည်။ ၎င်းလူကျားများသည် နှစ်စဉ်နှစ်တိုင်း တစ်နှစ်တစ်ကြိမ်ကျ ကျားကိုးကွယ်သူချင်း စုပေါင်းပြီး ကျားပွဲများပြုလုပ်ကာ ကျားကပေးနေရသော အလေ့ကြီးမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀ ကျော်မှစ၍ မြိတ်မြို့၌ တည်ရှိခဲ့ကြောင်း သိရလေသည်။

## ကျားနတ်ဝင်ခြင်း

မြိတ်မြို့၌ လူကျားများကို ဖန်တီးပုံမှာ မိဘရိုးရာခေါ် ကျားရိုးရာရှိသော လူများသည် တစ်နှစ်တစ်ကြိမ်ကျ စုရုံးလျက် တစ်ပွဲလျှင် ငွေ ၁၅၀ိ/ နှင့် ၂၀၀ိ/ မျှ အကုန်ခံကာ ကျားပွဲများ ပြုလုပ်ကြရလေသည်။ ထိုကျားပွဲများ ပြုလုပ်ရာ၌ ရိုးရာရှိသော သူများသည် ဆေးထန်းများဖြင့် ကျားရုပ်ရေးပြီးနောက် ကျားဆိပ်တင်ကာ ကျားနတ်ကိုး၍ ကျားက၊ ကကြခြင်းဖြစ်လေသည်။ ကျားဆေးကိုကျားဆေးရေးဆရာများက ကြီးမှူးပြီး ကျားလုပ်မည့်လူကို လန်ကွပ်တီခတ်၍ အရှက် လုံရုံမျှ ထားပြီး တစ်ကိုယ်လုံး ဆေးထန်းအဝါကြီးကို ၃ – ထပ် မျှ တစ်ထပ်ပြီးတစ်ထပ် သုတ်လိမ်းပေးသည်။ ထိုဆေးမှာ အောက်ခံဖြစ်၍ သွေ့ခြောက်၍သွားပါက ဆေးမဲများဖြင့်ကျားကွက်ဖော်ပြီး အနီစင်းနှင့် အဝါစင်းများကို ကျား၏ အကွက်အတိုင်းဖော်ကာ ရေးပေးရလေသည်။ ကျားရေးခံရသူမှာ ဆေးထန်းများကြောင့် အလွန်ပင် ပူအိုက်လှကြောင်း သိရလေသည်။ ထို့နောက် နားရွက်တိုနှစ်ခုပါသော ကျားခေါင်းစွပ်ကို စွပ်ကာ ကျားနတ်တင်၍ ဆေးများဖြင့် စီရင်ထားပြီးသော အလွန်နီရဲသည့် ဆေးနီဖြင့် လူ၏ရုပ်ကို ကျားနာရုပ်ပမာ အဆိပ်တင်ပေးရလေသည်။ အဆိပ်တင်ပေးရသည် ဆိုသည်မှာ နာရုပ်ကို ဆေးနီဖြင့် သုတ်ပေးခြင်းပင်ဖြစ်လေသည်။

## ကျားရဲကြီးစင်စစ်ဖြစ်ခြင်း

ထိုကဲ့သို့ အဆိပ်တင်ပေးပြီးသည့်နောက် လူဘဝမှသည် ကျားရဲကြီးဘဝသို့ ရောက်ရှိခဲ့ပြီးနောက် တောထဲက ကျားရဲကြီးနှင့်မခြား ကျားစိတ်ကျားဟန်ပေါက်ကာ ကျားရဲ

ကြီးစင်စစ် ဖြစ်သွားလေသည်။ ကျွန်တော်သည် ဤဆောင်းပါးကို ရေးသားရန်အတွက် ကျားဆေးရေးနေကြသည့် အချိန်မှစပြီး အဆိပ်တင်၍ ကျားရဲကြီးဖြစ်သွားသည့်အထိ အစအဆုံး ကြည့်ရှုလေ့လာခြင်း ပြုခဲ့ပါသည်။ ပထမကျားရေးခံရမည့် သူသည် ဆေးထန်းများ သုတ်နေချိန်တွင် အလွန်တရာပျော်ရွှင်နေသော ဟန်ကိုပြ၍ ကျားကွက်များဖော်ပြီးသောအချိန်တွင် ငေးငေးမှိုင်မှိုင်နှင့် မရယ်မပြုံး ဖြစ်နေတော့သည်ကို တွေ့မြင်ရသည်။ နေထိုင်မကောင်း၍လည်းကောင်း၊ စိတ်လက်မကောင်း၍လည်းကောင်း ငေးမှိုင်နေဟန်ဖြင့် ရှိသည်။ ၎င်းတို့၏မျက်နှာနှင့် အင်္ဂါရုပ်များမှာလည်း လူကဲ့သို့ ဆင်ပြင်ထားစဉ်ကနှင့် မတူတော့ဘဲ ထူးခြားသောအသွင်ကို ဆောင်၍ ခက်ထန်၍ နေကြပေတော့သည်။



## ကြောက်မက်ဖွယ်ရာ ဖြစ်လာပုံ

ကျားဆေးများ အကုန်လုံး ရေးသားပြီးသည့်နောက် ကျားဆရာကြီးသည် ကျားများကို အဆိပ်တင်ရန် (၀) လူစိတ်မှ ကျားရဲကြီးစိတ်သို့ သွင်းပေးရန် လူများကို စုရုံးရလေတော့သည်။ ထိုကဲ့သို့ စုရုံးရသည့် လူများမှာ -

(၁) ကျားမြီးဆွဲ (၂) ကျားလက်နှစ်ဖက်ကို ဆွဲထားရန် နှစ်ယောက် (၃) ခြေနှစ်ဖက်ကို တုပ်ကိုင်ထားရန် နှစ်ယောက် (၄) လောဇန်ခွက်ကိုင်သမား နှစ်ယောက် (၅) သတိပေးနေရန် လူတစ်ယောက် (၆) အကူအညီအရံ လေးယောက် ပေါင်း လူပေါင်း (၉) ယောက် လိုလေသည်။ ထိုလူများ စုံလင်၍ အဆင်သင့်တုပ်နှောင်ထားပြီးသော အချိန်တွင် ဆရာက အဆိပ်တင်ပေးရန် ဆေးခွက်ကိုကိုင်ပြီး ကျား၏မန္တန်ကို ကျူးရင့်၍ စုတ်နှင့် ချိန်တော့သည်။ ထိုအခါ၌ မှုန်သုန်၍နေသော လူကျားကြီးသည် ကြောက်မက်ဖွယ်ရာကောင်းအောင် ခက်ထန်သောအသွင်ဖြင့်ရှိလာတော့ပြီးနောက်အချို့မှာ အဆိပ်မတင်မီပင် စုတ်ရှယ်ရုံနှင့် ကျားစိတ်ပေါက် သွားပြီး ကျားကဲ့သို့ အော်မည်ကာ ဟုန်းခနဲ နီးရာလူကိုဖမ်း၍ ကိုက်တော့သည်။ ထိုအခါ၌ တုပ်နှောင်သူများ အထူးသတိထားရန်လိုပြီး သတိပေးသူက ဦးခေါင်းကို ပုတ်၍ ပုတ်၍ အမည်ကိုခေါ်ကာ သတိပေးနေရလေသည်။ ထိုကဲ့သို့ ကျား စိတ်ပေါက်သွားသော သူသည် နီးရာလူကို မကိုက်မိပါက မိမိကိုယ်နှင့် တွေ့ကရာကို တမီ ကိုက်စားဝါးမျို ပစ်တတ်ပေရာ ကျားမြီးဆွဲနှင့် တုပ်နှောင်ကြသူများသည် ကျားတစ်ကိုယ်လုံး လေထဲ၌မြောက်လျက်သား လွင့်ပါနေအောင် ချီတင်၍ထားနိုင်မှ တော်ရုံကြပေတော့သည်။ ထိုအခါ၌ အဆိပ်တင်ခြင်းခေါ် ကျားအသက်သွင်းပေးမည့် ကျားဆရာကြီးပင်လျှင် ခြေလှန်းတွန့်ပြီး မရဲတရဲ အဆိပ်တင်၍ နေသည်ကို တွေ့မြင်ရလေသည်။ ဤသည့်အချိန်မှစ၍ လူစင်စစ်မှ ကျားစိတ်များပေါက်ကာ လူကျားရဲကြီးများ ဘ၀သို့ ရောက်ရှိကုန်ကြလေတော့သည်။



ကျားပွဲတစ်ပွဲတွင် ကျားလေးကောင်မှ ကျားသားငယ် နှစ်ကောင်၊ မုဆိုး နှစ်ယောက်၊ ကုလားဗုံ ၆ လုံးမှ ၈ လုံးအထိ ပါရလေသည်။ နွား၏သားရေများဖြင့် ပြုလုပ်ထားကြသော ကုလားဗုံကို ဒေါလာဟူ၍ ခေါ်ကြလေသည်။ ဤသည်နောက် ချီချဉ်ပွဲများနှင့် ကျားနတ်ကြီးကို ကိုးကွယ်ကြရ သည်

ဟုဆိုသည်။ ထိုသည်နောက် မြို့လုံးပတ် လည် ၃ ရက်တိတိ လှည့်လည်ပြီး ကကြလေတော့သည်။ ကျားနတ်စီး၍ ကျားစိတ်များ အပြင်းအထန် ပေါက်နေချိန် တွင် လောဖန်ခေါ် အမွှေးနံ့တစ်မျိုးကို ကျား၏နှာဝမှ တေ့၍ မှုတ်သွင်းပေးခြင်းဖြင့် လူစိတ်သို့ ပြန်လည်ရောက်ရှိစေလေ သည်။ ဤကဲ့သို့ ကျားနတ်ဝင်စီးခြင်းကို မိုးနီစီးသည်ဟူ၍ အသိအမှတ်ပြုကာ ခေါ်ဆိုကြလေသည်။ အနီးကျားပွဲကို မြိတ်မြို့တွင် အမျိုးသမီးများနှင့် ကလေးသူငယ်များ အထူး ကြောက်ရွံ့ပြေးလွှားကြပြီး ထိုကျားပွဲကိုလည်း မကြည့်ဘဲ မနေနိုင်ကြပေ။

ကျားရေးပြီး ကျားကနေကြသူများသည် အရည်များကိုသာ ပိုက်နှင့်စုတ်၍ သောက်ရပြီး အခြားသော အစာအာဟာရများကို မစားကြရတော့ပေ။ ထိုကျားပွဲကို ကုလားကျားပွဲဟူ၍ ကင်ပွန်းတပ်ကြပေတော့သည်။

**ကျားရာဇဝင်**

ထိုကဲ့သို့ ကျားကိုးကွယ်ကြသူများ၏ ကျားပွဲရာဇဝင်ကို စုံစမ်းသိရှိရသည်မှာ ရှေးရှေးတုန်းက ဒဏ္ဍာရီပုံဝတ္ထုနှင့် တူနေသော်လည်း ကျားပွဲ၏ သက်သေခံ အထောက်အထားများက ယနေ့တိုင် ကျန်ရှိသေးသည်နှင့် အောက်ပါကျားပွဲရာဇဝင်တစ်ရပ်ကိုပါ သိမှတ်ထားနိုင်ကြစေရန် ဖော်ပြရေးသားခြင်း ပြုအပ်ပါသည်။

**မဟာမေဒင်ညီအစ်ကို**





ရှေးလွန်လေပြီးသော နှစ်ပေါင်း ၂၀၀ ကျော်ခန့်က မြိတ်မြို့တွင် ဇာဦးရှိန်နှင့် ဇာမန်အမည်ရှိသော မဟာမေဒင်ညီအစ်ကိုနှစ်ဦး ရှိသည် ဟူသတတ်။

နေရာဌာနကား ယခုတောကျောင်းနှင့် မင်းကျောင်းတောင်ကြားကိုဖြတ်၍ ထားသော တောင်ကြားလမ်းအလွန်ဆေးရုံသို့တက်မည့် ကျောင်းငယ်လမ်းအကွေ့ လမ်းဆုံရေတွင်းတွင် ရှိကြသည်ဟူ၏။ ၎င်းတို့မှာ စိုက်ပျိုးခြင်းနှင့် တံငါအလုပ်ကို လုပ်ကိုင်စားသောက်နေကြပေရာ အခါတပါးတွင် ညီအစ်ကိုနှစ်ဦး နေအိမ်မှ ပျောက်သွားကြသည်ဆို၏။ ထိုအခါ၌ အိမ်သူအိမ်သား ကျန်ရစ်ကြသူများသည် အချိန်တန် ၍ ပြန်မလာကြသည်နှင့် တောထဲမှယင်းမခေါ် တောသူရဲမကြီးများက လှည့်ဖြားသွားလေသည် အထင်နှင့် တကြော်ကြော် လိုက်ခေါ်ကြသော်လည်း မတွေ့ဘဲ လူအများနှင့်တော နင်းပြီး ဒေါလာခေါ် ကုလားဗုံများတီး၍ လောဖန်ခေါ် သစ်စေး ၏အမွှေးနံ့များကို ပေးကာ တကြော်ကြော်လိုက်ခေါ်မှပင် ညီ အစ်ကိုနှစ်ဦးမှာ လေးဘက်တွားပြီး တောနက်ကြီးအတွင်းမှ ထွက်လာတော့သည် ဆို၏။ ထိုအခါ၌ လောဖန်၏အနံ့ကို ရှူစေမှ လူစိတ်သို့ပြန်ဝင်ပြီး သတိရတော့သည်ဆို၏။ မကြာ ခဏပင် ထိုညီအစ်ကိုနှစ်ဦးမှာ ကျားကဲ့သို့ အော်မြည်ပြီး လေးဘက်တွားကာ တောထဲသို့ ဝင်ပြေးမှုကြောင့် ဒေါလာခေါ် ကုလားဗုံများတီးပြီး လိုက်ရှာရခြင်းနှင့် လောဖန်နံ့ဖြင့် လူစိတ်သို့ ပြန်ရောက်စေရခြင်းများ ပြုခဲ့ရ သည် ဆို၏။

**လူကျား**

ဤသို့လျှင် ညီအစ်ကိုနှစ်ဦးမှာ ကျားကဲ့သို့ အော်မြည်ပြီး တောထဲသို့ လေးဘက်တွား၍ပြေးကား နောက်ဆုံး



တွင် ပြန်ပြီးမလာ၊ ရှာ၍လည်းမတွေ့၊ အလောင်းပင် ယနေ့တိုင် မမြင်ရတော့ခြင်းဖြင့် ကျားနတ်ကြီးများ ဖြစ်သွားကြပြီဟူ၍ အယူရှိနေကြသည်ဆို၏။ သို့နှင့် အဆက်အနွယ်များမှာလည်း ဇာဦးရှိန်နှင့် ဇာမန်ကဲ့သို့ပင် ကျားစိတ်များပေါက်ပြီး ကျားကဲ့သို့အော်မြည်ကာ တောထဲသို့ ဝင်ပြေးနေကြခြင်းများကြောင့်အခါတစ်ပါး၌ဖော်ဂျီကြီးတစ်ဦးပေါ်ပေါက်လာပြီး ကျားကြီးနှစ်ကောင်ကို ပြသည်ဆို၏။ ထိုကြားကြီးနှစ်ကောင်မှာ ဇာဦးရှိန်နှင့် ဇာမန်တို့ပင်ဖြစ်ရာ သင်တို့သည် ကျားဆေးများရေးပြီး တစ်နှစ်တစ်ကြိမ် ကျားပြုလုပ်ကြမှသာလျှင် ထိုဘေးရောဂါမှ လွတ်ကင်းကြမည်ဆို၍ အမိန့်ရှိသွားသည် ဟူသတတ်။

ထိုအခါမှစ၍ ဇာဦးရှိန် ကျားနတ်ပေါ်တော့ကာ မြိတ်မြို့ ဇာဦးရှိန်မှ ဆင်းသက်ပေါက်ဖွားခဲ့သော အမျိုးအနွယ်များမှာ ယောက်ျားမှန်လျှင် ကျားနတ်ကပေးရသော အလေ့ကြီးတစ်ရပ် ပေါ်ခဲ့တော့သည် ဆို၏။

**သွေးစိမ်းရှင်ရှင်**

ရှေးသရောအခါက ကျားကရသည်မှာ ယခုကဲ့သို့ မလွယ်ကူဘဲ ဇာဦးရှိန် အမျိုးအနွယ်များသည် မဟာန်မွတ်လရာသီ၌ ပသီဆရာကြီးများထံ သွားရောက်ကြကာ (၇) ရက်မျှ ပိတ်ဖြူစင်ကြယ်ဝတ်ပြီး အမွှေးအကြိုင်များ သန့်ရှင်းမှုပြုကာ သစ်သီးသစ်ရွက်များကိုသာ စားပြီး နေရသည်ဆို၏။ (၇) ရက်စေ့သောအခါ ပသီဆရာကြီးထံတွင် ကျားကဲ့သို့ ဆေးရေးပြီး အရပ်ထဲသို့ လှည့်၍ပြကာ ပသီကျောင်း၌ပင် ကျား၏အသွင်ကိုဆောင်၍ နေရသည်ဆို၏။ ၇-ရက်စေ့သောအခါ ဇာဦးရှိန်နေထိုင်ခဲ့သော နေရာတွင် မီးပုံပြီး မီးခဲရဲရဲကို နင်းရကာ ဆိတ်တစ်ကောင်၏ လည်ချောင်းသွေးကို ကျားကဲ့သို့ အရှင်လတ်လတ် ကိုက်ဖောက်၍သွေးစိမ်းရှင်ရှင်ကို သောက်မျိုပြီးခါမျှ ကျားနတ် ထွက်သွားတော့သည် ဟူလို။

ဤကား မြိတ်မြို့တွင် ထူးဆန်းစွာ ပေါ်ပေါက်လျက်ရှိသော မြို့ထဲနေ လူကျားများ၏ ဇာတ်ကြောင်းကုန်စင် ဖြစ်ပေသတည်း။

■



# Role and Functions of Tiger Dance in Palaw Township, Tanintharyi Region

**Naing Soe**

**Abstract**

The purpose of this paper is to explore “Role and Functions of Tiger Dance in Palaw Township, TanintharyiRegion. This paper aims to describe the background of Palaw society’s tiger dance history, to explore the process of Tiger Dance Activity and to know their social linkage of community with Tagu Seasonal festival. This study connects an anthropological approach to dance. To achieve the objectives, qualitative research method and descriptive study design are applied based on Palaw society. As the data collection methods, Focus Group Discussion (FGD) and Key Informant Interview (KII) are used. To collect information and data relating to tiger dance in Five quarters ofPalaw Township, West Monastery (“AnaukKyaung” in Myanmar) was chosen as site of study.People living in Five quarters of PalawTownship, Tanintharyi Region celebrate one of activities of Tagu Festival, tiger dance joined by participants from four or five monasteries in February (Tagu). Although Palaw society is inhabited by different mixed-blood Bamar ethnic groups, they hold this activity basing on auspicious occasions at their respective monasteries to worship and pay homage to elders. They performed this activity annually belonging to the monasteries groups such as East Monastery (“AshaeKyaung” in Myanmar) tiger dance group, West Monastery (“AnaukKyaung” in Myanmar) tiger dance group, Center Monastery (“LaewaingKyaung” in Myanmar) group,MyoOoMonastery tiger dance group and Taungwaing Monastery tiger dance group. Their roles, beliefs, ceremonies linking with the community are comparatively different but Palaw community has their own social grounds for celebration of such activities. Remarkably, the current tiger-dance activity shows a strong social linkage between the dance and the society itself and this paper is a humble attempt to highlight the link and its spurs behind.

Key words: tiger dance, activity, social linkage

In Myanmar, most of ethnic groups have their own dance. They perform their traditional dances on various occasions. For example, the Pa-O people of Zayatgyi village, Taungngu Region, Lower Myanmar celebrate Pwekahtin (Donating Robe) in October (Ta Saungmone) as their traditional festivals.



Photo : Paying homage to the monk Naing Soe

The villagers divided into four groups collect the bamboo materials for making KaHlu Mu of Tasaungdaing. Customarily, each group creates different patterns and designs.

Again in middle Myanmar, during the Festival of Manuha pagoda,Myinkapa villagers engage in the AyokeThwin Activity in Bagan.AyokeThwin means making large figure of animals and human out of bamboo straps in different styles with colorful papers glued on these bamboo frameworks. The figures are open at the bottom to be worn by one to four performers with their head and shoulders inserted in the figure (Ayoke). For their knowledge, it is an act of homage to Manuha pagoda by installing the figure.

The twelve Myanmar traditional festivals are celebrated in Palaw Township, Region of Tanintharyi. Tiger Dance, an essential prelude to Tagu Festival, is an activity participated by residents from five quarters in Palaw also collaborated by monasteries nearby.Tiger dancers get themselves painted in red, black and yellow stripes and imitate the tiger to put themselves in the tiger mood during the dance with the help of music.It is a unique dancing style found only in Palaw society. Therefore, its uniqueness necessitates inclusion of its history, its folklore and its importance in Palaw society as an intangible cultural heritage in this paper. Palaw natives believe that this activity means a symbol of unity, peace and harmony in their society .In the case of tiger dance music generalized study and description was done by the researcher. To achieve the objectives, this study was done with qualitative research method and descriptive study design and it is based on Palaw society.

**Palaw Society’s Tiger Dance History**

During the Thingyan festival, Palaw residents celebrate the activity of tiger dance for requesting donation from every house in Palaw downtown areas. Tiger dance is traditionally called Indian dance of tiger. It is one of a strong custom of Tanintharyi Region. Tiger dance means adorning the figure of tiger on their bodies and decorate different color (Red, Yellow, and Black) on them. They keep upper part of their body naked but put on shorts and looped cloth at the waist so as to control themselves during the dance.

So, it stands as their traditions. There are four kinds of tiger dance.

(1) Mogul tiger dance


Photo : Walking position of tiger dancers , Naing Soe

(2) Telugu tiger dance

(3) Bamar tiger dance

(4) Bengali tiger dance

**The Process of Tiger Dance Activity**

1. Firstly, they pay homage to the Nat in local Style. There is also taboo that prohibits everyone from eating the food propitiated to the Nat. If someone breaks the prohibition, he or she will be one part of public tiger of tiger dance group. There is also a ban on any alcoholic drink.This public tiger will perform when he hears the drum players. Then, the main person who knows the process of painting and performing tiger dance collect the dancers to adore tiger figures on their bodies. Tiger dancers fall into two categories such as hunter, Tiger dancers (Female) and Tiger controllers (Male) based on the colors on their bodies. For hunter, they can be decorated on their bodies whatever they like but they usually focus the current issues of cultural changes such as politic, economic, social events. The hunter is like not only a joker but also a comedian. They try to highlight the current situations which are misleading, misunderstanding on it. It is also the satire action on the current situations of economic, social, historical, and political issues.

The tiger dance activity group can be divided into six groups of tiger dancers in the performance according to the Focus Group Discussion of Anaukkaung 'people group. They are

2. Tiger dancers (Female)

3. Tiger controllers (Male)

4. Hunters

5. Sling holders tigers catchers

6. Drum players and helpers and

7. Public tigers

**Qualification of Tiger Dancer Group**

The painter professionally takes a major role of tiger dance activity. They painted on the body of a would-be tiger dancer by three steps: (1) applying the natural liquid of the plant called “hsei: dan:” (yellow orpiment), (2) painted the black and red stripes on the body like tiger figure and (3) painting the areas of the mouth (a traditionally step of putting the dancer in tiger mood). Firstly, they painted the Upper part of the body and continue to paint the lower by spacing the area of mouth. Painting the mouth area is the last and most important part. To the understanding of the elders, KoMyat told “ yes, we prepare the process of tiger dance: painting , worship all night, under the full light of Anuakkaung Monastery ” .So, the Gathar (Incantation) is the life of all tiger dancers and tiger controllers. Nowadays, the incantation process is disappeared.

**Tiger Dancer’s Role and Function**

Indian tiger dancers are adorned with tiger figures on their bodies. Headdress is with two tiger ears blade and glasses with a sarong and rolled up near the waist. Red, black strips were painted on the body. They are models and actors among the tiger controllers. They support the tiger controllers to start the steady mood with them. They represent the female tiger Dancer of tiger dance group.

**Tiger Controllers’ Role and Function**

They are the main characters of the tiger dance activity. They are different from tiger dancers in terms of colors painted on the body. They are decorated red, yellow and much black color stripes. They can create the angry mood, the last act of this activity. They are controlled by the Sling holder’s tiger catchers. The hunters try to start their angry mood state with the help of Drum players and hunter. They represent as Male tiger dancer of tiger dance group.



Photo : Drums helpers touring downtwon area, Naing Soe



Photo : The finishing of Painting steps, Naing Soe

Tiger Hunters' Role and Function

The hunters are the second characters in this activity. They were performers not only for the public but also for the tiger controllers. Sometimes, they hold the bow and arrow, sword, and spear. They can performance like tiger controllers and tiger dancers during the end of the process of Tiger Dance Group

**Sling holders tiger catchers' Role and Function**

Tiger controllers can wear whatever they want. Their main task is to control the tiger dancers in angry mood and the public tiger dancers. They hold the tiger on back. They can act and move as like as the tiger move in this performance. They should have to be active, strong and experienced.

Drum players' and helpers' Role and Function

They carry and play the drums to send the tempo, message of sound, the bowls of instant and lemon for Public tigers and tiger controllers to decrease or increase the mood of angry state.

**Public tiger's Role and Function**

It was the experienced tiger dancer before or the one who eat the food of Nat worship. They cannot control themselves when they hear the sound of the drum players or see the actions of the tiger dancer and tiger controllers.

They performed around the downtown areas of Palaw. They serve the public by showing their steady and angry mood state with the help of hunters, Drum players, and Sling holders tiger catchers. We can analyze their performance position as follows: sitting position, walking position and starting position. Angry mood state is their last one when they perform. If they perform only the steady action, the public announce and shout them as they are coward tiger (Kyareipu), bloody fool tiger (Kyareipann) The tiger dance activity stands out as a symbol of social work of Palaw downtown communities

gathering at their local monasteries. The monasteries which take part in this activity are mostly AshaeKyaung, AnaungKyaung, and AlaewaingKyaung.

During the interviews, the local people of Palaw seem to celebrate the tiger dance activity as their local collaboration with each other, gathering point, donation process, and the memorable events .It gives them not only the sense of excitement and joy but also the shared merits. In addition, it is also the event of unity than others in their region.

They believed it helps them unite the local community, friends, relatives and families. It also bridges to social meetings. Most of the ancestors of Palaw try to come back when the Tagu Festival was started. They eagerly come back for this tiger dance to meet their Family, friends and relatives. So this tiger dance became their social linkage to go on the process of relationship, donation, and one sector of Myanmar Seasonal Festival of Tagu.

**Social Linkage of Palaw Community with Tagu Festival**

There was children tiger dancers who play themselves as a game of Tagu festival prior to the main event. They play the tiger dance. This game is not only the first messenger of tiger dances activity but also the first activity of local community to prepare the process of tiger dances activity during Myanmar month, Tagu. Each of Buddhist community joined the monastery to make it happen. Even the itinerant natives to come back and join their respective community for the tiger dance activity. The loaded words such as Lawpan (cup of fire), Jain Jain Ni Daung or DaungDaung Ni Jain (The sound of the drum), Mu Ni See (angry mood stage), and Kyareepu (coward tiger) impacted the society to know more about the tiger dance activity. So, it may be assumed as follow:

1. It has been recognized that tiger dance activity are highly appreciated and valued by the local community.



Photo : Starting angry state moed, Naing Soe




2. Public awareness needs to be raised to lay a bridge between the dancers and the community that the former may gain a sense of recognition, a credit to the society.

3. The drum group is the main factor of the tiger dance process to activate the tiger dancers.

4. The hunter is the introducer of tiger dancers to the public.

5. The tiger dance activity is a play which creates the social linage between the donation process and community.

**Discussion**

That tiger dance activity has been appreciated and valued by the local community according to the observation. To be more systematic, there might be a need to raise awareness on the importance of the tiger dance activity to link more with the community .Measures should also be taken to train future generations of dancers for sustainability and progress of the activity especially for the painter generation, Saying maker, and dancing methods or movements. It is also observed that the drum group is the main factor of the tiger dance process which makes the tiger dancers more active. The hunter is the introducer of tiger dancers to the public. The qualification of painter is also supported the tiger dance process. The saying maker is the life blood of this tiger dancer. As a change, the public tiger became in the place of tiger controller due to the lack of tiger dancer generation and experience. As Parsons (1991) defined, the motivational significance to the individual actor, or, in the case of community need to record their movement. Although the social network of Palaw society is active, the plan to sustain the activity of tiger dance is seem weak cause of experienced tiger dance lose, generation gap of tiger dancers ancestor, painters and the easy use of public tiger as tiger dancer to run the activity annually. The monasteries are the workshop place of tiger dance activity. The above mentioned facts, the tiger dance activity is a place which performance the social linage of donation process and community. Therefore, the Palaw community needs to sustain the living culture of tiger dance activity.

**Conclusion**

This paper is to know the strange customs of lower Myanmar, Tharnintharyi Region, Palaw Township in terms of the role of tiger dance activity and to sustain systematically as one of Myanmar Regional Cultural Heritage. Therefore, the activity of tiger dance is the unity of local people in collaboration with



the monasteries to take part in the donation process in Tagu (Thingyan Festival).Although it is probably not the origin of Myanmar traditional festival, the local communities of Palaw people sustain it as custom by supporting the Buddhism affairs of donation process. It is indicated that people in Myanmar have little strange customs and traditions which are unearthed. The findings show that monasteries serve as the workplace for the tiger dance' process. Unfortunately, there is also a generation gap for this unique cultural activity as a seemingly dramatic challenge. Public Tiger dancer may take an influential role in the process and seem to continue the activity of tiger dance annually. It is needed to found the association of Tiger Dance Activity Trust.Beyond tiger dance activity, local community link  the social affairs as gathering point, donation process , and the memorable events , the sense of excitement and joy but also the merits of donation. It also helps natives to reunite again in maintaining the event in their region as their Regional Cultural Heritage.

**Reference**

1.  Tun Kyaing, U, 1330 M.E. Tiger dancers from Myeik, Myeik Magazine, (published in Myanmar.

2. Ko Myat, perp.comm.

3. Talcott Parsons,The social system,New edition first published 1991 by Routledge 11 New Fetter Lane  London EC4P 4EE

4.2016-2017, April Field Notes.

■



# ဝလူမျိုးတို့၏ကျွဲခေါင်းနှင့် သစ်စည် သင်္ကေတ၏ အဓိပ္ပာယ်

အောင်နီဦး

အပိုင်း (၂)

သစ်စည်

ဝလူမျိုးတို့ရဲ့ ရိုးရာအရ အထွတ်အမြတ်ထားတဲ့ ကျွဲခေါင်း သင်္ကေတနဲ့ ပတ်သက်ပြီးတဲ့ ရှင်းလင်းဖော်ပြချက်ကို ၂၀၁၈ ဒီဇင်ဘာလမှာထုတ်ဝေခဲ့တဲ့ လူမျိုးစုလေ့လာမှုစာစဉ် အမှတ် (၁) မှာ ဖော်ပြခဲ့ပါတယ်။ အခု စာစဉ်အမှတ် (၂)ကတော့ သစ်စည်နဲ့ ပတ်သက်လို့ရှင်းလင်း ဖော်ပြသွားမှာ ဖြစ်ပါတယ်။ ကျန်တဲ့တူရိယာတွေ အများကြီးရှိတဲ့ အနက်(ဝ)လူမျိုးတွေအနေနဲ့အထွဋ်အမြတ်ထားတဲ့ ဒီတူရိယာ အမည်ကတော့ ကရော့လို့ခေါ်ပါတယ်။ မြန်မာလိုအနေနဲ့ကတော့ ပြောရခက်ပါတယ်။ သစ်စည် ဒါမှမဟုတ် သစ်မောင်းလို့ ခေါ်နိုင်ပါတယ်။ ဒီသစ်စည်ဆိုတဲ့ တူရိယာဟာ အလွယ်တကူ ဖန်တီးယူလို့ရတာတော့ မဟုတ်ပါဘူး။ သစ်စည်မှာအဖိုနဲ့ အမ ဆိုတာရှိပါတယ်။ သူတို့ အသံထွက်သံစဉ်ချင်းလည်း မတူညီကြပါဘူး။ ထွင်းထုတဲ့ ပညာရှင်တွေအနေနဲ့လည်း ခက်ခဲလှပါတယ်။ အသံထွက်ချင်းမတူညီအောင် သေချာဂရုတစိုက် ထွင်းထုရတာ ဖြစ်ပါတယ်။ သစ်စည်ကို ကျွန်တော်တို့ ဘယ်လောက် အလေးအနက် ထားတယ်ဆိုတာကို ထွင်းထု ဖန်တီးရတဲ့အပိုင်းကနေ စတင်ရှင်းလင်း ဖော်ပြသွားပါမယ်။

ပထမဆုံး အချက်အနေနဲ့ နတ်ဆရာတွေ၊ ဗေဒင်ဆရာတွေ၊ ရွာလူကြီး အကြီးအကဲတွေနဲ့ရွာရဲ့ အကြီးဆုံးအိမ်မှာ အားလုံးစုရုံးပြီးတော့ ပင့်ဖိတ်ရပါတယ်။ အဲ့ဒီနောက် ကြက်ဖ အနီရောင် အမောက်ကောင်းကောင်းတစ်ကောင်ရာရပါတယ်။ အဲဒီကြက်ဖကို လည်လှီးပြီးတော့ထွက် လာတဲ့သွေးကို သွေးကောင်းမကောင်း အရင်ဆုံး ကြည့်ရပါတယ်။ သွေးမကောင်းရင် ဒီနေ့ အစည်းအဝေးပျက်တယ်။ သွေးကောင်းတယ်ဆိုရင်တော့ အစည်းအဝေးစလို့ရပါပြီ။ အဲ့ဒီ ကြက်ကို သေသေချာချာနူး အောင်ပြုတ်ပြီးတော့ ပြန်ပြီးတင်ပါတယ်။ နတ်ဆရာတွေ၊ ဗေဒင်ဆရာတွေရှေ့မှာ နေ့ရက်ကောင်းရွေးချယ်ဖို့အဲဒီကြက်ရဲ့ အရေခွံတွေ၊ အသားတွေခွာပြီး ကြက်ရဲ့ခြေထောက်အရိုးတွေကို သေချာထိုးကြည့် ပြီးတော့မှ ကောင်းတယ် လုပ်သင့်တယ်ဆိုတာကို နတ်ဆရာတွေ၊ ဗေဒင်ဆရာတွေက ဆုံးဖြတ်ပြီးမှသာ ဒီအစီအစဉ်ကို စတင်ရေးဆွဲပါတယ်။

သစ်စည်ပြုလုပ်ရန် အစီအစဉ်ကိုရေးဆွဲရာမှာလည်း အားလုံးရွာလုံးကျွတ် သဘောတူညီချက်ယူပြီး သစ်ပင်ကိုစရွေးပါတယ်။ တောနက်တဲ့ နေရာတွေကို လှည့်လည်ပြီး အဲဒီထဲကမှအကြီးဆုံးအပင်၊ အလှဆုံးအပင်၊ အဖြောင့်ဆုံး အပင်ကိုရွေးချယ်တာဖြစ်ပါတယ်။ အဲလိုရွေးရာမှာ အပင်ရဲ့ အနီးအနားမှာ ချောင်းပဲရှိရှိ၊ မြစ်ပဲရှိရှိ၊ နှံပဲရှိရှိ ဘယ်လိုတွေပဲရှိရှိ

အကောင်းဆုံးအပင်ကို ရှာရွေးရပါတယ်။ တောင်ထိပ်မှာ တွေ့ရင်လည်းပဲ ရှာရွေးပါတယ်။ အဲဒီအပင်ကို နတ်ဆရာတွေ၊ ဗေဒင်ဆရာတွေ၊ ရွာလူကြီးတွေက ပတ်ပြီးတော့ နတ်ကိုပြန်လည်တင်မြောက်၍ သဘောကျ၊ မကျခွင့်ပြု၊ မပြုကိုပြန်ပြီး မေးပါတယ်။ အဲပြီးတော့မှ ကြက်တွေ၊ ဝက်တွေ၊ ပထမဆုံးက ကြက်ပေါ့ အဲကြက်ကိုလှီးပြီးတော့သွေးကို အပင်ပတ်လည်မှာပက်ပြီးတော့ မေးရပါတယ်။ အဲဒီမှာ နတ်ဆရာတွေ၊ ဗေဒင်ဆရာတွေကဟောပါတယ်။ ဗေဒင်အရ ဒီအပင်မကြိုက် ဘူးဆိုရင်လည်း တောထဲမှာ ပတ်ပြီးတော့ရှာရပါတယ်။ နောက်တစ်ပင်တွေ့ပြီ ဆိုရင်လည်းအထက်က နည်းအတိုင်း မေးရပါတယ်။ ဒီအပင်ကို ကြိုက်ပြီ၊ ဟုတ်ပြီဆိုတော့မှစရပါတယ်။ ကြက်တွေတော့ အများကြီးကုန် ကျမှုရှိပါတယ်။

နောက်ဆုံးကြိုက်ပြီ၊ ဟုတ်ပြီဆို တော့မှ အပင်ကို ခုတ်လှဲရပါတယ်။ ခုတ်လှဲတဲ့ အခါမှာ ပိုင်းပြီးတော့ခုတ်လို့ မရပါဘူး။ အပင်လိုက်ခုတ်ရပါတယ်။ ပင်စည်ဘယ်လောက်ရှည်ရှည် ဒီအတိုင်းထားပြီးမှ အကိုင်း၊ အခက်၊ အလက်တွေကိုချေပြီး နွယ်ကြိုးတွေနဲ့ တုပ်ချည်နှောင်ပြီးမှရွာကိုပြန်သယ်တယ်။ လမ်းမှာဆွဲလာရင်း လျှိုမြောင်တွေ၊ နွံနဲ့တွေ့ လို့ မြုပ်ရင်တစ်ခါ နတ်ဆရာတွေက ဒီအပင်မဟုတ်ဘူးလို့ ဆိုပြန်ရင်လည်း တစ်ခါပြန်ရှာရပါတယ်။ သစ်စည်က လူတိုင်းမလုပ်နိုင်ပါဘူး၊လက်သမားတိုင်းက လုပ်လို့မရပါဘူး၊ ဝ ဘာသာစကားအရ ဆိုရင်တော့ ရှောင်ဖုံးလို့ ခေါ်ပါတယ်။ မြန်မာလိုဆိုရင်တော့ လက်သမားပေါ့။ ပန်းပုဆရာလို့လည်းဆိုနိုင်ပါတယ်။ သတ်မှတ်ထားတဲ့ ရှောင်ဖုံးတွေက ဒီအဖိုနဲ့အမ ထွင်းထုတဲ့နေရာမှာ သေချာထွင်းပြီးတော့ အသံစမ်းရပါတယ်။ သေသေချာချာ အသံစမ်းပြီး အသံညီတော့မှ ကြက်တွေကိုလှီး သွေးကိုအထဲ ထည့်ဖျန်း၊ ဝလူမျိုးတွေရဲ့ အယူအရ တော့ ကျွေးတာလို့ သတ်မှတ်ပါတယ်။

သစ်စည်တီးခတ်မှုနဲ့ ပတ်သက်ပြီး ဆရာဦးလွန်းရုံက ဆက်လက်ရှင်းပြသည်မှာ "ဒီသစ်စည်ကို ဘယ်လိုအချိန်မျိုးတွေမှာ တီးခတ်လေ့ရှိလဲဆိုတော့ နေရာတိုင်းတီးလို့မရဘူး၊ အိမ်တိုင်းထားလို့မရဘူး၊ ကျွန်တော်က အခု စာပေယဉ်ကျေးမှုနဲ့ဗဟိုဥက္ကဋ္ဌဖြစ်လို့သာ ကျွန်တော့် အိမ်မှာထားလို့ရတာ။ ဘယ်သူမှ အိမ်မှာမထားရဲဘူး။ ကျွန်တော်တို့အယူမှာတော့ စီးတယ်လို့ခေါ်တာပေါ့။ ဒီတူရိယာမှာ တန်ခိုးရှိတယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ရပ်ထဲ၊ ရွာထဲ အလှူမင်္ဂလာ ဆောင်လောက်မှာတော့ ကျွန်တော်တို့ မတီးဘူး။ အေး စစ်တိုက်တဲ့နေရာမှာ စစ်ပွဲအောင်မှ ဒါကိုတီးပြီး အောင်ပွဲခံတာပေါ့။ ရန်သူက အလုံးလိုက်၊ အရင်းလိုက် ဝင်လာတဲ့အချိန်မျိုးတွေမှာ ဒါကိုတီးပြီး ရွာသားတွေရဲ့ စိတ် ဓာတ်ကိုမြှင့်တင်တယ်။ ဒါကိုတီးတဲ့ အသံကြားလိုက်တာနဲ့ ကျွန်တော်တို့ရဲ့ စိတ်တွေနိုးကြားလာတယ်၊ အားမာန်သတ္တိတွေ အလိုလို ရောက်လာတယ်လို့ ခံစားယုံကြည်ကြတယ်။နတ်ပူဇော်ပသတဲ့ပွဲတော်ရောက်ရင်တော့လည်း တီးပါတယ်။ နတ်ကိုပူဇော် တဲ့အခါမှာ ကျွန်တော် တို့ကျွဲကိုရင်ညွှန့်ပေါ့ လှံသွားနဲ့ တစ်ချက် တည်းထိုးပြီးယဇ် ပူဇော်ပါ တယ်။"

ယဇ်ပူဇော်ခြင်းကို ဆောင်ရွက်ရာမှာ ရက်စက်တဲ့ စိတ်နဲ့သတ်တာမဟုတ်ပါဘူး၊ ရိုးရာယဉ်ကျေးမှုနဲ့ထုံးတမ်းစဉ်လာနဲ့အဘက်ဘက်ကကောင်းမွန်အောင် လုပ်ဆောင်ခြင်းသာဖြစ်ပါတယ် လို့ ရှင်းပြပါတယ်။ ဝ လူမျိုးတွေ အထွတ် အမြတ်ပြုကြတဲ့ ကျွဲခေါင်းနဲ့ သစ်စည် သင်္ကေတကို ရှင်းပြပေးခဲ့တဲ့ ဝ စာပေနဲ့ ယဉ်ကျေးမှု ဗဟိုကော်မတီ ဥက္ကဋ္ဌ ဆရာဦးလွန်းရုံကို အထူး ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင် ဖော်ပြလိုက်ပါတယ်ခင်ဗျာ။

■

# သိပ္ပံနည်းကျလေ့လာမှုအနှစ်ချုပ်

အောင်နီဦး

လူမှုအကြောင်းအရာနှင့် သဘာဝ အကြောင်းအရာတို့ကို စူးစမ်းမှုပြုရာ၌ သုံးသော သိပ္ပံနည်းကျ စူးစမ်းမှုစနစ် (Scientific Method)၏လုပ်ဆောင်ပုံ အဆင့် (၁၁) ဆင့်ကို ဖော်ပြပါမည်။

အဆင့် (၁) Observation (လေ့လာခြင်း)

လေ့လာခြင်းတွင် (က) မည်သည့်အရာကို လေ့လာခြင်း (ခ) တိတိကျကျ သိနိုင်သမျှဖြင့် ချင့်ချိန်လျက် လက်ခံခြင်း၊ လက်မခံခြင်းတို့ကို ဂရုတစိုက် ဆုံးဖြတ်မှုတို့ပါဝင် သည်။

အဆင့် (၂) Description (ဖော်ပြခြင်း)

ဖော်ပြခြင်းတွင် (က) လေ့လာထားသော အချက်အား ဖော်ပြခြင်း (ခ) လက်ခံမှု၊ လက်မခံမှုအား မှန်ကန် လုံလောက်စွာ ဖော်ပြခြင်းတို့ ပါဝင်သည်။

အဆင့် (၃) Measurement (တိုင်းတာခြင်း)

တိုင်းတာခြင်းတွင် (က) မည်သည့်အရာကို တိုင်းတာခြင်း၊ (ခ) သီးခြားစာရင်းပြု၍ တိုင်းတာမှုပြုခြင်းတို့ ပါဝင်သည်။ တိုင်းတားခြင်းသည် လေ့လာခြင်းနှင့် ဖော်ပြခြင်းကို ပေါင်းစပ်ထားသည့် အဆင့်ခွဲတစ်ခု ဖြစ်သည်။

အဆင့် (၄) Accetptance/ Non acceptance (လက်ခံ/ လက်မခံခြင်း)

လေ့လာခြင်း၊ ဖော်ပြခြင်း၊ တိုင်းတာခြင်းတို့မှ ပေါ်ထွက်လာသည့် အချက်အလက် (facts) သို့မဟုတ် အမှန်တရား (reality) တို့ကို ချင့်ချိန်၍ လက်ခံခြင်း/လက်မခံခြင်း ဖြစ်သည်။

အဆင့် (၅) Inductive Generaligation (ခြုံယူဆင်ခြင်ခြင်း)

အချက်အလက် အယူအဆ (factual hypo-thesis) များအဖြစ် ထွက်ပေါ်လာသော လက်ခံပြီး အချက်အလက် တစ်ခုစီကိုခြုံယူ၍ ယေဘုယျ ဆင်ခြင်မှုပြုခြင်းဖြစ်သည်။

အဆင့် (၆) Explanation (ရှင်းပြခြင်း)

အဆင့် (၄) တွင် ဖော်ပြခဲ့သော လက်ခံထားသည့် အချက်များ၊ အဆင့် (၅) တွင် ဖော်ပြခဲ့သော ခြုံယူဆင်ခြင်မှုမှ ရရှိသည့် ယေဘုယျဆင်ခြင်မှုများကို အကြောင်းအကျိုး ဆက်စပ်ဖော်ပြခြင်း (casual relations) ဖြင့် သဘောတရားအယူအဆ (theoretical hypothesis) တစ်ခု တည်ဆောက်ပြခြင်း ဖြစ်သည်။

အဆင့် (၇) Logical Deductive Reasoning (ယုတ္တိကျ ထုတ်ယူဆင်ခြင်ခြင်း)

အဆင့် (၅) တွင် ဖော်ပြခဲ့သော ခြုံယူဆင်ခြင်မှုမှ လက်ခံထားသော အချက်အလက် ယေဘုယျပြုခြင်းများ သို့မဟုတ် အဆင့် (၆) တွင် ဖော်ပြခဲ့သည့် အယူအဆ ရှင်းပြချက်များနှင့် ယုတ္တိကျ ထုတ်ယူဆင်ခြင်ခြင်း ပြုသည့် အဆင့်ဖြစ်သည်။ ထိုသို့ပြုရာ၌ အဆိုပါ ယေဘုယျပြုချက်၊ ရှင်းပြ

ချက်တို့၌ ထည့်သွင်း ဖော်ပြထားသော လေ့လာခြင်း (အဆင့် ၁ တွင် ဖော်ပြပြီး)၊ လက်ခံထားသော အချက်များ (အဆင့် ၄ တွင် ဖော်ပြပြီး)၊ အချက်အလက် ယေဘုယျပြုမှု (အဆင့် ၅) နှင့် သဘောတရား ရှင်းပြချက် (အဆင့် ၆ )တို့ကို ရှင်းလင်းအောင် ပြုခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းတို့ ပြုခြင်းဖြစ်သည်။

အဆင့် (၈) Testing (စမ်းသပ်ခြင်း)

လေ့လာမှု အထွေထွေ (အဆင့် ၁-၄) ဖြစ်သည့် ချင့်ချိန်လက်ခံမှုအစုစု၊ မှတ်တမ်းများ၊ တိုင်းတာချက်များ၊ ၎င်းတို့မှ ထွက်ပေါ်လာသည့် ရလဒ်အချက်အလက်များ ချင့်ချိန်၍ အာမခံထားသည့် မှန်းမျှော်ထားချက်များ (expecta-tions) ကို စမ်းသပ်ခြင်းဖြစ်သည်။

အဆင့် (၉) Correcting (ပြင်ခြင်း)

မူလလက်ခံထားသည့် လေ့လာခြင်း၊ ရလဒ်အထွေထွေ ခြုံယူဆင်ခြင်ခြင်းနှင့် သဘောတရား ရှင်းပြချက်များကို အခြားသော လေ့လာခြင်း၊ ရလဒ်၊ ဆင်ခြင်မှု၊ ရှင်းပြမှုတို့နှင့် အဆင်ပြေ ညီညွတ်မျှတစေရန် ချင့်ချိန်ပြင်ဆင်ခြင်း ဖြစ်သည်။

အဆင့် (၁၀) Predicting (မှန်းဆခြင်း)

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးနှင့် ညှိနှိုင်းထားသော ဖြစ်ရပ်အခြေအနေ၊ အကျိုးဆက်များကို မှန်းဆဖော်ထုတ်ခြင်း ဖြစ်သည်။ မှန်းဆခြင်းပုံစံ (၂) မျိုးရှိသည်။

ပုံစံ (၁) မှာ အဆင့် (၅) နှင့် (၆) တွင် ဖော်ပြခဲ့သော အချက်အလက်နှင့် အယူအဆများအား အဆင့် (၇) နှင့် (၈) တို့ဖြင့် ခွဲခြမ်းစိတ်ဖြာ စမ်းသပ်စစ်ဆေးရာမှ ထွက်ပေါ်လာသော မှန်းဆခြင်းဖြစ်သည်။

ပုံစံ (၂) မှာ ဖြစ်ရပ် အခြေအနေတစ်ခု၏ လက်ရှိ ဖြစ်ပျက်နေမှုနှင့် စပ်လျဉ်းဖြစ်ပေါ်သည့် ဖြစ်တန်ခြေအမျိုးမျိုးမှ စနစ်တကျ ချင့်ချိန်ရွေးချယ်လိုက်သည့် ဖြစ်တန်ခြေတစ်ခုအား မှန်းဆခြင်းဖြစ်သည်။

အဆင့် (၁၁) Nonacceptance (လက်မခံခြင်း)

လက်ခံထားသောအဆိုမှ ပယ်ဖျက်ချက်များကို လက်မခံခြင်းဟု ခေါ်သည်။ အထက်ဖော်ပြပါ အဆင့် (၁၀) နှင့် တိုက်ဆိုင်စစ်ဆေးခြင်းမပြုနိုင်သည့် အချက်အလက်များနှင့် အဆိုများအားလုံးသည် လက်မခံခြင်း၌ အကျုံးဝင်သည်။ အဓိကအားဖြင့် သုတေသနမပြုမီက ရှိနှင့်ပြီးသား အယူအဆနှင့် အဆိုများ (a priori praposi-tions) သည် သိပ္ပံနည်းကျ သုတေသနပြုရာ၌ ဘောင်ဝင်ခြင်း မရှိတော့သည့်အခါ လက်မခံခြင်း ဖြစ်ပေါ်သည်။ သို့သော် ချင့်ချိန်နေဆဲ အယူအဆများ (tentative assumptions) သုတေသနပြုနေဆဲ အနုမာနအယူအဆ များ (working hypotheses) သည် လက်မခံခြင်း အဆင့်သို့ မရောက်သေးချေ။

အထက်ဖော်ပြပါ အဆင့် (၁၁) ဆင့်ကို အခြေခံ၍ ဖော်ထုတ်ထားသော နိုင်ငံရေး၊ လူမှုရေး သီအိုရီများစွာ ရှိသည်။ သီအိုရီတို့၏ သဘောမှာ လောက၏ အမှန်တရားကို ရှာဖွေရန်ဖြစ်သည်။ ထိုသို့သော ရှာဖွေမှုပြုရာ၌ သီအိုရီတည်ဆောက်နည်းများစွာရှိသည့်အနက် သိပ္ပံနည်းကျစူးစမ်းနည်းခေါ် Scientific Method မှာ နည်းတစ်နည်းဖြစ်သည်။ ဤနည်း၏ အခြေခံဖြင့် တည်ဆောက်ထားသော သီအိုရီများကို နားလည်ရန် ရည်ရွယ်လျက် ဤဆောင်းပါးကို ရေးပါသည်။ ဤနည်းသည်သာ အမှန်ဟုမဆိုလိုပါ။ လောက၏ အမှန်တရားသည် သူ့ဟာသူ သီးခြားဖြစ်ပေါ်နေသော တရားကိုယ်သဘော ဖြစ်သည်။ ထိုသဘောကို မြင်အောင် ဖော်ပြသော သီအိုရီတို့သည် မှန်ဘီလူးများသဖွယ်သာ ဖြစ်ပါသည်။ ယခုရေးသားထားသော သိပ္ပံနည်းကျ စူးစမ်းနည်းသည် မှန်ဘီလူးတစ်လက်သာ ဖြစ်သည်။ အခြားသော မှန်ဘီလူးများ (ဝါ) သီအိုရီ အခြေခံများလည်း ရှိကြသည်။ ယင်းတို့အနက် သိပ္ပံနည်းကျ စူးစမ်းနည်းကို ဆန့်ကျင်သော ပင်မအခြေခံပုံစံများလည်း ရှိကြသေးကြောင်း သတိမူရပါမည်။

အောင်နီဦး

9th Sep, 2008

■

# စတစ်သွမ်ဆန်၏ ကျေးလက်စာပေ အကြောင်းအရာ အညွှန်း

အောင်နီဦး

၁၉ ရာစုနှောင်းပိုင်းတွင် ဥရောပရှိ ပညာရှင်တို့သည် နှုတ်ပြောအစဉ်အလာဖြင့် ကြွယ်ဝစွာရှိနေသော ပုံပြင်များကို စပြီး စုဆောင်းခဲ့ကြသည်။ ဥပမာအားဖြင့် ဂျွန်ဟန်းဂျော့ဗွန်ဟန် (Johann Georg von Hahn) သည် ဂရိပုံပြင်များကို စု၏။ ဂျော့လောရန့်ဂွန်မ်း (George Laurance Gomme) သည် အင်္ဂလိပ်ပုံပြင်များကိုစု၏။ မီရှေး ပက်ထရော့အာနော်ဒမ် (Michail Petrov Arnaudov) သည် ဘူဂေးရီးယားပုံပြင်များကိုစုပြီး ဂရင်းညီနောင် (The Brothers Grimm) တို့သည် ဂျာမန် ပုံပြင်များကို စုခဲ့ကြ သည်။

ထိုသို့စုဆောင်းမိသောအခါ မတူညီသော နိုင်ငံဒေသများ ကြားရှိ ပုံပြင်များကို နှိုင်းယှဉ်လေ့လာခြင်း၊ အမျိုးအစားခွဲခြင်း၊ မျိုးတူစုပြုခြင်း စသော စနစ်တကျမှတ်တမ်းတင်ခြင်းကို ပြုလုပ်နိုင်ခဲ့ကြသည်။ ထိုစနစ်တကျ ပုံစံတစ်ခုဖြင့် မှတ်တမ်းပြုရခြင်းမှာ ပုံပြင်တို့၏ရင်းမြစ်နှင့် တည်ဆောက်ပုံ အနေအထားများကို အတည်ပြုနိုင်ရန်နှင့် အရေးအသားဖြင့် ရှိပြီးပုံပြင်များနှင့် အပြောပုံစံအဖြစ်သာရှိသေးသော (၎င်းတို့စုဆောင်းထားသည့်) ပုံပြင်များကြားတွင်မည်၍မည်မျှ အပြန်အလှန် ဆက်စပ်နေကြောင်းကို ဖော်ထုတ်လို၍ဖြစ်သည်။ ထို့ပြင် အမျိုးအစားခွဲခြားမှုစနစ်ကို ပြုထားသောကြောင့် ထပ်မံစုဆောင်းမည့် ပုံပြင်များကို ထိုစနစ်အတွင်း သွတ်သွင်းနိုင်သဖြင့် သိပ္ပံနည်းကျ အသုံးချနိုင်စရာနည်းလမ်းတစ်ရပ် ဖြစ်လာစေရန် ရည်ရွယ်ခဲ့ကြသည်။ ထိုသို့ပြုနိုင်ရန် လမ်းညွှန်ခဲ့ကြသူများမှာ ရိန်းဟိုခိုလာ (Reinhold Kohler)၊ ဂျိုနက်စ်ဘော့လ် (Johannes Bolte)၊ ယီရီပေါ်လစ်ဗ်ကာ (Jiri Polivka) နှင့် အီမန်ချူယယ်ကော့စ် ကွင် (Emmanuel Cosquin) တို့ ဖြစ်သည်။

၁၉၁၀ တွင် ဖင်းလူမျိုး (ဖင်လန်လူမျိုး) အန်တီအားန် (Anttil Aarne) ဂျာမန်ဘာသာဖြင့် ပြုစုသော ပုံပြင်များကို အမျိုးအစားခွဲခြား စုစည်းဖော်ပြသည့်ကျမ်း ထွက်ပေါ်လာသည်။ ထိုစဉ်က နိုင်ငံတကာရှုထောင့်မှ ကြည့်လျှင် ကျေးလက်ပုံပြင်ခေါ် နှုတ်ပြောပုံပြင် စုဆောင်းမှတ်တမ်းတင်မှု နယ်ပယ်၌ လွှမ်းမိုးမှုအရှိဆုံး ကျမ်းဖြစ်ခဲ့ပါသည်။ အားန်းကသူ့ကျမ်းတွင် ဖင်လန်ကျေးလက်ပုံပြင်များ၊ စဗန်ဂါရ်န်ဗစ် (Sven Grundtvig) စုဆောင်းသော ဒိန်းမတ်ကျေးလက်ပုံပြင်များနှင့် ဂရင်းညီနောင်တို့၏ ဂျာမန်ကျေးလက်ပုံပြင်များကို အခြေခံ၍ အမျိုးအစားခွဲခြားသော စနစ်တစ်ခုကို ဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။ အားန်းက သူ့ကျမ်း [ထိုသို့သောကျမ်းမျိုးကို ကတ်တလောက် (catalog) ဟုလည်း ခေါ်နိုင်သည်] တွင် ကိန်းဂဏန်းဖြင့် ညွှန်းသောစနစ် (ဒူဝီဒက်စီမယ် စာကြည့်တိုက်အညွှန်းမျိုး) ကိုသုံးကာ ပုံပြင်များကို အစုသုံးစုခွဲသည်။ တိရစ္ဆာန်ပုံပြင်များ (နံပါတ် ၁ - ၂၉၉)၊ သာမန်ပုံပြင်များ (နံပါတ် ၃၀၀ - ၁၁၉၉) နှင့် ပုံတိုပတ်စနှင့် ဟာသ (နံပါတ် ၁၂၀၀ - ၁၉၉၉) ဟူ၍ဖြစ်သည်။ ထို့ပြင် အားန်း၏ မျိုးတူစုစာရင်း၌ ဇာတ်ကောင်နှင့် ဇာတ်လမ်း (ဇာတ်ဆောင် နှင့် ဖြစ်ရပ်)

ကြားရှိ ထူးခြားချက်များကိုလည်း အမျိုးအစား ခွဲခြားဖော်ပြ ထားသည်။

အမေရိကန် ကျေးလက်အနုပညာ သုတေသီ (flokorist) စတစ်သွမ်ဆန် (Stith Thompson) က အားန်း၏ မျိုးတူစုစာရင်းကျမ်းကို ပိုမိုကျယ်ပြန့် ပြည့်စုံအောင် အလုံးစုံ ချဲ့ထွင်မှုပြုခဲ့သည်။ ထိုသို့ပြုပြင်ပြောင်းလဲမှု ပြုရာတွင် သွမ်ဆန်က ပုံပြင်အမျိုးအစားကိုပိုအသေးစိတ်ပြီးပိုတိကျအောင် ပြုပြင်သည်။ ထို့ပြင် ဒေသအသီးသီးက ပုံနှိပ် ထုတ်ဝေထားသော မျိုးတူစုကျမ်းများကို ထပ်မံထည့်သွင်းခြင်း၊ နိုင်ငံအသီးသီးရှိကျေးလက်အနုပညာ မော်ကွန်းတိုက်များတွင်ထိန်းသိမ်းထားသော ရင်းမြစ်များအား ညွှန်ခြင်း၊ တစ်ဆင့်ခံရင်းမြစ်များအား ထပ်ပေါင်းခြင်းနှင့် စာပေထဲတွင် ဖော်ပြထားသော ကျေးလက်ပုံပြင်များအား ညွှန်းဆိုခြင်းများပြုကာ ကျေးလက်ပုံပြင် အမျိုးအစားများ (အားန်းနှင့် သွမ်ဆန်) (The Types of Folkales) ဟူ၍ အင်္ဂလိပ် ဘာသာဖြင့် ၁၉၂၈တွင်ထုတ်ဝေသည်။ ကျေးလက်ပုံပြင်အမျိုးအစားများ ဟု ခေါင်းစဉ်တပ်ထားသော်လည်း ထို့ထက် ပိုမို ကျယ်ပြန့်စွာ ပါဝင်လာသည်။ ၎င်းကိုယ်တိုင်ရေးသော ထိုမျိုးတူစုကျမ်း အမှာစာတွင် သွမ်ဆန်က "ထိုပုံပြင်များကို မျိုးတူစုရန် အမျိုးအစားခွဲရာ၌ အဓိက အုပ်စုသုံးစုဖွဲ့ပါသည်။ တိရစ္ဆာန်ပုံပြင်များ၊ သာမန် ကျေးလက်ပုံပြင်များနှင့် ဟာသပုံပြင်များဟူ၍ ဖြစ်သည်" ဟု ဖော်ပြထားကြောင်း တွေ့ရသည်။ ၁၉၆၁ တွင် သွမ်ဆန်က သူ့ယခင်ကျမ်းကို ပြန်လည်ပြုပြင် တည်းဖြတ်သည်။ ၎င်းတွင် သူ့အညွှန်းကျမ်း၏ ကျယ်ပြန့်မှုများမှာ ကျမ်းအမည်တွင်ပင် ထင်ရှားလျက်ရှိ၏။ ကျမ်း၏ အမည်မှာ ဥရောပ၊ အနောက်အာရှနှင့် ထိုလူမျိုးများ နေထိုင်အခြေချရာ ဒေသအသီးသီးရှိ ကျေးလက်ပုံပြင် အမျိုး အစားများ ( The Types of the Folk-Tale of Europe, West Asia and thef lands settled by these Peoples) ဟူ၍ဖြစ်သည်။

၎င်းတစ်ကြိမ်တွင် သွမ်ဆန်သည် မြောက်အမေရိက ကျေးလက်အနုပညာ သုတေသီ အာချာတေလာ (Archer Taylor) က "အမေရိကန် ကျေးလက်အနုပညာဂျာနယ်" (Journal of American Folklore, 1933, 46; 77-88) တွင် ဖော်ပြထားသည့် "ပုံသေနည်းကျ ပုံပြင်များအား အမျိုးအစားခွဲပုံ (A Classification of Formula Tales) ပါ အယူအဆများကို လက်ခံပြီး အညွှန်းနံပါတ် ၂၀၀၀ အထိ တိုးချဲ့ခဲ့သည်။ ထို့ပြင် လူပြောများသော ဥပမာ ပုံများ (Cumulative Tales)၊ လုပ်ကြံပုံပြင်များ (Catch Tales) ကိုပါထည့်သွင်းပြီး၊ အမျိုးအစားမခွဲခြားထားသော ပုံပြင်များ (Uncla-ssified Tales) ဟူသော ခေါင်းစဉ်ဖြင့် အညွှန်းနံပါတ် ၂၄၀၀ - ၂၄၉၉ အထိ တိုးချဲ့လိုက်သည်။ နောင်တွင် ၎င်းတို့ကို သက်ဆိုင်ရာ အညွှန်းနံပါတ်များအောက်၌ ပြန်လည်ထည့် သွင်းခဲ့သည်။

ထိုမျိုးတူစု အညွှန်းကျမ်းကို Motif Index ဟု ခေါ်သည်။ "အကြောင်းအရာ အညွှန်း" ဟု အဓိပ္ပာယ်ယူနိုင်သည်။ အင်္ဂလိပ်ဘာသာဖြင့် Aarne ၏ အညွှန်းကျမ်းကို ၁၉၆၁ တွင် Thompson က ဘာသာပြန်ပြီး တိုးချဲ့ပြုပြင်ထုတ်ဝေရာ ထိုအညွှန်းကျမ်းကို "Aath" အညွှန်းကျမ်းဟု ခေါ်သည်။ နောင်တွင် ဟန် - ယော အူးသား (Hans-Jorg Uther) က ပြန်လည်တိုးချဲ့သဖြင့် "ATU" အညွှန်းကျမ်း အဖြစ် ၎င်းတို့နာမည် အဖျားများဆွတ်ကာ ခေါ်ဝေါ်ညွှန်းဆိုကြသည်။ ထိုအညွှန်းကျမ်းမှာ ကျယ်ပြန့်လွန်းလှပြီး ၂၀၀၄ တွင်ထုတ်ဝေခဲ့သည်။ ၎င်းဆောင်းပါးတွင် အဓိကအားဖြင့် သွမ်ဆန်၏ အတွဲ (၆) တွဲ ထုတ်ဝေခဲ့သော နှုတ်ပြောအချင်းအရာ ကျေးလက်စာပေဖြစ်သည့် ပုံပြင်၊ သီချင်း၊ ဒဏ္ဍာရီ၊ သင်ခန်းစာပေးပုံပြင်၊ အလယ်ခေတ် ဇာတ်လမ်းများ၊ ဥပမာဆောင် ပုံပြင်များ၊ ကဗျာပြောင်စာပြောင်များ၊ ဟာသစာအုပ်များနှင့် ဒေသီယသမိုင်းပုံတို့အကြောင်း အညွှန်းဖြစ်သည့် "Stith Thompsons' Motif-Index of Folk Literature: A Classification of Narrative Elements in Folktales, Ballads, Myths, Fables, Mediaeval Romances, Exempla, Fabliaux, Jest Books and local Legends" ကို ပြုစုရာတွင်သုံးသော မျိုးတူစုခွဲခြားသည့် စနစ်ကို မိတ်ဆက် ပါမည်။

စတစ်သွမ်ဆန်၏ စီစဉ်ပုံကို အယ်လ်ဖာ ဒက်စီမယ် အကြောင်းအရာ အညွှန်းစနစ် (alpha - decimal motif - index) ဟုခေါ်သည်။ အယ်လ်ဖာ ဒက်စီမယ် ဟူသည်မှာ အက္ခရာနှင့် ကိန်းဂဏန်းကို ပူးတွဲပေးထားသော အညွှန်းနည်းဖြစ်သည်။ သွမ်ဆန်က အင်္ဂလိပ်အက္ခရာ A-Z ကို အညွှန်းခေါင်းစဉ်ကြီးများအဖြစ် ထားကာ ၎င်းတို့အောက်တွင် ကိန်းဂဏန်းများခွဲ၍ အညွှန်းပေးသောနည်းကို စီစဉ်ထားသည်။ ထူးခြားချက်မှာ "I" "O" နှင့် "Y" တို့ကို အညွှန်းစာရင်းထဲတွင် ထည့်မထားခြင်းဖြစ်သည်။ အဘယ်ကြောင့် မထည့်ကြောင်းလည်း ဖော်ပြထားခြင်းမရှိပေ။ ကိန်းဂဏန်း အညွှန်းတွင်လည်း မကြာမကြာ တချို့သောနံပါတ်များကို ဖြုတ်ထားလေ့ရှိကြောင်းတွေ့ရပြီး အဘယ်ကြောင့်ဖြုတ်ထားကြောင်း ဖော်ပြထားခြင်းမရှိပေ။ အောက်တွင် သွမ်ဆန်၏ A-Z အညွှန်းခေါင်းစဉ်ကြီးစီပုံနှင့် A အညွှန်း အကြောင်း

အရာဖြစ်သည့် ဒဏ္ဍာရီအကြောင်းကို ကိန်းဂဏန်းအရ အမျိုးအစား မည်သို့ခွဲထားကြောင်း ဥပမာအဖြစ် ဖော်ပြပါမည်။ ထိုဥပမာကို မဖော်ပြခင် folklare နှင့် motif အကြောင်းကို ဖော်ပြပါမည်။

ဤဆောင်းပါးတွင် "folklore" ကို ကျေးလက်အနအပညာဟု လည်းကောင်း၊ "motif" ကို အကြောင်းအရာ ဟု လည်းကောင်း ဘာသာပြန်ပါသည်။ အမှန်စင်စစ် ထိုဝေါဟာရများတွင် အနက်အဓိပ္ပာယ် ကျယ်ပြန့်စွာရှိသည်။ ကျေးလက်အနုပညာ သုတေသီအဲလိယက်အိုရင်း (Elliott Oring) က folklore ကို အဓိပ္ပာယ်ဖွင့်ရာတွင် နှုတ်ပြော (vertal)၊ ဓလေ့ထုံး (Customary) နှင့် ရုပ်ဝတ္ထုပိုင်း (Material) ဟူ၍ အပိုင်းသုံးပိုင်းရှိကြောင်း၊ နှုတ်ပြောအစုတွင် ဟာသများ၊ ကျေးလက်တေးကဗျာ၊ ဒဏ္ဍာရီ၊ စကားပုံ၊ စကားထာ၊ သီချင်း၊ ပြဇာတ်စာ၊ လှုံ့ဆော်စာ၊ ဆောင်ပုဒ် စသည်တို့ပါဝင်ပြီး ဓလေ့ထုံးအစုတွင် ပွဲတော်များ၊ အခမ်းအနားများ၊ သချိုင်းဆုတောင်းပုံ၊ ကျေးလက်ဇာတ်သဘင်၊ အမူအရာ၊ လူမျိုးရေး ဘာသာရေး လှုပ်ရှားမှုများ၊ ယုံကြည်မှု အမျိုးမျိုး၊ ရိုးရာဓလေ့ထုံးစံ ဆောင်ရွက်ပုံအမျိုးမျိုး စသည်တို့ပါဝင်ကာ ရုပ်ဝတ္ထုအစုတွင် ကျေးလက်-လက်မှုဆိုင်ရာ ပစ္စည်းများ၊ ဝါဒဖြန့်ရာတွင်သုံးသော အရာများ၊ ကာတွန်းများ၊ သရုပ်ဖော်ပုံများ၊ ပိုစတာများ၊ ဓာတ်ပုံများ စသည်တို့ပါဝင်သည်ဟု ဆိုပါသည်။

"motif" ကို ကျေးလက်အနုပညာအစုတွင် ပါဝင်သော နှုတ်ပြောများ၊ ရုပ်ဝတ္ထုများ၊ ဓလေ့ထုံးများတွင် တွေ့ရသည့် အသေးငယ်ဆုံးသော ထူးခြားသည့်အကြောင်းအရာဟု ပညာရှင် မာရီယာလိချ် (Maria Leach) နှင့် ဂျေဖရိုင်း (J.Fried) တို့၏ အဘိဓာန်က အဓိပ္ပာယ်ဖွင့်ပါသည်။ ဥပမာအားဖြင့် "အမေ"ဟုဆိုလျှင် ၎င်းသည် Motif မဟုတ်ဘဲ "ရက်စက်သောအမေ"ဟုဆိုလျှင် Motif ဖြစ်သည်ဟု ဆိုသည်။ "ရက်စက်သော"ဟူသည့် ထူးခြားကာ သတ်မှတ်ချက်ပြနိုင်သော အကြောင်းအရာ ပါဝင်နေ၍ ၎င်းက Motif ဖြစ်သည်ဟု ဆိုပါသည်။

စတစ်သွမ်ဆန်၏အကြောင်းအရာ အက္ခရာအညွှန်း

A. ဒဏ္ဍာရီ

လောကကို ဖန်ဆင်းခြင်း အကြောင်းနဲ့ ဖန်ဆင်းရှင်များ၊ နတ်များနှင့် လူတစ်ပိုင်း နတ်တစ်ပိုင်းများ၊ သက်ရှိတို့၏ အစ အကြောင်း၊ တိရစ္ဆာန်နှင့်အပင် လောကကို ဖန်ဆင်းခြင်းအကြောင်း

B. တိရစ္ဆာန်များ

ထူးခြားသောတိရစ္ဆာန်များ၊ ဒဏ္ဍာရီလာနှင့် မှော်တိရစ္ဆာန်များ၊ လူသဏ္ဍာန် သဘာဝပါရှိသော တိရစ္ဆာန်များ၊ တိရစ္ဆာန်လောကအမျိုးမျိုး၊ အကျိုးပြုသော သတ္တဝါကြီးများ၊ လူနှင့်ပေါင်းဖက် လက်ထပ်သော တိရစ္ဆာန်များ

C. ရှောင်ဓလေ့

ဓလေ့အရ တားမြစ်ထားသော အရာ အားလုံး

D. မှော်

အသွင်ပြောင်းခြင်းနှင့် ပြုစားခံရခြင်း၊ မှော်ဝတ္ထုပစ္စည်းများနှင့် အသုံးချပုံ၊ မှော်စွမ်းအင်နှင့် အခြားစေစားရာများ

E. တမလွန်လောက

သေငယ်ဇောဖြင့် မျောသွားခြင်း၊ တစ္ဆေ၊ သရဲ၊ ဘဝကူးခြင်း၊ ဝိညာဉ်တို့သဘာဝနှင့် ဆက်ဆိုင်သော အယူအဆများ

F. အံ့ဩဖွယ်ရာများ

အခြားလောကကမ္ဘာသို့ ခရီးသွားခြင်း၊ ထူးခြားဆန်းပြားသတ္တဝါကြီးများ၊ ဖယ်ရီခေါ် နတ်သမီးများ၊ ဝိညာဉ်များ၊ နတ်ဆိုးများ၊ ပင်လယ်ထဲရှိ ရဲတိုက်ကြီး စသော အံ့ဖွယ်နေရာဒေသများ

G. ကြောက်မက်ဖွယ်ရာများ

ဘီလူးနှင့် နတ်ဆိုးတို့သည် မှော်ဆရာ၊ မှော်ဆရာမကြီးများ၊ သရဲ တစ္ဆေကောင်များ

H. သဘာဝလွန်အရာ

(စမ်းသပ်ခြင်းများ) စကားထာ၊ စကားဝှက်၊ စွမ်းရည်စမ်းခြင်း၊ အခက်အခဲ ကျော်လွှားနိုင်မှုကို စမ်းခြင်း၊ စွမ်းပကားကို စမ်းခြင်း၊ အမူအကျင့်ကိုစမ်းခြင်း စသည်...

I.

J. ဉာဏ်ပညာနှင့် မိုက်မဲခြင်း

အပြောင်အပျက်ထိုးဇာတ်နှင့် မဖြစ်နိုင်ဖွယ်ရာ စသည့်

စာအုပ်များမှလာသော ဉာဏ်ပညာနှင့် ၄င်းကိုမသိခြင်း၊ သင်ခန်းစာပေး အရာများ၊ ဇာတ်ကောင်၏ အမှုအကျင့်။

K. စဉ်းလဲမှု

ဇာတ်ကောင်၏ အပြုအမူ၊ သူခိုး၊ လူလိမ်လူညာ၊ ဖမ်းဆီးခြင်း၊ ထွက်ပြေး လွတ်မြောက်ခြင်း၊ သွေးဆောင်မှု၊ ဖောက်ပြန်မှု၊ အယောင်ဆောင်ခြင်း၊ ပုံမှားရိုက်ခြင်း

L. ကံကြမ္မာ အလှည့်အပြောင်း

အခြေအနေမလှဘဲ ကံဆိုးသော ကလေးငယ်၏ အောင်မြင်မှု၊ ဂုဏ်မာနထောင်လွှားသူတို့ ကျဆုံးမှု

M. ပြောင်းလဲ၍မရသော စီရင်မှု၊ အပေးအယူ၊ ကတိ၊ ကျိန်စာ

N. ကံတရား

အလောင်းအစား၊ အရေးပေးခံရမှု၊ ချီးမြှင့်ခြင်း

O.

P. လူမှုစနစ်

လူမှုစနစ်အခြေအနေ၊ ဘုရင်၏ဓလေ့ထုံး၊ လူမှုအဆင့်အတန်း၊ အလုပ်အကိုင်တို့၏ ဆက်သွယ်မှု၊ ဥပဒေ၊ စစ်တပ် စသည်

Q. ဆုလဒ်နှင့် ပြစ်ဒဏ်

R. အကျဉ်းခံများနှင့် တိမ်းရှောင်သူများ

S. ရက်စက်မှု

T. လိင်

လူပျိုလှည့်ခြင်း၊ ပိုးပမ်းခြင်း၊ ထိမ်းမြားလက်ထပ်ခြင်း၊ အိမ်ထောင်သည်ဘဝ၊ ကလေးမွေးခြင်း၊ အမျိုးမျိုးသော လိင်ပိုင်းဆိုင်ရာ ဆက်သွယ်မှုများ

U. လောကအသိ

လူ့သဘာဝ စသည်တို့တွင် "လောကကြီးက ဒီလိုရှိတယ်" စသဖြင့် မှတ်ယူပုံ

V. ဘာသာရေး

W. ဇာတ်ဆောင်စရိုက်များ

X. ဟာသ

Y.

Z. အထွေထွေ

A Mythological Motifs

ဒဏ္ဍာရီလာ အကြောင်းအရာများ

AO- A99. Creator ဖန်ဆင်းရှင်

A0. Creator ဖန်ဆင်းရှင်

A10. Nature of the Creator

ဖန်ဆင်းရှင်၏ သဘာဝ

A20. Origin of the Creator

ဖန်ဆင်းရှင်၏ မူလအစ

A30. Creator's companions

ဖန်ဆင်းရှင်၏ အဖော်သဟဲများ

A40. Creator' advisers

ဖန်ဆင်းရှင်၏ အကြံပေးများ

A50. Conflict of good and evil creators

ကောင်းဆိုး ဖန်ဆင်းရှင်တို့၏ ပဋိပက္ခ

A60. Marplot of creation

ဖန်ဆင်းမှု ကမောက်ကမဖြစ်ခြင်း

A70. Creator-miscellaneous motifs

ဖန်ဆင်းရှင် အခြားအထွေထွေ အကြောင်းအရာများ

A100-A499 Gods

ဘုရားသခင်များ

A100- A199. The gods in generaal

ဘုရားသခင်များ (ယေဘုယျ)

A100. Deity ewfa'0g

A110. Origin of the gods

နတ်ဘုရားတို့၏ မူလအစ

A120. Nature and appearance of the gods

နတ်ဘုရားတို့၏သဘာဝနှင့် သွင်ပြင်

A130. -

A140. Gods as workmen

အလုပ်လုပ်သော နတ်ဘုရားများ

A150. Daily life of the gods

နတ်ဘုရားတို့၏ တစ်နေ့တာအလုပ်

A160. Mutual relations of the gods

နတ်ဘုရားအချင်းချင်း အပြန်အလှန် ဆက်ဆံရေး

A170. Deeds of the gods

နတ်ဘုရားတို့ အလုပ်များ

A180. Gods in relation to mortals

နတ်ဘုရားနှင့် လူသားဆက်ဆံရေး

A190. Gods-miscellaneous motifs

ဘုရားသခင်များ - အထွေထွေ အကြောင်းအရာ

A200- A299. Gods of the upper world

အထက်ဘုံ နတ်ဘုရားများ

A200. God of the upper wold

အထက်ဘုံ နတ်ဘုရားများ

A210. Sky-god ကောင်းကင်နတ်

A220. Sun-god နေနတ်

A230. -

A240. Moon god လနတ်

A250. Star-god ကြယ်နတ်

A260. God of light အလင်းနတ်

A270. God of dawn အရုဏ်နတ်

A280. Weather god ရာသီဥတုနတ်

A300- A399. Gods of the underworld

အောက်ဘုံ နတ်ဘုရားများ

A300. God of the underworld

အောက်ဘုံ နတ်ဘုရားများ

A310. God of the world of the dead

ယမမင်း၊ သေသူတို့၏နတ်

A400 A499. Gods of the earth

ကမ္ဘာစောင့် နတ်ဘုရား

A400. God of the earth

ကမ္ဘာစောင့် နတ်ဘုရား

A410. Local gods

ဒေသိယ နတ်များ

A420. God of water

ရေနတ်

A430. God of Vegetation

သစ်သီးဝလံဟင်းသီးဟင်းရွက်နတ်များ

A440. God of animals

တိရစ္ဆာန်စောင့်နတ်

A450. God of frades and professions

ကုန်သွယ်ရေးနှင့် အလုပ်အကိုင် စောင့်နတ်

A460. Good of abstractions

ဒြပ်မဲ့များကို စောင့်သောနတ်

A470. -

A480. -

A490. Miscellaneous gods of the earth

ကမ္ဘာနတ် အထွေထွေ

A500- A599. Demigods and culture heroes

လူတစ်ပိုင်း နတ်တစ်ပိုင်း (ကပြားနတ်များ)နှင့် အစဉ်အလာ သူရဲကောင်းများ

A500. Demigod and culture heroes

ကပြားနတ်များနှင့် သူရဲကောင်းများ

A510. Origin of the culture hero (demigod)

အစဉ်အလာ သူရဲကောင်း (ကပြားနတ်) တို့၏ မူလအစ

A520. Nature of the culture hero (demigod)

အစဉ်အလာသူရဲကောင်းတို့၏ ဘာဝ

A530. Culture hero establishes law and order

အစဉ်အလာ သူရဲကောင်းက ဥပဒေချမှတ်ပေးခြင်း

A540. -

A550. -

A560. Culture hero's departure (demigod)

အစဉ်အလာသူရဲကောင်း ကွယ်ခြင်း

A570. Culture hero still live

အစဉ်အလာသူရဲကောင်း ရှိနေခြင်း

A580. Culture hero's expected return

အစဉ်အလာသူရဲကောင်း ပြန်ပေါ်ခြင်း

A590. Demigods and culture heroes-miscellaneous

၎င်းအထွေထွေ

A600-A899 Cosmogony and Cosmology

(စကြဝဠာမူလအစနှင့် စကြဝဠာဗေဒ)

A600- A699. The Universe

စကြဝဠာ

A600- A649. Creation of the Universe

စကြဝဠာကို ဖန်ဆင်းခြင်း

A610. Creation of universe by Creator

ဖန်ဆင်းရှင်က စကြဝဠာကိုဖန်ဆင်းခြင်း

A620. Spotaneous creation of universe

စကြဝဠာကို အစဉ်အပြတ် ဖန်ဆင်းခြင်း

A630. Sexies of creations

ဖန်ဆင်းမှု အစဉ်တန်း

A640. Other means of creating the universe

စကြဝဠာ ဖန်ဆင်းပုံအမျိုးမျိုး

A650- A699. Nature of the universe

စကြဝဠာ၏ သဘာဝ

A650. The universe as a whole

စကြဝဠာကို အလုံးစုံရှုမြင်ခြင်း

A660. Nature of the upper world

အထက်ဘုံလောက၏ သဘာဝ

A670. Nature of the lower world

အောက်ဘုံလောက၏ သဘာဝ

A680. -

A690. Miscellaneous worlds

လောကအထွေထွေ

A700- A799. The heavens

နိဗ္ဗာန်ဘုံ၊ ကောင်းကင်ဘုံ

A700. Creation of heavenly bodies

ကြယ်၊ ဂြိုဟ်၊ နက္ခတ်တို့ကို ဖန်ဆင်းခြင်း

A710- A739. The sun

နေ

A710. Creation of the sun

နေကို ဖန်ဆင်းခြင်း

A720. Nature and condition of the sun

နေ၏သဘာဝနှင့် အခြေအနေမ

A740- A759. The moon လ

A740. Creation of the moon

လကို ဖန်ဆင်းခြင်း

A750. Nature and condition of the moon

လ၏သဘာဝနှင့် အခြေအနေ

A760- A789. The stars ကြယ်များ

A760. Creation and condition of stars

ကြယ်၏သဘာဝနှင့် အခြေအနေ

A770. Origan of Panticular stars

ကြယ်၏မူလအစ

A780. The Planets (comets, etc.)

ဂြိုဟ် (ကြယ်တံခွန်၊ ဥက္ကာပျံ)

A790- A799. The heavenly lights

စကြဝဠာ အလင်း၊ ကောင်းကင်း အလင်း

A800- A899. The earth ကမ္ဘာ

A800- A839. Creation of the earth

ကမ္ဘာကို ဖန်ဆင်းခြင်း

A810. Primeval water

ရေ၏မူလအစ

A820. Other means of creation of earth

ကမ္ဘာဖန်ဆင်းပုံ အမျိုးမျိုး

A830. Creation of earth by creator

ကမ္ဘာကို ဖန်ဆင်းရှင်က ဖန်ဆင်းခြင်း

A840. Support of the earth

ကမ္ဘာကို ထောက်ပံ့ ပိုးပေးခြင်း

A850. Changes in the earth

ကမ္ဘာရှိ အပြောင်းအလဲများ

A860. -

A870. Nature and condition of earth

ကမ္ဘာ၏ သဘာဝနှင့် အခြေအနေ

A900- A999. Topographical features of the earth

ကမ္ဘာ၏ မြေမျက်နှာသွင်ပြင်

A900. Topography-general considerations

မြေမျက်နှာသွင်ပြင် အယူအဆအမျိုးမျိုး

A910- A949. Water features

ရေ၏သဘောသဘာဝ အမျိုးမျိုး

A910. Origin of water feature- general

ရေ၏မူလရင်းမြစ် (ယေဘုယျ)

A920. Origin of the seas

ပင်လယ်၊ သမုဒ္ဒရာ မူလအစ

A930. Origin of streams

စိမ့်စမ်း မူလအစ

A940. Origin of other bodies of water

ရေရင်းမြစ် မူလအစ

A950- A999. Land features

မြေ၏သွင်ပြင်များ

A950. Origin of the land

မြေ၏ မူလအစ

A960. Creation of mountains

တောင်ကို ဖန်ဆင်းခြင်း

A970. Origin of rocks and stones

ကျောက်တုံး ကျောက်ဆောင် မူလ အစ

A980. Origin of particular places

နေရာဒေသ မူလအစ

A990. Other land features

မြေမျက်နှာသွင်ပြင် အမျိုးမျိုး

A1000- A1099. World calamities

ကပ်ဘေးဒုက္ခ၊ ကပ်ဆိုက်ခြင်း

A1000. World Catastrophe

ကမ္ဘာ့ကပ်ဘေးကြီး

A1010. Deluge

ရေလွှမ်းသည့်ဘေးကြီး

A1020. Escape from deluge

ရေဘေးမှ လွတ်မြောက်ခြင်း

A1030. World fire

ကမ္ဘာ့မီးကပ်ကြီး

A1040. Continuous winter destroys the races

လူမျိုးနွယ် ပြုန်းလောက်သော ရေခဲဘေးကြီး

A1050. Heavens breakup at end of world

လောကအဆုံးတွင် ကောင်းကင်ဘုံ ပျက်ခြင်း

A1060. Earth-disturbances at end of world

လောကအဆုံးတွင် ကမ္ဘာပျက်ခြင်း

A1070. Fettered monster's escape at end of world

လောကအဆုံးတွင် ဖမ်းချုပ်ထားသော ဧရာမဘီလူးများ လွတ်ခြင်း

A1080. Battle of end of world

လောကအဆုံးတွင် စစ်ဖြစ်ခြင်း

A1090. World clamities-miscellaneous motifs

ကမ္ဘာ့ကပ်ဘေး အထွေထွေ

A1100- A1199. Establishment of natural order

သဘာဝလောက အစဉ်ကိုတည်ခြင်း

A1110. Estarblishment of present order: waters

လက်ရှိလောက ရေသဘာဝ တည်ခြင်း

A1120. Estarblishment of present order: winds

လက်ရှိလောက လေသဘာဝ တည်ခြင်း

A1130. Estarblishment of present order: weater phenomena

လက်ရှိလောက ရာသီဥတု သဘာဝ တည်ခြင်း

A1140. -

A1150. Determination of seasons

ရာသီဥတု ခွဲခြားပုံ

A1160. Determination of months

လ ခွဲခြားပုံ

A1170. Origin of night and day

နေ့ည၏ မူလအစ

A1180. Estarblishment of present order: miscellaneous motifs

လက်ရှိလောက သဘာဝ အထွေထွေ

A1190. -

A1200-A1699 Creation and Ordering of Human life

## လူသားဘဝ ဖန်ဆင်းခြင်းနှင့် အစီအစဉ်

A1200- A1299. Creation of man

လူကိုဖန်ဆင်းခြင်း

A1210. Creation of man by creator

ဖန်ဆင်းရှင်က လူကိုဖန်ဆင်းခြင်း

A1220. Creation of man through evolution

ဆင့်ကဲ ပြောင်းလဲပုံဖြင့် လူဖန်ဆင်းခြင်း

A1230. Emergence of descent of first man to earth

ကမ္ဘာ့ပထမဆုံး လူ၏မျိုးဆက်များ ပေါ်လာပုံ

A1240. Man made from mineral substance

လူကို မြေ၊ သတ္တုတို့မှ ဖန်ဆင်းခြင်း

A1250. Man made from vegetable substance

လူကို အပင်မှဖန်ဆင်းခြင်း

A1260. Mankind made from miscellaneous materials

အမျိုးမျိုးသောအရာမှလူကိုဖန်ဆင်းခြင်း

A1270. Primeval human pair

မူလဘူတ လူအထီးအမအစုံ

A1280. -

A1290. Creation of man-other motifs

လူဖန်ဆင်းခြင်း အထွေထွေ

A1300- A1399. Ordering of human life

လူ့ဘဝကို စီစဉ်ပုံ

A1310. Arrangement of man's bodily attributes

လူ့ခန္ဓာကိုယ် စီစဉ်ပုံ

A1320. Determination of span of life

လူ့သက်တမ်း စီစဉ်ပုံ

A1330. Beginning of trouble for man

လူ့ဒုက္ခ မူလအစ

A1340. -

A1350. Origin of sex functions

လိင်ဆက်ဆံခြင်း မူလအစ

A1360. Man's growth and maturity

လူအရွယ်ရောက်ခြင်း

A1370. Origin of mental and moral characteristics

လူ၏စိတ်နှင့် ကျင့်ဝတ်သဘာဝ မူလအစ

A1380. -

A1390. Ordering of human life-miscellaneous

လူ့ဘဝစီစဉ်ပုံ အထွေထွေ

A1400- A1499. Acquisition of culture

ယဉ်ကျေးမှု ရရှိပုံ

A1400. Acquisition of human culture

လူ့ယဉ်ကျေးမှု ရရှိပုံ

A1410. Acquisition of livable environment

အခြေတကျနေရန် ပတ်ဝန်းကျင်ရရှိပုံ

A1420. Acquisition of food supply

အစားအစာရရှိပုံ

A1430. Acquisition of other necessities

အခြားအသုံးအဆောင်များ ရရှိပုံ

A1440. Acquisition of craft

လက်မှုအတတ် ရရှိပုံ

A1450. -

A1460. Acquisition of art

အနုပညာရရှိပုံ

A1470. Beginning of social relationships

လူမှုဆက်ဆံရေး၏ မူလအစ

A1480. Acquisition of wisdom and learning

ဉာဏ်ပညာနှင့် လေ့လာမှု ရရှိပုံ

A1490. Acquisition of culture-miscellaneous

ယဉ်ကျေးမှုရရှိပုံ အထွေထွေ

A1500- A1599. Origin of customs

ဓလေ့ထုံး၏ မူလအစ

A1510. Origin of eating customs

စားသောက်ပုံဓလေ့ မူလအစ

A1520. Origin of  hunting and fishing customs

အမဲလိုက်၊ ငါးဖမ်းခြင်း မူလအစ

A1530. Origin of social ceremonials

လူမှုရေးပွဲများ မူလအစ

A1540. Origin of religious ceremonials

ဘာသာရေးပွဲများ မူလအစ

A1550. Origin of customs of courtship and marriage

လူပျိုလှည့်ခြင်း၊ အိမ်ထောင်ပြုခြင်း ဓလေ့ မူလအစ

A1560. Origin of customs connected with birth

မွေးဓလေ့ မူလအစ

A1570. Origin of regulations within the family

မိသားစုစနစ် မူလအစ

A1580. Origin of laws

ဥပဒေ၏ မူလအစ

A1590. Origin of other customs

ဓလေ့အမျိုးမျိုး မူလအစ

A1600- A1699. Distribution and differentitation of peoples

လူပျံ့နှံ့ပုံနှင့် အမျိုးကွဲပုံ

A1610. Origin of various tribes

လူမျိုးစု အသီးသီး၏ မူလအစ

A1620. Distribution of tribes

လူမျိုးစုတို့ ပျံ့နှံ့ပုံ

A1630. Wandering of tribes

လူမျိုးစုတို့ လှည့်လည်ပုံ

A1640. Origin of tribal subdivisions

လူမျိုးစုတို့ ထပ်မံစိတ်ပွားပုံ

A1650. Origin of different calssed- social and professional

လူတန်းစားကွဲပြားပုံ မူလအစ - လူမှုရေးနှင့် အလုပ်အကိုင်အရ

A1660. Characteristics of various people-in personal appearance

လူမျိုးစု အသီးသီး၏ ဝိသေသလက္ခဏာ - ရုပ်သွင်ပြင်အရ

A1670. Characteristics of various people-in industry and war fare

လူမျိုးစု အသီးသီး၏ ဝိသေသ လက္ခဏာ - အလုပ်အကိုင် စစ်ရေး အရ

A1680. Characteristics of various people-in habits

လူမျိုးစု အသီးသီး၏ ဝိသေသ လက္ခဏာ - အကျင့်စရိုက်အရ

A1690. -

စစ်သွမ်ဆန်၏ အကြောင်းအရာ အညွှန်းစနစ် အတိုင်း "အရှေ့တောင်အာရှ ကျေးလက်စာပေ အကြောင်းအရာ အညွှန်း [motif-Index of southease Asian folk-Literature (according to the system of stith Thompson: Motif-Index of Folk-Literature)" ဟူသော အညွှန်းကျမ်းကို ခရစ်တီနာ လင်ဒဲလ် (Kristina Lindell) က ပြုစုခဲ့ရာ လာအို၊ ဗီယက် နမ်၊ ထိုင်းနှင့် တရုတ်နယ်တို့ ဆက်စပ်နေသည့် ဒေသဖြစ် သော ကမ်မူ (Kammu) ဒေသ၏ ယဉ်ကျေးမှုကို ကမ္ဘာတစ်ဝှန်းရှိ ကျေးလက်အနပညာ သုတေသီတို့အတွက် လေ့လာမှုလမ်းစ ပွင့်သွားသည်ဟု ဆိုရပါမည်။ မြန်မာနိုင်ငံတွင် လူထုဦးလှ၏ တိုင်းရင်းသားပုံပြင်များ၊ မြန်မာပုံပြင်များ။ ကျေးလက်တေးများ၊ လုတောသား၊ ချီပါသား၊ ပခန်းသား တို့၏ စကားဥပမာပုံပြင်များ၊ ဖန်းမော်ဆရာတော်၊ သင်္ဂဇာ ဆရာတော်တို့၏ စကားပုံ(ပြင်) များ စသည်ဖြင့်ရှိရာ ၎င်းတို့ ကို Motif-Indes လုပ်နိုင်လျှင် ခေတ်ပြိုင်နှင့် မျိုးဆက်သစ် ကျေးလက်အနုပညာ သုတေသီများ၊ ဘာသာဗေဒပညာရှင်များ၊ မနုဿဗေဒ လေ့လာသူများ အတွက် အဖိုးမဖြတ်နိုင်သော ပညာတံခါးကြီးဖြစ်မည်မှာ မလွဲပေ။ အောက်တွင် အရှေ့တောင်အာရှ ကျေးလက်စာပေ အကြောင်းအရာ အညွှန်းမှ ဥပမာကို ဖော်ပြလိုက်ပါသည်။

A. Mythological motifs

| | |
|---|---|
| A32.2 | Creator's daughter. China Backer 1988:1 (Manchu); |
| A120.1 | God as shape-shifter. Vietnam: Terada 1989 p.50; |
| A123.3.3 | God with 12 eyebrows. Laos: FT-K4:7.c. (Kammu); |
| A 132. | God in animal form. Vietnam: Dang 1992, Terada 1989, p.50; |
| A 132. | God in animal form. China: Backer 1988:3 (Manchu); |
| A 132.5 | Bear-god. China, Backer 1988:3 (Manchu), 29 (Nanay); |
| A132.6.3.1 | God takes form of cock. Vietnam: Dang 1992; |
| A132.10 | Tiger-god. China: Backer 1988:3 (Ma nchu), 29 (Nanay); |

**ကျမ်းကိုးစာရင်း**


1. Leach, Maria and J.fried, eds., Funk and Wagnalls Standard Dictionary of Folklore, Mythology and Legend, Now York: Funk and Wagnalls, 1972.
2. Oring, Elliott, ed., Folk Groups and Floklore Genres: An Introduction, Legoan utah: utah state university press, 1986.
3. Bell, Sita, Anti-sencitic Folklore motif Index, utah state university, Digital commons @ USU, 2009.
4. Uther, Hans-Jorg, "Classifying Tales: Remarks to Indexes and systems of Ordering", *Nar. UMJET*, 46/1, pp- 15-32, 2009.
5. Uther, Hans-Jorg, "Type-and motif Indices 1980-1995: An Inventory",*Asia Folklore Studies*, Vol.55, pp.299-317, 1996.
6. Indice General dei Motivi, Thompson Motif-Index Listed Alphabetically. (n.d)
7. Lindell, krishina, motif-index of south east Asian Folk-Literature, Lund University, (n.d).



အောင်နီဦး

1st Jan, 2019

STUDIO Mingalandon


■

# အစ္စလာမ်နှင့် အကြမ်းမဖက်လှုပ်ရှားမှု

(ISLAM AND NON-VIOLENCE)

## နိဒါန်း

အကြမ်းမဖက်ခြင်း (Non-Violence) ဆိုသည်မှာ ဘာမှာလုပ်ကိုင်ဆောင်ရွက်ခြင်းမရှိပဲ ငြိမ်ခံနေ ခြင်းဟု ထင်မှတ်မမှားစေလိုပါ။ အကြမ်းမဖက်ခြင်းဆိုသောစကားလုံး၏ ပြည့်ဝသော အနက်အဓိပ္ပာယ်ကိုက ပြုမူဆောင်ရွက်ခြင်းဖြစ်တယ်။ အကြမ်းဖက်ခြင်းထက် ပိုမိုအားပြည့်သော ပြုမူဆောင်ရွက်ချက်ဖြစ်တယ်။ အကြမ်းမဖက် လှုပ်ရှားမှုဟာ အကြမ်းဖက်လှုပ်ရှားမှုထက် ပိုမိုလေးနက်ပါတယ်။ အကျိုးသက်ရောက်မှုများပြီး ပိုမိုလည်းကျယ်ပြန့်ပါတယ်။ အကြောင်းတရားများကို အောက်မှာ ဖော်ပြပေးပါမယ်။

၁။ တစ်ဦးတစ်ယောက် (သို့)အဖွဲ့တစ်ဖွဲ့ (သို့)လူ့အစုအဝေးတစ်ခုဟာ ပြဿနာတစ်ခု ကြုံတွေ့လာတဲ့အခါ အကြမ်းဖက်ခြင်းနည်းလမ်းကိုသုံး၍ဖြေရှင်းလေ့ရှိကြတယ်။ ပြဿနာတစ်ခုကို ဖြေရှင်းတဲ့အခါ အကြမ်းဖက်မှုများကို ရှောင်ရှားပြီး အပေးအယူမျှတသော ငြိမ်းချမ်းစွာဖြေရှင်းတဲ့နည်းလမ်းကို သုံးခြင်းဟာ ပိုမိုကောင်းမွန်ပါတယ်။ ငြိမ်းချမ်းစွာဖြေရှင်းနည်းဆိုတာမှာ ပုံစံမျိုးစုံရှိပါတယ်။ ဖြစ်ပျက်တဲ့ပြဿနာရဲ့သဘောသဘာဝကိုကြည့်ပြီး ဘယ်နည်းလမ်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းနိုင်မလဲဆိုတာ စဉ်းစားရပါမယ်။

၂။ အစ္စလာမ်သာသနာကတော့အကြမ်းမဖက်သောနည်းလမ်းကို သင်ကြားထားတဲ့ ဘာသာ သာသနာဖြစ်တယ်။ ကျမ်းတော်မြတ်ကုရ်အာန် (၂း၂၀၅)မှာ

"အလ္လာဟ်အရှင်မြတ်ဟာ ဖျက်ဆီးမှု (Fasad) ကို စိုးစဉ်းမျှနှစ်သက်တော်မမူပေ"

လို့ဖော်ပြထားပါတယ်။ဒီနေရာမှာ Fasad ဆိုတဲ့စကားလုံးဟာ အခြေခံအားဖြင့် လူမှုစနစ် ဇယားကို ပြိုကွဲအောင် လုပ်သူလို့ အဓိပ္ပာယ်ရတယ်။ အသက်၊ စည်းစိမ်၊ ဥစ္စာကို ဖျက်ဆီးခြင်းဖြစ်တယ်။

၃။ အရှင်မြတ်ဟာ အကြမ်းမဖက်ခြင်းကိုသာ နှစ်သက်တယ်ဆိုတာကိုတော့ ကျွန်တော်တို့သေချာ ပြောနိုင်ပါတယ်။ လူ့အစုအဝေးအတွင်းမှာ လူတွေဟာ အကြမ်းဖက်မှုများကို စိတ်လိုက်မာန်ပါ လုပ်တတ်ကြပါတယ်။ အရှင်မြတ်ဟာ ဒါကို ရွံရှာမုန်းတီးတယ်။ အကြမ်းဖက်မှုပြုလုပ်သူများဟာ သူတို့ရဲ့ အသက်တွေနဲ့ ဥစ္စာပစ္စည်းတွေကို စတေးရတတ်ပါတယ်။ ကျမ်းတော်မြတ် ကုရ်အာန် (၅၉း၂၃)မှာလည်း ငြိမ်းချမ်းခြင်းဟာ အရှင်မြတ်ရဲ့ဂုဏ်တော်တစ်ပါး ဖြစ်တယ်လို့ ဖော်ပြထား ပါတယ်။

"အလ္လာဟ်အရှင်မြတ်ရဲ့ကျေးဇူးတော်ကို ဘယ်သူရှာဖွေမလဲ၊ အရှင်မြတ်ဟာ ထိုသူကို ငြိမ်းချမ်းမှုဆီသို့ လမ်းပြတော်မူမယ်" လို့ ဆိုထားပါတယ်။

"အသင်သည် အရှင်မြတ်ထံတော်သို့ ကျေနပ်လျက် အရှင်မြတ် ၏ ကျေနပ်မှုကိုခံယူပြီး ပြန်သွားလေလော့" ဟု ကုရ်အာန်ကျမ်းတော်မြတ် (၈၉း၂၈) မှာ ဖော်ပြထားပါတယ်။

"ငင်းပြင်အသင်သည် အရှင်မြတ်၏ သုခဘုံ၌ ဝင်ရောက်စံမြန်းလေလော့" ဟု ကုရ်အာန်ကျမ်းတော်မြတ် (၈၉း၃၀)မှာ ဖော်ပြထားပါတယ်။

ဒီဆိုလိုရင်းဟာ ကုရ်အာန်ကျမ်းတော်မြတ်ရဲ့

# “စွဲမြဲကြံ့ခိုင်စွာ ရှိကြသောသူတို့သည်သာလျှင် မိမိတို့၏အကျိုးကိုအသေချာ၊ အသချာ ပေးဆပ်ခြင်း ခံကြရပေမည်”

အနစ်သာရဖြစ်ရုံမက ပြီးပြည့်စုံတဲ့ အသက်ဇီဝိန်လည်း ဖြစ်တယ်။ ဒ့ါပြင်မက ကုရ်အာန်ကျမ်းတော်မြတ်မှာ ကြံ့ကြံ့ခံခြင်းဟာလည်းအလွန်အရေးကြီးကြောင်း ဖော်ပြထားပါတယ်။ ကြံ့ခိုင်ခြင်းဟာ အခြားသော အစ္စလာမ့် သွန်သင်ချက်များရဲ့ အခြေခံဖြစ်ကြောင်း ကုရ်အာန်ကျမ်း တော်မြတ် (၃၉း၁၀) မှာအောက်ပါအတိုင်း ဖော်ပြထားပါ တယ်။

“စွဲမြဲကြံ့ခိုင်စွာ ရှိကြသောသူတို့သည်သာလျှင် မိမိတို့၏ အကျိုးကိုအသေချာ၊ အသချာ ပေးဆပ်ခြင်းခံကြရပေမည်”

တကယ်တော့ ကြံ့ကြံ့ခံခြင်းဟာ သူများပြုသမျှ ခေါင်းငုံ့ခံခြင်းမဟုတ်ဘဲငြိမ်းချမ်းစွာတုန့်ပြန်ခြင်းဖြစ်ကြောင်း ပေါ်လွင်ပါတယ်။ ကြံ့ခိုင်မှု မရှိရင်တော့ အကြမ်းဖက်တဲ့ တုန့်ပြန်မှုတွေ ဖြစ်ပေါ် စေပါတယ်။ {Sabr” ဆိုတဲ့ စကားလုံးဟာ ဒီနေ့ခေတ်သစ်ကမ္ဘာမှာ ပြောနေကြတဲ့ အကြမ်းမဖက်ခြင်း (Non-Violence) ဆိုတာပဲ ဖြစ်ကြောင်း အသေအချာဖော်ပြထားပါတယ်။ ဒီကြံ့ခိုင်ခြင်းများဟာ အကြမ်းမဖက်သော လုပ်ဆောင်မှုပဲ ဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ထားခဲ့ပြီးဖြစ်ပါတယ်။ “အရှင်မြတ်ဟာ ယဉ်ကျေး သိမ်မွေ့မှုကိုသာ ခွင့်ပြုပြီး အကြမ်းဖက်မှုကို ခွင့်မပြု ကြောင်း” တမန်တော်မြတ်မုဟမ္မဒ် (ငြိမ်းချမ်းပါစေ)ရဲ့ သြဝါဒတော်ဖြစ်တဲ့ Abu Dawudç Sunan ၄။၂၅၅ မှာဖော်ပြ ထားပါတယ်။

အရှင်မြတ်ဟာ အကြမ်းမဖက်ခြင်းကိုသာ ခွင့်ပြုထားပြီး အကြမ်းဖက်ခြင်းကိုတားမြစ်ထားခြင်းဟာ သာမန်အကြောင်းအရာတော့မဟုတ်ပါဘူး။ ကျယ်ပြန့်ပြီး နက်နဲလှပါတယ်။ အကြမ်းဖက်မှုဟာ ပြစ်မှုကျူးလွန်ခြင်းဖြစ်ပြီး အကြမ်းမဖက်ခြင်းဟာ ဥပဒေဘောင်အတွင်းမှ ဖြစ်သောကြောင့် ပြစ်မှုများမှ ကင်းလွတ်ပြီး ပိုပြီးတော့လည်း အားပြင်းပါတယ်။ အဆုံးအစမဲ့ သဘာဝဥပဒေသများကို ပုံပေါ်စေပါတယ်။ သဘာဝဥပဒေသအရ အကြမ်းဖက်မှုနှင့် ဆက်နွယ်နေသော အရာများမှာ မကောင်းမှုများဖြစ်ပြီး၊ အကြမ်းမဖက်မှုနှင့် ဆက်နွယ်နေသော အရာများသည် ကောင်းမှုများဖြစ်သည်။

အကြမ်းဖက်မှုများဟာ လူ့အစုအဝေးအတွင်း အမုန်းတရားများကို ကြီးထွားစေပြီး အကြမ်းမဖက် လှုပ်ရှားမှုများဟာ ချစ်ခြင်းမေတ္တာကိုသာ တိုးပွားစေပါတယ်အကြမ်းမဖက်မှုဟာ ရှင်သန်စေပြီး အကြမ်းဖက်မှုများဟာ ပျက်ဆီးဆုံးရှုံးမှုများကိုသာ ဖြစ်စေတယ်။ အကြမ်းဖက်မှုများပြီးနောက်တွင် ရန်သူသာ များသထက်များလာပြီး အကြမ်းမဖက် လုပ်ဆောင်မှုများမှာတော့ ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လာစေပါတယ်။ အကြမ်းဖက်နည်းစနစ်များဟာ ရှိယင်းစွဲတန်ဖိုးများကို ယုတ်လျော့သွားစေပြီး အကြမ်းမဖက်သောနည်းလမ်းဟာ ယုံကြည်ချက်နှင့် တန်ဖိုးများကိုပါ တိုးပွားမြှင့်တင်ပေးပါတယ်။ အကြမ်းဖက်နည်းလမ်းဟာ လူတွေကို ပြဿနာတွေ၊ ရန်ပွဲတွေကိုသာ ဖြစ်ပွားစေပြီး၊ အကြမ်းမဖက်သောနည်းလမ်းဟာ လူတွေကိုရဲရင့်မှုနဲ့ တက်ကြွလှုပ်ရှားမှု စတဲ့ကောင်းကျိုး တွေကိုသာပေးတယ်။ အတိုချုံးအားဖြင့် အကြမ်းဖက်မှုဟာ သေဆုံးခြင်းဖြစ်ပြီး အကြမ်းမဖက်ခြင်းဟာ ရှင်သန် ခြင်းပဲဖြစ်တယ်။

ဂျီဟာဒ် ဘာလဲဆိုတာ ကုရ်အာန်နှင့် တမန်တော်မြတ်၏ သြဝါဒတော်(ဟဒီးဆ်)များဖြင့် အရေးတကြီး ရှင်းဖို့လိုပါလိမ့်မယ်။ ဂျီဟာဒ်ဆိုတာဘာလဲ? ဂျီဟာဒ်ရဲ့အဓိပ္ပာယ်က ရုန်းကန်ကြိုးစားခြင်းပဲ ဖြစ်ပါတယ်။ တစ်ဦး တစ်ယောက်ရဲ့ အစွမ်းကုန်ကြိုးပမ်းမှုပါပဲ။ ဂျီဟာဒ်ဆိုတာ အကြမ်းဖက်ရန်အတွက် ရုန်းကနကြိုးပမ်းခြင်း မဟုတ်ပဲ အကြမ်းမဖက်လှုပ်ရှားမှုအတွက် ကြိုးပမ်းအားထုတ်ခြင်း ဖြစ်တယ်ဆိုတာကိုတော့ ပထမဆုံး အသိအမှတ်ပြုကို ပြုပေးရပါလိမ့်မယ်။ ကုရ်အာန်ကျမ်းတော်မြတ် (၂၅း၅၂)မှာ ရှင်းလင်းတဲ့ သက်သေတစ်ခုပါရှိ ပါတယ်။

“ကုရ်အာန်ကျမ်းတော်မြတ် (ကျမ်းပိုဒ်များ) ဖြင့် အပြင်းထန်ဆုံး ဂျီဟာဒ်လုပ်ပါလေ”

ကုရ်အာန်ကျမ်းတော်မြတ်ဟာ ဓားမဟုတ်သလို သေနတ်လည်းမဟုတ်ပါဘူး။စဉ်းစားသုံးသပ်နိုင်ရန်အတွက် ကျမ်းသာဖြစ်ပါတယ်။ ကုရ်အာန်ကျမ်းတော်မြတ်ဖြင့် ဂျီဟာဒ် ပြုလုပ်ခြင်းဆိုတာဟာ "အစ္စလာမ်၏ မြင့်မြတ်သော စဉ်းစားတွေးခေါ်မှုနှင့် လူသားနေထိုင်မှုများကို လူတွေရဲ့ စိတ်နှလုံးများမှ သိရှိလာစေရန်အတွက် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ခြင်း" ဖြစ်တယ်။

ကုရ်အာန်ကျမ်းအရ "ဂျီဟာဒ်ရဲ့စစ်မှန်သောအခြားအဓိပ္ပာယ်က ငြိမ်းချမ်းရေးအတွက် တက်ကြွလှုပ်ရှားခြင်း (သို့) အကြမ်းမဖက်လှုပ်ရှားခြင်း" ပဲဖြစ်တယ်။ ကိ တားလ် (Qital) ဆိုတာဟာ အကြမ်းဖက်ခြင်းဖြစ်ပြီး ဂျီဟာဒ် (Jihard) ဆိုတာကတော့ အကြမ်းမဖက် လှုပ်ရှားခြင်းသာ ဖြစ်ပါတယ်။

**အခန်း (၁) ငြိမ်းချမ်းစွာ အစပြုခြင်း**

ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ ပထမဆုံး ဗျာဒိတ်တော်ကို အမိန့်အဖြစ်နဲ့ထုတ်ပြန်ခဲ့ပါတယ်။ ဒါကတော့ ကုရ်အာန်ကျမ်းတော်မြတ်(၉၆း၁)မှာ "ဖတ်လော့" ဖြစ်တယ်။ ဒီကျမ်းပိုဒ်ကိုအသေအချာ လေ့လာစဉ်းစားခြင်းဖြင့် အစ္စလာမ်ရဲ့ ပထမဆုံးလုပ်ဆောင်ရ မယ့်အရာကို သိရှိနိုင်ပါတယ်။ ဒီကနေစပြီး ငြိမ်းချမ်းရေးဆီဦးတည်တဲ့ လုပ်ဆောင်မှု များကို လုပ်ဆောင်နိုင်ရန်အတွက် လမ်းညွှန်ချက် (ကျမ်းပိုဒ်)များပို့ချ ပေးခဲ့တယ်။ အကြမ်းဖက် မှုတွေအတွက်တော့ လုံးဝ အခွင့်အရေးပေးမထားပါဘူး။

"ဖတ်လော့" ဟူသော ညွှန်ကြားချက် ထုတ်ပြန်ပို့ချခဲ့သော အချိန်အခါမှာ မက္ကာတွင် အခြားသော ရွေးချယ်စရာများထဲမှ ဖတ်ခြင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်တယ်။ ဥပမာအားဖြင့် - တခြားရွေးချယ်နိုင်စရာတစ်ခုမှာကအ်ဗာ ကျောင်းတော်ထဲမှ ရိုးရာနတ်ဘုရား၃၆၀ ကို ပြန်လည် ဖယ်ရှားခိုင်းစေခြင်းဖြင့်လည်း စလို့ရပါတယ်။ ဒါပေမယ့် ဒီနည်း လမ်းဖြင့် မစခဲ့ပါဘူး။ အကယ်၍များ အစ္စလာမ့် လှုပ်ရှားမှုကို ဒီလိုနည်းလမ်းများဖြင့် စတင်ခဲ့ရင် ကိုရိုက်တွေကလည်း အကြမ်းဖက်မှုများနဲ့ ပြန်လည်တိုက် ခိုက်ခဲ့မှာ သေချာပါတယ်။ ဒါရွလ်နဒ်ဝဟ် (မက္ကာဝတ်ကျောင်းတော်) လုံခြုံစေရန်အတွက် အခြားနည်းလမ်းဖြင့် စတင်ခဲ့ပါတယ်။ ဒီအချိန် အခါမှာ အာရေးဗီးယားကျွန်းဆွယ် တစ်ခုလုံးနီးပါးဟာ တိုက်ရိုက် (သို့) တစ်ဆင့်ခံဖြင့် ရောမနှင့် ပါးရှားအင် ပါယာများရဲ့ လွှမ်းမိုးမှုကိုခံနေရပါတယ်။ အထက်ပါနည်းလမ်းအတိုင်း ဆောင်ရွက်ခဲ့လျှင် ဒီလွှမ်းမိုးမှုများက လွတ်မြောက်တာနဲ့ ကိုရိုက်မျိုးတွေရဲ့ အကြမ်းဖက်တုံ့ပြန်မှုတွေကို ရင်ဆိုင်ရ ပါလိမ့်မယ်။

ဒီလိုမဟုတ်ဘဲ ကုရ်အာန်ကျမ်းတော်မြတ်ရဲ့လမ်းညွှန်ချက်အတိုင်းလိုက်နာကျင့်သုံးခဲ့ပြီး ငြိမ်းချမ်းရေး လမ်းကို ဆက်လက်လျှောက်လှမ်းခဲ့ပါတယ်။ ဒီလိုငြိမ်း ချမ်းရေးနည်းလမ်းကို အသုံးပြုခဲ့တဲ့ အကျိုးဆက်အားဖြင့် အကြမ်းဖက်တုံ့ပြန်မှုတွေနဲ့ မတုံ့ပြန်နိုင်တော့ပါဘူး။ တမန်တော်မြတ်မုဟမ္မဒ် (ငြိမ်းချမ်းပါစေ)ဟာ သူ့ဘဝ တစ်လျှောက်လုံးမှာ ဒီအခြေခံစည်းမျဉ်း သဘောတရားတွေအတိုင်း နေထိုင်ခဲ့တယ်။ တမန်တော်မြတ်ဟာ အကြမ်းမဖက်နည်းလမ်းကိုင်ဆွဲ ထားတာကို နှစ်သက်ပါတယ်။ တမန်တော်မြတ် ရဲ့ကြင်ရာတော်အာအေရှာ သခင်မပြောခဲ့တာကတော့ "တမန်တော်မြတ်ဟာ ရွေးချယ်စရာရှိရင် အမြဲတမ်းနီးပါး ပိုပြီးလွယ်ကူတာကို ရွေးချယ်လေ့ရှိတယ်" (Fath al-Bariç 6/654) ဆိုတာပါပဲ။

အကြမ်းမဖက်လှုပ်ရှားမှုများဟာ အကြမ်းဖက်လှုပ်ရှားမှုများထက် ဘာကောင်းကျိုးတွေ ပိုရှိသလဲဆိုတာကို အောက်မှာအကျဉ်းဖော်ပြပေးပါမယ်။

၁။ ကုရ်အာန်ကျမ်းတော်မြတ်အရ၊ လူမှာရှိတဲ့စိတ်အခြေအနေနှစ်မျိုးဟာ ဆန့်ကျင်ဘက်ဖြစ်နေတယ်။ တစ်ခုကအတ္တ (အကောင်းအဆိုးမခွဲခြားနိုင်သောစိတ်)ဖြစ်ပြီး၊ နောက်တစ်ခုက အသိစိတ်(အကောင်းအဆိုး ခွဲခြားနိုင်သောစိတ်) ဖြစ်တယ်။ ဒါကို နဖ်စေအမ္မာရာနဲ့ နဖ်စေလောင်ဝါမာ ဖြစ်တယ်။ ကုရ်အာန် (၁၂း၅၃၊ ၇၅း၂၆) အကြမ်းဖက်နည်း လမ်းဟာ ရလဒ်အားဖြင့် လူမှုသဟဇာတဖြစ်မှုကို သေချာပေါက်ဖြိုဖျက်ပြီး အတ္တစိတ်ကို ပေါက်ဖွားစေပါတယ်။ အခြားတစ်ဖက်က အကြမ်းမဖက်နည်းလမ်းဟာ အကောင်းအဆိုး ခွဲခြားနိုင်သော အသိစိတ်ကို ရှင်သန်စေပြီး ရလဒ်အားဖြင့် ကိုယ့်ကိုကိုယ်သိစိတ်နှင့် အတွေး၊ ခံစားမှုများကို သုံးသပ်နိုင်စွမ်းမြင့်တက် လာစေပါတယ်။ ကုရ်အာန်ကျမ်း (၄၁း၃၄)မှာ ဖော်ပြထားတဲ့ အံ့သြစရာကောင်းတဲ့ရလဒ်ကတော့

"အကြင်သူနှင့် သင်၏ကြားတွင် ရန်ငြိုးရှိ၏၊ ထိုသူသည်မိတ်ဆွေရင်းကဲ့သို့ဖြစ်လာပေမည်"

၂။ အကြမ်းမဖက်နည်းရဲ့ အကျိုးရလဒ်နောက်တစ်ခုက

တော့ တစ်ဦးချင်းစီရဲ့အချိန်တွေ အလဟဿကုန်ဆုံးမသွားခြင်းပဲဖြစ်ပြီး၊ ဘယ်အခြေအနေမှာပဲမဆို အခွင့်အလမ်းတွေရှိနေပါတယ်။ ဟိုရိုင်ဘီယာငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုအပြီးမှာ အကြမ်းမဖက်နည်းများကို ပိုမိုကျင့်သုံးလာနိုင်တယ်။ လူတွေရဲ့ဘဝတွေကို မသာယာမှုတွေနဲ့ ကုန်ဆုံးကာအရာမထင်သောလက်နက်ဆွဲကိုင် တိုက်ခိုက်မှုတွေပြုလုပ်နေမယ့်အစား နှစ်ဦးနှစ်ဖက်သဘောတူ ညီမှုရယူပြီး ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုခြင်းဟာ ငြိမ်းချမ်း ရေးတည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ကိုင်စေရန်အတွက် ယုံကြည်သူများအားစွမ်းအင်မြှင့်တက်လာစေပါတယ်။ အကြမ်းဖက်မှုများလုပ်ဆောင်ခြင်းဖြင့် ထိခိုက်နစ်နာမှုများစွာ ဖြစ်ပေါ်စေပြီးစစ်တိုက်ခိုက်ခြင်းဟာလည်း လူမှုပဋိညာဉ်ကို ချိုးဖောက်ခြင်းဖြစ်တယ်။

အကြမ်းမဖက် လုပ်ဆောင်မှုများဟာ အကျိုးရလဒ်များ တိုးပွားစေတယ်။ ဓလေ့ထုံးတမ်းများပျက်စီးဆုံးရှုံးမှုများကိုလည်း မဖြစ်ပေါ်စေပါဘူး။ ယေဘုယျအားဖြင့် အကြမ်းဖက်လုပ်ဆောင်မှုများဟာ လက်ရှိဖြစ်ပေါ် နေသောစနစ်များကို တိုးတက်ကောင်းမွန် လာစေရန်ရည် ရွယ်၍ ပြုမူဆောက်ရွက်ကြသော်လည်း ရည်ရွယ်ချက်ရဲ့ဆန့်ကျင်ဘက်ရလဒ်များကိုသာ ဖြစ်ပေါ်စေပါတယ်။ အောင်မြင်သောလှုပ်ရှားမှုများဆက်တိုက်ရှိနေခြင်းနှင့် ထိုလှုပ်ရှားမှုများကိုဖြိုခွင်းခြင်းများ မကြာခဏ ဖြစ်ပေါ်ခြင်းဟာ အာဏာသိမ်းခြင်းရဲ့လက္ခဏာများဖြစ်တယ်။ တော်လှန်ရေးလုပ်ဆောင်ရန်အတွက် မှန်ကန်သော ဆန္ဒရှိခြင်းဟာ တဖြည်းဖြည်းချင်းအကျိုးသက်ရောက်မှုရှိသော ပြုပြင်ပြောင်းလဲ မှုများကိုပြုလုပ်ခြင်းဖြစ်တယ်။ ဒါတွေဟာ အကြမ်းမဖက်လှုပ်ရှားမှုများကို အခြေခံတဲ့ အတွက်အောင် မြင် သောရ လဒ်ဖြစ် တယ်။

**အခန်း (၂) အကြမ်းမဖက်နည်းဖြင့် အောင်နိုင်ခြင်း**

အစ္စလာမ်သာသနာရဲ့ ရှေးဦးပိုင်းအောင်မြင်မှုအားလုံးဟာ အကြမ်းမဖက်နည်း လမ်းဖြင့်သာ ရရှိခဲ့တယ်။ တစ်ချို့ကိုအောက်မှာ ဖော်ပြသွားပါမယ်။

၁။ တမန်တော်မုဟမ္မဒ်(ငြိမ်းချမ်းပါစေ)ရဲ့ ၂၃ နှစ်တာအပိုင်းမှာ မက္ကာမှာစတင်ခဲ့ပြီး ၁၃နှစ်တာ ကုန်ဆုံးခဲ့တယ်။ ဒီကာလမှာ တမန်တော်မြတ်ဟာ စစ်ဆန့်ကျင်ရေး (သို့) အကြမ်းမဖက်နည်းလမ်းကို အပြည့်အဝ ကျင့်သုံး ခဲ့တယ်။ ဒီအချိန်မှာ မက္ကာ၌ မြောက်များစွာသော သဘောကွဲလွဲမှုများနှင့် တိုက်ခိုက်မှုများကို ရင်ဆိုင်ခဲ့ရတယ်။ ဒါတွေအားလုံးကို ဇွဲ၊လုံ့လရှိရှိနဲ့ ရှောင်ရှားခဲ့တယ်။ တမန်တော်မြတ်မုဟမ္မဒ် (ငြိမ်းချမ်းပါစေ)ဟာ အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်ချက်ဖြင့် သူ့နောက်လိုက်များအားလုံးကို ငြိမ်းချမ်းရေးမှုကိုသာ ကြံ့ခိုင်စွာ ဆုပ်ကိုင်ထားရန် အသေအချာမိန့်ကြားခဲ့တယ်။ ရလဒ်အားဖြင့် အစ္စလာမ်သို့ဖိတ်ခေါ်ခြင်းလုပ်ငန်းကို ဒီကာလမှာ ပြည့်ဝစွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထို ၁၃ နှစ်တာ ကာလအတွင်းကြီးစွာသောရလဒ်ဟာ ကိုယ်ကျင့်တရားအရာမှာ အမြင့်မားဆုံးသော အရည်အသွေး(စွမ်းရည်) ရှိသော လူသားအဖြစ်ရပ်တည်နိုင်ခဲ့တယ်။ အစ္စလာမ့် သမိုင်းမှာ တာဝန်ယူနိုင်သော၊ တာဝန် ကျေပွန်သောသူများကို မွေးထုတ်ပေးနိုင်ခဲ့တယ်။ ဥပမာအားဖြင့် – အဘူ ဘကရ်၊ အွမ္မရ်၊ အွတ်စမန်း၊ အလီရ

၂။ မက္ကာမှာ ကိုရှိုက်ခေါင်းဆောင်တွေက တမန်တော်မြတ်ကို ဆန့်ကျင်တိုက်ခိုက်မှုတွေကို အခြေစိုက်လုပ်ကိုင်လာကြတယ်။ တမန်တော်မြတ်က ပြန်လည်တိုက်ခိုက်ခြင်း၊ လက်တုံ့ပြန်ခြင်းများကို မလုပ်ဘဲ ငြိမ်းချမ်းရေး မဟာဗျူဟာကိုင်ဆွဲပြီး မဒီနာသို့ ပြောင်းရွှေ့သွားခဲ့တယ်။ ဒီရွှေ့ပြောင်းနေထိုင်ခြင်းဟာ အရမ်းသဘာဝကျပါတယ်။ အကြမ်းမဖက်လုပ်ဆောင်မှုရဲ့ ဥပမာတစ်ခုဆိုတာ အရမ်းရှင်းလင်းနေပါတယ်။ ငြိမ်းချမ်းစွာရွှေ့ပြောင်း နေထိုင်ခြင်းကို ကိုရှိုက်တွေက ရန်ပြုတိုက်ခိုက်ခဲ့သောကြောင့် အစပိုင်းတွင် မက္ကာမှာ အစ္စလာမ့်အမှန်တရားဟာ ကွယ်ပျောက်ခဲ့တယ်။

၃။ ဌာနေမှ ထွက်ခွာကြပြီးနောက်တွင်လည်း မက္ကာမှ မျိုးနွယ်များစုပေါင်း၍ ရန်သူအဖြစ်သတ်မှတ်ပြီး စစ်ခင်းတိုက်ခိုက်ကြရန် ဆုံးဖြတ်ခဲ့ကြတယ်။ အကျိုးဆက် အားဖြင့် ဘဒရ်နဲ့ အိုဟွတ်တို့တွင် သွေးစွန်းခဲ့ရတယ်။ ဒီနောက်မှာ တော့တမန်တော်မြတ်(ငြိမ်းချမ်းပါစေ)ဟာ သမိုင်းတွင်ရစ်မယ့် ဟိုဒိုင်ဘီယာ ငြိမ်းချမ်းရေးစာချုပ်လို့ သိကြတဲ့ ၁၀ နှစ်တာငြိမ်းချမ်းရေးစာချုပ်ကို ဆန့်ကျင်သူများရဲ့ တဖက်သက်တောင်းဆိုချက်များကို လက်ခံပြီး ချုပ်ဆိုခဲ့ပါတယ်။ ဒါကို ထင်ရှားသောအောင်ပွဲလို့ ဆိုတယ်။ ဒီစာချုပ်ကပဲ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း လုပ်ဆောင်မှု များအတွက် နည်းလမ်းများပေးခဲ့ပါတယ်။ ဒါကပဲ နောက်ဆုံးမှာ မက္ကာနဲ့ အာရေးဗီးယျကျွန်းဆွယ် တခုလုံးကို အောင်နိုင်စေခဲ့တယ်။

၄။ ဖလီဖာမင်းဆက်များအဆုံးသတ်သွားတဲ့ နောက်

မှာ ဘနူဟာရှင်နှင့် ဘနူအူမရာမျိုးနွယ်များအကြားမှာ သွေးချောင်းစီးမှု ဖြစ်ခဲ့တယ်။ အချိန်ကာလ ၁၀နှစ်ကြာအောင် အစ္စလာမ်ရဲ့ဖြစ်ထွန်းမှု ရလဒ်များဟာ ရပ်တံ့ခဲ့တယ်။ ဟာစန်ဘန်အလီ (d.50 A.H) ရဲ့ အာဏာစွန့်ခွာတဲ့အချိန်မှာ နောက်တစ်ကြိမ်ဖြစ်ပွားခဲ့တယ်။ အကြမ်းမဖက်နည်းလမ်းကို လက်တွေ့ကျင့်သုံးပြသခဲ့တဲ့ ဒီဖြစ်ရပ်ဟာ အစ္စလာမ့်သမိုင်းရဲ့ မှတ်တိုင်တစ်ခုအနေနဲ့လည်း ရှိနေပါတယ်။ ဟာဇရသ်အလီရဲ့ အကြမ်းမဖက်နည်း လမ်းဖြင့် စိုက်ထူခဲ့သော ဒီအောင်လံဟာ အစ္စလာမ်၏ ပိတ်သွားခဲ့သော တံခါးကို ပြန်လည်ဆွဲဖွင့်၍ ဖွံ့ဖြိုးတိုးတက်မှုဆီသို့ တွန်းတင် ပေးနိုင်ခဲ့တယ်။

၅။ အဘီဆစ်ခလီဖာရဲ့နောက်ဆုံးရက်တွေမှာ မွန်ဂိုမျိုးနွယ်တွေဟာ မွတ်စလင်ကမ္ဘာကို တိုက်ခိုက်ခဲ့ပြီး Samarkand မှ Aleppo ထိ ကျယ်ဝန်းသော မွတ်စလင်ကမ္ဘာကိုဖျက်ဆီးပစ်ခဲ့တယ်။ တစ်ချိန်တည်းမှာပဲ၊ ဒါအ်ဝတ်လို့ ခေါ်တဲ့ အစ္စလာမ်သို့ဖိတ်ခေါ်ခြင်း အလုပ်ရဲ့အသက်ဇီဝိန်ဟာလည်းမွတ်စလင်တွေရဲ့ နလုံးသားအတွင်းမှာ မွေးဖွားလာခဲ့တယ်။ ရလဒ်ကတော့ မွန်ဂိုမျိုးနွယ်တွေထဲက အများစုဟာ အစ္စလာမ်သာသနာသို့ ကူးပြောင်းလာခဲ့ကြတယ်။ မြေထဲပင်လယ်အရှေ့ဘက်မှာရှိတဲ့ တိုင်းပြည်များမှာ ဒီအံ့ဖွယ်ဘာသာကူးပြောင်းမှုများဖြစ်ခဲ့တယ်။ အစ္စလာမ့်သမိုင်းမှ ဒီအဖြစ်အပျက်များကို ယခုထိအလွယ်တကူ သဘောပေါက်တွေ့ရှိနိုင် ပါတယ်။

"မွတ်စလင်တွေဟာ ဘယ်နေရာမှာ ကျရှုံးမလဲ၊ ဒီကျရှုံးတဲ့နေရာမှာ သူတို့ရဲ့ဘာသာ သာသနာဟာ အောင်နိုင်ခဲ့တယ်" လို့ ဆိုရိုးစကားအဖြစ်ကျော်ကြားခဲ့တယ်။

၆။ ခလီဖွာကြီးများရဲ့ အုပ်ချုပ်မှုနောက်ပိုင်း အစိုးရအုပ်ချုပ်မှုစနစ်ဟာ ဆိုးရွားသောအခြေအနေတွင် အမြစ်တွယ်နေပြီး ခလီဖွာစနစ်မှ ဘုရင်စနစ်သို့ ပြောင်းလဲခဲ့သော အစ္စလာမ့်သမိုင်း၏အရေးကြီးသော အလှည့်အပြောင်း ကြုံတွေ့ခဲ့ရတယ်။ ဒီအချိန်မှာ ကိုယ်စားလှယ်အမြောက် အများပေါ်ထွက်လာပြီး ရလဒ်ကတော့ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံများအကြားမှာ သဘောကွဲလွဲမှုများ၊ ရင်ဆိုင်တိုက်ခိုက်မှုများဖြစ်ပွားခဲ့တယ်။ သို့ပေမယ့် နိုင်ငံရေး သဘောတရားများတွင် မွတ်စလင်များသည် ကွဲလွဲခဲ့ပြီး တမန်တော်မြတ်၏ အခြားသောလမ်းညွှန်မှုများတွင် မကွဲလွဲခဲ့ကြပေ။ ဒီသမိုင်းဖြစ်ရပ်

> "မွတ်စလင်တွေဟာ ဘယ်နေရာမှာ ကျရှုံးမလဲ၊ ဒီကျရှုံးတဲ့နေရာမှာ သူတို့ရဲ့ဘာသာ သာသနာဟာ အောင်နိုင် ခဲ့တယ်"

ဟာ ဟာဇရသ်အွမ့်ရ်လက်ထက်မှ စတင်ခဲ့ပြီး ရာစုနှစ်များ စွာဆက်လက်တည်ရှိနေခဲ့ တယ်။

သဗေအီ (tabiun - တမန်တော်မြတ်၏ တပည့်များ) နှင့် သူတို့ရဲ့မျိုးဆက်များ၊ ရိုးရာဓလေ့ကို အလေးအနက်ထားသူများ၊ ဥပဒေပါရဂူများ၊ အိုလမာ(ပညာရှင်များ)၊ ဆူဖီများနှင့် အခြားသော ဘာသာရေးပညာရှင်များ အားလုံးတို့ဟာ အုပ်ချုပ်သူများမှ အသေးအမွှား ကိစ္စများကိုပင် ဖိအားများပေးခံရပြီး သဘောကွဲလွဲမှုများနှင့် တိုက်ခိုက်ခံ ရမှုများကြောင့် ထွက်ပြေးခဲ့ကြ ရသည်။

အထက်ပါဖြစ်ရပ်များဖြစ်ပွားခဲ့ပြီး အခြားတစ်ဖက်တွင် ထိုအသီးသီးသောပညာရှင်များမှာ အရပ်တပါးသို့ ထွက်ခွာသွားခဲ့ကြပြီး အစ္စလာမ်သို့ ဖိတ်ခေါ် ခြင်း လုပ်ငန်းများကို ငြိမ်းချမ်းစွာလုပ် ဆောင်နိုင်ခဲ့ ကြသည်။ ထို့ပြင် ဟဒီးစ်ဆင့်ပြန်ချက်များ အားစီစစ်ခြင်း၊ ဖိက္ကာဟ်(ဓမ္မသတ်)များနှင့် အခြားသောအစ္စလာမ့်အနုပညာ၊ သိပ္ပံ ဘာသာရပ်များအားအချိန်ကာလကြာညောင်းစွာ အပြင်းအထန်ကြိုးစား၊ ရှာဖွေဖော်ထုတ်ခဲ့ကြပါတယ်။ အရပ်ဒေသများကိုစုစည်း၍ အင်ပါယာတစ်ခုတည်ထောင်နိုင်ခဲ့ပြီး တန်ဖိုးမဖြတ်နိုင်သော စာအုပ်များဖြင့် သူတို့ရဲ့ စာကြည့်တိုက်တွေကို တန်ဆာဆင်ခဲ့ကြတယ်။ ဂန္ထဝင်မြောက်သော အစ္စလာမ့်စာပေများကိုလည်း ရေးဖွဲ့နိုင်ခံကြတယ်။

ဥပမာအားဖြင့် ဆွဟီးဒ်ဟဒီးစ်ရဲ့ ခိုင်မာမှုဟာ အစ္စလာမ်မှာ ကုရ်အာန်ပြီးရင် ဒုတိယအနေနဲ့ ရှိပါတယ်။ ဒီဟဒီးစ်များကို ပုံနှိပ်ထုတ်ဝေထားသော စာအုပ်များအဖြစ် ရှိနေပါတယ်။ ဒီစာအုပ်တွေဟာ တန်ဖိုးမဖြတ်နိုင်ပါဘူး။ ဒီစာအုပ်တွေမရှိဘဲ ယနေ့တည်ရှိနေတဲ့ ပုံစံအတိုင်း အစ္စလာမ့်ဖွံ့

# အစ္စလာမ်မှာ ခုခံခြင်းကိုသာခွင့်ပြုထားခြင်း ဖြစ်တယ်။ စစ်တိုက်ခြင်းကို ခွင့်ပြုမထားပါဘူး။

ဖြိုးမှုဟာ စနစ်ဇယားများနဲ့ ရှိနေမှာ မဟုတ်ပါဘူး။ အွမ္မရာနဲ့ အဘာဆစ်မင်းများလက်ထက်မှာ နိုင်ငံရေးစနစ်များဟာ စတင်ပြီး ယိုယွင်းပျက်စီးလာခဲ့တယ်။ ထိုခေတ်က ထောင်သောင်း နဲ့ချီတဲ့ ဓလေ့ကျင့်သုံးမှုတွေဟာ ဘယ်ပျောက်နေပါသလဲ? အားလုံးဟာ ဘာသာရေးပညာရှင်များရဲ့ ခေါင်းထဲမှာပဲ ရှိနေခဲ့ပါတယ်။ အာဏာရှင်မင်းအဆက်ဆက် သူတို့ရဲ့ အမည်နာမများကို ကွင်းဆက်ဖြင့်ချိတ်ဆက်ပြီး စာအုပ်များမှာ ဖော်ပြခြင်းခံခဲ့ရပါတယ်။ သူတို့ကနေတစ်ဆင့် ဒီအမွေအနှစ် တွေကို ကျွန်ုပ်တို့ဆီထိ လက်ဆင့်ကမ်းခဲ့ကြ ပါတယ်။ သူတို့ဟာ အုပ်ချုပ်သူများရဲ့ မတရားဖိနှိပ်မှုတွေကို ခံရတဲ့ အခါမှာအကြမ်းဖက်လှုပ်ရှားမှု နည်းလမ်းများဖြင့် တုံ့ပြန်ခဲ့ပါသလား? ဓလေ့ကျင့်သုံးမှုများကို အာဏာရှင်များမှ မြေမြှုပ်ပြီး အဆုံးသတ်စေခဲ့တယ်။ စာအုပ်တွေ မှတ်တမ်းမှတ်ရာတွေအားလုံးကိုလည်း မီးရှို့ခံခဲ့ရတယ်။ ဒီလို ဖိနှိပ်မှုတွေကို တုံ့ပြန်ရာမှာ အကြမ်းဖက်နည်းလမ်း များကို မကျင့်သုံးပဲ အကြမ်းမဖက်နည်းလမ်းများဖြင့်သာ တုံ့ပြန်ခြင်းဟာလည်း အံ့ဩစရာ ကောင်းလောက်ပါတယ်။ ကျင့်သုံးမှုများရဲ့အရေးကြီးသော အရင်းအမြစ် များဟာ စာအုပ်များအဖြစ် ယနေ့ထိတိုင်အောင် ကျန်ရှိနေခဲ့ပါတယ်။

**အခန်း (၃) နိုင်ငံရေးပုန်ကန်ထကြွမှု**

ခလီဖာကြီးများနောက် မွတ်စလင်အုပ်ချုပ်သူများရဲ့ခေတ်မှာ ပရမ်းပတာ၊ ဝရုန်းသုန်းကားဖြစ်ပြီး ပုန်ကန်ထကြွမှုများ ဖြစ်ပွားခဲ့သော်ငြားလည်း မွတ်စလင်အိုလမာ(ပညာရှင်)များဟာ အုပ်ချုပ်သူများရဲ့အကျင့်ပျက်လာဘ်စားမှုများနှင့် စိတ်ဓာတ်ရေးရာပျက်စီးနေမှုများအား ဆန့်ကျင်သော ပုန်ကန်မှုများကို ဦးမ ဆောင်ခဲ့ပါဘူး။ နှစ် ၁၀၀၀ ခန့်ကြာသောအခါ နိုင်ငံရေးမဟုတ်သော နယ်ပယ်များမှာ သူတို့ရဲ့ကြိုးပမ်းမှုများကို ချိတ်ဆက်၍ လုပ်ငန်းဆောင်တာများကို ဆက်လက်လုပ်ကိုင်လာခဲ့ကြသည်။ ဒါဟာ ရည်ရွယ်ချက်မရှိဘဲ ကြုံကြိုက်ပြီး ဖြစ်ပေါ်လာတာမဟုတ်ဘဲ အစ္စလာမ့်ဥပဒေအရ တားမြစ်ထားသည်များကို ရှောင်ကျဉ်ခြင်းဖြင့် (အကြမ်းမဖက်လှုပ်ရှားမှုနည်းလမ်းဖြင့်) ရရှိလာသော ရလဒ်ဖြစ်တယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း ဟဒီးစ်ကျမ်းများမှာ အသေးစိတ်ဖော်ပြထားတဲ့ ဓလေ့ထုံးတမ်းများကို အဆင်ပြေချောမွေ့စွာ ခေါင်းစဉ်များအလိုက်ပြုစုနိုင်ခဲ့တယ်။

တမန်တော်မြတ် ရှင်းလင်းစွာ မိန့်မှာခဲ့တာကတော့ "ငါမရှိတဲ့ နောက်မှာ အုပ်ချုပ်သူလူတန်းစား တစုရှိလာလိမ့်မယ်။ သူတို့ဟာ တရားမျှတမှု ကင်းမဲ့စွာ အုပ်ချုပ်တဲ့ မင်းဆိုးမင်းညစ်များ ဖြစ်လိမ့်မယ်။ ဒီအချိန်မှာ အသင်တို့အနေနဲ့ သူတို့ကို တိုက်ခိုက်မှုများမပြုဘဲ၊ သင်တို့မှာရှိတဲ့ ဆိတ်တွေ၊ ကုလားအုတ်တွေနဲ့ တောင်ပေါ်တွင် ကာလတစ်ခု ရွှေ့ပြောင်းနေထိုင်သင့်တယ်" ဟု မိန့်မှာခဲ့တယ်။

ဒီနေရာမှာ ဆိတ်တွေ၊ ကုလားအုတ်တွေဆိုသည်မှာ နိုင်ငံရေးအခန်းကဏ္ဍတွေမှာ လာဘ်စားမှုတွေနဲ့ မတရားမှုတွေရှိနေရင်တောင်မှ နိုင်ငံရေးမဟုတ်တဲ့ ကဏ္ဍတွေမှာ ရှင်သန်နိုင်တဲ့အခွင့်အလမ်းတွေ ရှိနေတာကို ဆိုလိုခြင်းဖြစ်ပါတယ်။ တမန်တော်မြတ် ခုလိုမိန့်မှာချက်ရဲ့ ဆိုလိုရင်းကတော့ "နိုင်ငံရေးအခန်းကဏ္ဍများတွင် သဘောထားကွဲလွဲမှုများနှင့်အပေး အယူလုပ်ဆောင်ရ မှုများဖြင့် ရရှိလာသော အခွင့်အလမ်းများကိုအကောင်းဆုံး အသုံးချသင့်ကြောင်း" ဖြစ်တယ်။ အတိုချုံးအားဖြင့် နိုင်ငံရေးပြဿနာများကို လျစ်လျူရှုပြီး အခြားအခွင့်အလမ်းများကို အသုံးချသင့် ကြောင်း နားလည်ခဲ့ကြပါတယ်။

တမန်တော်မြတ်ရဲ့ ဒီမိန့်မှာတားမြစ်ချက်ဟာ အရမ်း ရှင်းလင်းပါတယ်။ နောက်ပိုင်း အိုလမာ(ပညာရှင်)များဟာ အုပ်ချုပ်သူများရဲ့ တရားမမျှတမှုများကို ဆန့်ကျင်တွန်း လှန်ရန် အယူအဆနှင့်ပက်သတ်၍ သဘောတူညီခဲ့ကြတယ်။

အီမာန် An-Nawawi ဟာ တချို့သော ဓလေ့ထုံးတမ်းများကို ထင်မြင်ချက်ပေးခဲ့တယ်။ Sahih Muslim (Kitab al-Imarah)ကျမ်းကို လေ့လာချက်အရ "အသင်ဟာ

အုပ်ချုပ်သူများရဲ့ အာဏာကိစ္စရပ်တွေနဲ့ ပက်သတ်တဲ့ ပြဿနာတွေမှာ မပါဝင်သင့်ဘူး။ အစ္စလာမ့်သွန်သင်ချက်များနှင့် ဆန့်ကျင်နေသည်ကို တွေ့ရှိနေရင်တောင်မှ ဉာဏ်ပညာနှင့် ယဉ်ကျေးသိမ့်မွေ့သောစကားဖြင့် အမှန်ကို ရှင်းလင်းစွာ သိရှိလာစေရန် ကြိုးပမ်း သင့်တယ်။"

"အုပ်ချုပ်သူများကို ဆန့်ကျင်၍ အာဏာမှ ဖြုတ်ချရန် ရည်ရွယ်ချက်ဖြင့်ပုန်ကန်ထကြွခြင်း၊ ဏစ်တိုက် ခြင်းများ မပြုလုပ်ရ။ အုပ်ချုပ်သူများဟာ မင်းဆိုးမင်းညစ် (zalim) နှင့် စိတ်ဓာတ်အကျင့်ပျက်သူ (fasiq) ဖြစ်နေရင် တောင်မှ အိုလမာများ၏ ဒီအယူအဆနှင့် ပတ်သက်၍ သဘောတူညီချက်များအရ ဒါဟာလုံးဝ မတရားမှုသာဖြစ်တယ်" (Sahih Muslim bi sharh al-nawawiç 12/ 229)

တကယ့်တကယ်တော့ အစ္စလာမ်ရဲ့ ရှေးဦးပိုင်းသမိုင်းမတွင်မှီနှင့် မပြီးပြည့်စုံခင် ကတည်းက အစ္စလာမ်သို့ ဖိတ်ခေါ်ခြင်း၊ အစ္စလာမ်ကို (ကျင့်သုံး) ပုံဖော်ခြင်းများပြုလုပ်ခဲ့ပါတယ်။ မွတ်စလင်လူ့ အစုအဝေးမှာ အိုလမာ (ပညာရှင်) များဟာ နိုင်ငံရေးဆိုင်ရာ အခန်းကဏ္ဍများ၊ လူ့ပ်ရှားမှုများကို အန္တရာယ်တစ်ခုအနေနဲ့ ဟန် ပြင်ပုံသွင်း ခဲ့တယ်။ တကယ်တော့ ဒါတွေအားလုံးကို အကျိုးပြုတဲ့၊ ကောင်းကျိုးဆောင်တဲ့အလုပ်အဖြစ် ဖော်ပြခြင်းမပြုခဲ့ပါဘူး။ တမန်တော် မုဟမ္မဒ်ဟာ တိုက်ခိုက်မှုများကို ရှောင်ရှားနိုင်ရန်နှင့် နိုင်ငံရေးဆိုင်ရာ အကွဲအလွဲများကို ဖော်ပြမှုများ၌ သာတားမြစ်ခဲ့တယ်။ နိုင်ငံရေးမဟုတ်သော အကျိုးပြုလုပ်ငန်းများကို ဆက်လက်ပုံဖော်လုပ် ဆောင်ရန် တားမြစ်ခဲ့ခြင်းမရှိဘဲ ပဋိပက္ခကြီးထွားလာနိုင်သော လုပ်ရပ်များကိုသာ တားမြစ်ခဲ့ပါတယ်။

ဘယ်လူ့အဖွဲ့အစည်းမှာမဆို နိုင်ငံရေးနှင့် နိုင်ငံရေး မဟုတ်သောစနစ်နှစ်မျိုးဟာ အပြန်အလှန်ရှိနေ တတ်ပါတယ်။ နောက်ပိုင်းမှာတော့ နိုင်ငံရေးအခြေ အနေအရ နိုင်ငံရေးမဟုတ်သော အမြဲအခြေတကျ လုပ်ဆောင်နိုင်သော ကဏ္ဍများတွင်သာ အိုလမာ (ပညာရှင်)များမှ အုတ်မြစ်ချထူထောင်ခဲ့ကြတယ်။

ထိုစီမံကိန်းများအရ နိုင်ငံရေးမဟုတ်ဘဲ အမြဲတမ်း အခြေတကျ လု ပ်ဆောင်နိုင်သော လူမှု ဖွံ့ဖြိုးရေးစီမံကိန်းများကိုသာ ထူထောင်ခဲ့ကြတယ်။ ဒါကတော့ နိုင်ငံရေးမှာ မတရားမှုတွေ၊ လာဘ်စားမှုတွေ များနေပြီး အပြောင်းအလဲမလုပ်နိုင်ဦးတော့ နိုင်ငံရေးမဟုတ်သော စနစ်များဖြင့် အစ္စလာမ်ကို ခိုင်မာစွာတည်ဆောက် နိုင်ခဲ့ တယ်။

**အခန်း (၄) အစ္စလာမ့်စစ်မိန့်**

သေချာတာကတော့ ကုရ်အာန်ကျမ်းတော်မြတ် (၂၂း၃၉)ကျရောက်လာတာဟာ ခုခံကာကွယ် ခွင့် ညွှန်ကြားချက်ပဲဖြစ်တယ်။ ကျွန်တော်တို့ ကုရ်အာန်မှာ လေ့လာခဲ့ရတာက ဘာလဲဆိုတော့ "ကောင်းမွန်တဲ့ ပတ်ဝန်း ကျင်ဆိုတာ တရားမျှတခြင်းကို အရှင်မြတ်ထုတ်ပြန်ထား သောလမ်းညွှန်အတိုင်း လိုက်နာဆောင် ရွက်ခြင်း" ဖြစ်တယ်။

၁။ ကျူးကျော်တိုက်ခိုက်ခြင်း (သို့) စစ်ကြေညာခြင်းအား မွတ်စလင်များမှ ပြန်လည်ခုခံကာကွယ်ခြင်းကို လုံးဝမပြုလုပ်ရဟု တားမြစ်ထားတော်မမူပေ။ ဒါပေမယ့် ခိုင်လုံသာအကြောင်းပြချက်ရှိရင် ချွင်းချက်ဖြင့် ခွင့်ပြုထားပါတယ်။ ကုရ်အာန်ကျမ်းတော်မြတ်(၂း၁၉၀)တွင် အောက်ပါအတိုင်း တိကျသော ညွှန်ကြားချက်ပါရှိပါတယ်။

" အသင်တို့သည် အရှင်မြတ်၏ ခွင့်ပြုချက်ဖြင့် အသင်တို့အား စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သူတို့အား ပြန်လည် တိုက်ခိုက်ကြကုန်လော့။ သို့ရာတွင်အသင်တို့ သည် မကျူး လွန်ကြကုန်လင့်"

၂။ အစ္စလာမ်မှာ ခုခံခြင်းကိုသာခွင့်ပြုထားခြင်း ဖြစ်တယ်။ စစ်တိုက်ခြင်းကို ခွင့်ပြုမထားပါဘူး။ အားလုံးသိပြီးဖြစ်တဲ့ အတိုင်း စစ်ပွဲဆိုတာ လက်နက်ကိုင်အဖွဲ့ အစည်း တစ်ခုမှ စစ်မိန့်ဖြင့် ကျူးကျော်တိုက်ခိုက်ခြင်းဖြစ်တယ်။ ဒီအခြေအနေမှာ ကိုယ့်ကိုကိုယ်ကာကွယ်ရန်အတွက် ခုခံရပါတယ်။ အစပိုင်းမှာ မွတ်စလင်များအတွက် ခုခံကာကွယ်ခြင်းကိုပင် လုံးဝတား မြစ်ထားပါတယ်။ ကုရ်အာန်ကျမ်းတော်မြတ် (၉း၁၃)တွင်

"၎င်းတို့သည်ပင်လျှင် အသင်တို့အား စတင်တိုက်ခိုက်ခဲ့ကြကုန်၏"

ထို့ပြင် ခုခံကာကွယ်ပိုင်ခွင့်မှာ ဆန့်ကျင်ဘက်အဖွဲ့မှ စစ်ကြေညာခြင်းကို ချက်ခြင်းလက် တုံ့ပြန်ခြင်းအား ခွင့်ပြု မထားပေ။ အစပိုင်းတွင် စစ်ပွဲမဖြစ်ပွားရန် နည်းလမ်းပေါင်းစုံသုံး၍ ကြိုးပမ်းရမည်။ ဘယ်လိုမှရှောင်ရှားလို့ မရ

# အစ္စလာမ့်နည်းစနစ်ဟာ အခြေခံအားဖြင့်အကြမ်းမဖက်နည်းလမ်းရဲ့ အခြေခံသဘောတရားများ အတိုင်းဖြစ်တယ်။

တော့တဲ့အခါမှသာ ခုခံကာကွယ်ခွင့်ကို ပေးထားပါတယ်။

၃။ ကုရ်အာန်အရ၊ ခုခံကာကွယ်စစ်ပုံစံ တမျိုးသာ ခွင့်ပြုထားတယ်။ အချိန်ကိုက်၊ ရည်ရွယ်ချက်ရှိရှိ ရှောင်လွဲလို့မရ၊ စီမံထားသော ဖြိုဖျက်မှုမျိုးကို ဆိုလိုခြင်းဖြစ်တယ်။ ဒါဟာ ဒီပြဿနာ (Fitna) ရှာခြင်းကို အဆုံးသတ် စေရန်ပဲဖြစ်တယ်။ ကုရ်အာန်ကျမ်းတော်မြတ် ၂း၁၉၃ တွင်

"အသင်တို့သည် ထိုသူတို့အားပြဿနာ (Fitna) မရှိ တော့သည့်တိုင်အောင် တိုက်ခိုက်ကြကုန်လော့"

ဒီကျမ်းပိုဒ်မှာ Fitna ဆိုတာကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုတယ်။ စနစ်တကျ အတင်းအကျပ် ညှဉ်းပန်းဖိနှိပ်မှုကို အဆုံးသတ်သွားစေခြင်းပဲ ဖြစ်တယ်။ ဒီ့ရှေ့ခေတ်များကနိုင်ငံရေး စနစ်အရအတင်းအကျပ် ဖိနှိပ်မှုများဟာ ကမ္ဘာနှင့်အဝှမ်း အောင်မြင်နေခဲ့တယ်။ စဉ်ဆက်မပြတ်ရှိခဲ့သောမတရားမှု (မကောင်းမှု) များကို ခွင့်လွှတ်ခြင်းတံခါးများဟာ ပိတ်သွားခဲ့တယ်။ ထိုအချိန်မှာ ရုပ်ပိုင်းဆိုင်ရာရော၊ စိတ်ပိုင်း ဆိုင်ရာပါ အတင်းအကြပ်ပြုမှုထားသော စနစ်များကိုချိုး ဖျက်၍ လွတ်လပ်မျှတမှုကိုစတင်ရန် အရှင်မြတ်ဟာ မိန့်ကြားခဲ့တယ်။ လူသား၏ ရုပ်ပိုင်းဆိုင်ရာ၊ နာမ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကို ပိတ်ပင်ထားသောအတား အဆီးများဟာ ပွင့်ထွက်သွား ခဲ့တယ်။

ဒါကတော့ တမန်တော်မြတ် အသက်ရှင်နေစဉ်ကာလအတွင်း အာရေဗျကျွန်းဆွယ်အတွင်း၌ တာဝန် ယူမှုများနှင့် ရည်ရွယ်ချက်သို့ ရောက်အောင် ဆောင်ရွက်နိုင်မှုများဖြင့် အောင်မြင်စွာအဆုံးသတ် နိုင်ခဲ့တယ်။ နောက်ပိုင်းမှ ခလီဖာကြီးများ အုပ်ချုပ်စဉ်အတွင်း Sassanid နှင့် Byzatine အင်ပါယာကြီးများဟာ ထူးဆန်းစွာပဲ (အင်ပါယာနှစ်ခု စစ်ဖြစ်ပြီး) အစိတ်စိတ်အမွှာမွှာပြိုကွဲသွားခဲ့တယ်။ အကျိုးဆက်အားဖြင့် နယ်မြေတော်တော် များများတွင် ပြည့်ဝသော လွတ်လပ်မှုနေရာ၌ ဉာဏ်နီဉာဏ်နက်များဖြင့် ဖိနှိပ်မှု များကသာ နေရာပြန်ယူလာ ခဲ့တယ်။

တမန်တော်မြတ် မုဟမ္မဒ်ဟာ စစ်ဖြစ်ပွားခဲ့မှုများတွင် မွတ်စလင်များ၏ စံနမူနာအဖြစ် ၃ ကြိမ်တိုင် ပါဝင်ခဲ့သည်။ ဒါပေမယ့် ဒီအခြင်းအကျင်းအားလုံးဟာ မလွှဲသာမရှောင်သာသော အခြေအနေတွင် ဖြစ်ပေါ်လာခဲ့သော စစ်ပွဲများဖြစ်တယ်။ တမန်တော်မုဟမ္မဒ်ဟာ မိမိနှင့်မွတ်စလင်လူ့အစုအဝေးအား အပြီးသတ်ဖြိုဖျက်ရန် ကျူးကျော် တိုက်ခိုက်လာသောကြောင့် မိမိလူ့အစုအဝေးကို ကာကွယ်ရန်အတွက် ခုခံစစ်ဆင်နွှဲခဲ့ရတယ်။ စစ်ပွဲအချိန် ကာလဟာ ၃ ကြိမ်လုံးပေါင်းမှ ၁ ရက်ခွဲသာကြာခဲ့ပါတယ်။ နေ့ခင်းဘက်မှာ စတင်ပြီး နေဝင်ချိန်တွင် ပြီးဆုံးခဲ့ပါတယ်။ တမန်တော်မြတ်ဟာ ဘဝတလျှောက်လုံးတွင် ၁ ရက်ခွဲသာ စစ်ပွဲဖြစ်ပွားခဲ့ပါတယ်။ ဒါလည်းပြောဖို့လိုပါလိမ့်မယ်။ တမန်တော်မြတ်ဟာ သူ့ရဲ့ ၂၃ နှစ်တာ တမန်တော်ဘဝတစ်လျှောက်လုံးတွင် ၁ ရက်နှင့် နေ့တစ်ပိုင်းမှအပ ကျန်အချိန်တိုင်းတွင် အကြမ်းမဖက်လှုပ်ရှားမှုရဲ့ နည်းဗျူဟာ၊ အခြေခံစည်းမျဉ်း များအတိုင်း ဂရုတစိုက် နေထိုင်ခဲ့တယ်။

အစ္စလာမ့်နည်းစနစ်ဟာအခြေခံအားဖြင့်အကြမ်းမဖက်နည်းလမ်းရဲ့ အခြေခံသဘောတရားများ အတိုင်းဖြစ်တယ်။ မလွှဲမရှောင်သာအခြေအနေမှ မိမိကိုယ်မိမိနှင့် မိမိလူ့အစုအဝေးအားကာကွယ်ရန်သာ ခုခံစစ် ခွင့်ပြုထားပါတယ်။

**အခန်း (၅) ခေတ်သစ်ကမ္ဘာနှင့် အကြမ်းမဖက်ခြင်း**

အစ္စလာမ်သာသနာက ဒီနေ့ရင်ဆိုင်နေရတဲ့ ပြဿနာကတော့ မွတ်စလင်တွေဟာ တမန်တော်မြတ်ရဲ့ အကြမ်းမဖက်ခြင်း ဓလေ့(စွန္နာ)တွေကို အားလုံးနီးပါးမေ့နေကြတာပါပဲ။ အော်တိုမန်အင်ပါယာနဲ့ မဂိုအင်ပါယာ အစိတ်စိတ်အပိုင်းပိုင်းပြိုကွဲသွားပြီးတဲ့နောက်မှာ ယုံကြည်ချက်နှင့် ဆက်စပ်နေသော ပါလက်စတိုင်းကဲ့သို့သော

ပြဿနာများနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ရတယ်။ ကမ္ဘာနှင့် အဝှမ်းမွတ်စလင်တွေဟာလွှဲမှားသောတုန့်ပြန်မှုများကြောင့် ကမ္ဘာ့မျက်နှာစာမှာ သားကောင်အဖြစ် ကျရှုံးခဲ့ရတယ်။

အစ္စလာမ့်မူဝါဒဟာ အကြမ်းဖက်ခြင်းမဟုတ်ဘဲ အကြမ်းမဖက်ခြင် းနည်းလမ်းသာဖြစ်တယ်ဆိုတာကို ဒီမွတ်စလင်တွေ သတိမရခဲ့ကြပါဘူး။ ရာစုနှစ်ကြာအောင် စစ်ပွဲတွေဖြစ်ခဲ့ကြသော်ငြားလည်း မွတ်စလင်တွေဘာ ကောင်းကျိုးရလဒ်မှ မရရှိကြပါဘူး။ ဒါဟာ အစ္စလာမ့်စည်း မျဉ်းများမှ သွေးဖယ်ခြင်းရဲ့ ရလဒ်ပဲဖြစ်ပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် စစ်ပွဲတွေကြောင့် အမြောက်အများ ဆုံးရှုံးခဲ့ရပါ တယ်။

အီမာန်မာလစ်ရဲ့ အဆိုအရ အွန်မက် (Ummah) မွတ်စလင် လူ့အစုအဝေးရဲ့ နောက်ပိုင်းမျိုးဆက်တွေမှာ ရှေးဦးပိုင်း ကသူများကဲ့သို့ အကြမ်းမဖက်နည်းလမ်းကိုသာ ပြန်လည် ကိုင်စွဲလာလိမ့်မယ့်လို့ ဆိုထားပါတယ်။ ထိုနည်းတူစွာပဲ ယနေ့မွတ်စလင်တွေဟာ အလားတူ အကြမ်းမဖက်ခြင်းနည်း လမ်းကိုသာလျှင် ကိုင်စွဲထားရ ပါလိမ့်မယ်။ ရှေ့မှာဖော်ပြခဲ့ သည့်အတိုင်း အကြမ်းဖက်နည်းလမ်း ကျင့်သုံးခြင်းဖြင့် ဘာရလဒ်မှ မရရှိသကဲ့သို့ ယနေ့ခေတ်မှာလည်း အကြမ်းဖက်နည်းဖြင့် ဘာရလဒ်မှ ရရှိလာလိမ့်မည် မဟုတ်ပေ။

ယနေ့ခေတ်မွတ်စလင် နိုင်ငံတွေအားလုံး အရေးတကြီးလုပ်ဆောင်ရမည့် ကိစ္စကတော့ တမန်တော် မြတ်ကြီး (ငြိမ်းချမ်းပါစေ)ရဲ့ ဟိုဒိုင်ဘီယာငြိမ်း ချမ်းရေးစာချုပ်ချုပ်ဆိုစဉ်က ရပ်တည်ခဲ့တဲ့ ရပ်တည်ချက် အတိုင်းပဲဖြစ်တယ်။ ဒီနေ့ခေတ်မှာ နောက်တစ်ကြိမ်ကြုံတွေ့နေရတာကတော့ အမှောင်ခေတ်လို့ဆိုတဲ့ တမန်တော်မြတ် မတိုင်ခင် အာရေဗျမှာရှိခဲ့တဲ့ တရားမျှတမှုများပျောက်ကွယ်နေပြီး၊ မတရားမှုကြီးစိုးနေတဲ့ ခေတ်အချိန်အခါက အခြေအနေပဲဖြစ်တယ်။

အစ္စလာမ့်သမိုင်းရဲ့ ပထမပိုင်းမှာ မွတ်စလင်တွေဟာ တရားမျှတမှုကို ဖော်ဆောင်မယ့် သာတူညီမျှရှိ ခြင်းကို ဖွဲ့လုံ့လအပြည့်ဖြင့် ကာကွယ်နိုင်ခဲ့တယ်။ တရားမျှတမှုကို ခိုင်ခိုင်မာမာကိုင်ဆွဲထားခဲ့ပြီး မကောင်းမှုရှောင် ကောင်းမှုဆောင်ခြင်းဖြင့် အောင်မြင်မှုကို ဆောင်ကျဉ်းနိုင်ခဲ့တယ်။ ဟိုရိုင်ဘီယာ ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုစဉ်မှာ ကိုရှိုက်တွေဟာ အာရေဗျရဲ့ ခေါင်းဆောင်မှုနေရာ၌ ခိုင်ခိုင်မာမာရှိခဲ့ကြတယ်။ ကအ်ဗဟ်ဝတ်ကျောင်းတော်ကိုလည်း အုပ်ချုပ်နေကြပါတယ်။ သူတို့ဟာ တမန်တော်မုဟမ္မဒ်နှင့် အဆွေတော်တွေကို မြို့ကနေ မောင်းထုတ်ခဲ့ကြတယ်။ ထို့နောက် သူတို့ရဲ့အိမ်များနှင့် အခြားပိုင်ဆိုင်မှု အားလုံးကို သိမ်းယူခဲ့တယ်။ အစ္စလာမ်နှင့် ပတ်သက်၍ အမုန်းတရားများကိုလည်း ဝါဒဖြန့်ခဲ့ကြတယ်။

ဒီအချိန်မှာ မွတ်စလင်များအနေဖြင့် အကြမ်းဖက်အုပ်ချုပ်မှုများကို အဆုံးသတ်စေရန်ရွေးချယ်စရာ အခြေအနေနှစ်မျိုးသာရှိပါတယ်။ ပထမနည်း တနည်းကတော့ သူတို့ရဲ့ပျောက်ဆုံးနေသည့် လုံခြုံမှုနှင့် အခြေခံအခွင့်အရေးများကိုရရှိရန် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စစ်ကြေညာခြင်းဖြစ်တယ်။ ဒီလိုလုပ်ခြင်းအားဖြင့် သေချာတဲ့ ရလဒ်ကတော့ သူတို့ရဲ့အသက်ရှင်သန်မှုများနှင့် ပိုင်ဆိုင်မှုများ ထပ်မံပျောက် ဆုံးဖို့သာ ရှိတယ်။

ဒုတိယနည်းကတော့ လက်ရှိဆုံးရှုံးနေသော နိုင်ငံရေးနှင့် အခြေခံရပိုင်ခွင့်များနှင့် ပတ်သက်၍ ဆက်လက်သည်းခံနေတယ်။ အခွင့်အလမ်းများ ဖန်တီးပြီးလုပ်ဆောင်ပြီး(ပေါ်ပေါက်လာ)သောအခါမှ ပြန်လည် အသုံးချခြင်းပဲဖြစ်တယ်။ တမန်တော်မြတ်နှင့် သာဝကကြီးများဟာ ဒုတိယနည်းလမ်းကိုသာ ရွေးချယ်ခဲ့ကြ တယ်။ ရလဒ်အားဖြင့်တော့ နှစ်အနည်းငယ်အတွင်းမှာ အာရေဗျတစ်ခုလုံးဟာ အမှောင်ခေတ်မှ လွတ်မြောက် လာခဲ့ပြီး လုံးဝတိုးတက်ပြောင်းလဲလာခဲ့ရတယ်။

## ကမ္ဘာနှင့် အဝှမ်း မွတ်စလင်တွေဟာ လွှဲမှားသော တုန့်ပြန်မှုများကြောင့် ကမ္ဘာ့မျက်နှာစာမှာ သားကောင်အဖြစ် ကျရှုံးခဲ့ရတယ်။

**ဒီနေ့ကမ္ဘာမှာ ပုံပျက်ပန်းပျက် ပုံဖော် ခံထားရတဲ့ နိုင်ငံရေးအရကြီးစိုးမှုဆိုတဲ့ အယူအဆ မဟုတ်ပါဘူး။ အဓိပ္ပာယ်က အသိဉာဏ်နှင့်အတွေးအခေါ် ရှိသေလေးမြတ် ခြင်းဖြစ်တယ်။**

### အခန်း (၆) ရိုးရှင်းသော ဘာသာတရား

မွတ်စလင်တွေကြောင့် ပြဿနာတွေများတယ်ဆိုပြီး ခေတ်သစ်ကမ္ဘာက အစ္စလာမ်ကို အာရုံစိုက်လာကြပါတယ်။ ဒါဟာ တကယ်တော့ အခြေအနေမှန်နှင့် ဆန့်ကျင်ဘက်ဖြစ်နေပါတယ်။ ရှုဒေါင့်တစ်ခုကပဲ ကြည့်ရင် တော့ မှန်ပါလိမ့်မယ်။ ဘာသာဝင်တိုင်းမှာ လူဆိုး၊ လူကောင်းဆိုတာတော့ရှိတာ အမှန်ပါပဲ။ အစ္စလာမ်က တစ်ခေတ်ဆန်းသလို ဖြစ်လာပါတယ်။ just as the period of rainfall is the period of farmers. ဒါပေမယ့် မွတ်စလင်တွေဟာ အသိအမြင်ကျယ်ပြန့်ခြင်း၊ နားလည်သဘောပေါက်ခြင်း မရှိကြပါဘူး။ နားလည်အောင် လုပ်ဖို့လည်း ပျက်ကွက်နေကြပါတယ်။ မွတ်စလင်တွေဟာသူတို့ရဲ့ကျဆုံးမှုကို အမှန်တကယ် နားလည် သဘော ပေါက်လာရပါလိမ့်မယ်။

ကုရ်အာန်ကျမ်းတော်မြတ်မှာ အစ္စလာမ့်မြင့်မြတ်မှုကို (izhar ad-din) လို့ဆိုထားပါတယ်။ တကယ် တော့ အစ္စလာမ့်ရဲ့ အဆုံးမဲ့ သဘောတရားကိုသာ ရည်ညွှန်းခြင်းဖြစ်တယ်။ အိုင်ဒီယာလော်ဂျီ ကမ္ဘာကြီးကို ဆိုလိုခြင်းဖြစ်တယ်။ ဒီလိုတော်လှန်ရေးတစ်ရပ်ဟာ အစ္စလာမ့်ရဲ့ မြင့်မြတ်သော စဉ်းစားတွေးခေါ်မှုကို အမြဲတမ်းအတွက် အုတ်မြစ်ချထူထောင်ခြင်းဖြစ်တယ်။ အရှင်မြတ်ဟာ ဒီလိုတည်ရှိနိုင်စွမ်း အခြေအနေကို ပေးထားပြီး ဖြစ်တယ်။ ယုံကြည်သူများဟာ အလွယ်တကူ သိမြင်နိုင်ပါတယ်။

၇ ရာစုမှာ တမန်တော်မြတ်မုဟမ္မဒ်နှင့် အဆွေတော်ကြီးများဟာ တော်လှန်ရေးရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ izhar ad-din အစ္စလာမ့်မြင့်မြတ်မှုကို တည်ဆောက်နိုင်ခဲ့ပါတယ်။

"ၚင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ရောင်ခြည်တော်ကို မိမိတို့၏ ပါးစပ်များဖြင့် ငြိမ်းစေလိုကြကုန်၏။ သို့ရာတွင်မူကား အလ္လာဟ်အရှင်မြတ်သည် သွေဖယ်ငြင်းပယ်သောသူတို့က မနှစ်မြို့ကြသော်လည်း မိမိ၏ရောင်ခြည်တော်ကို ပြည့်ဝစုံလင်တော်မူခြင်းမှတပါး မည့်သည့်တစုံတရာကိုမျှ သဘောတူ တော်မူသည် မဟုတ်ပေ" (ကုရ်အာန် ၉း၃၂)

Izhar ဆိုတဲ့အရဗီ စကားလုံးဟာ မြင့်မြတ်သော ပါဝါကို ဆိုလိုခြင်းဖြစ်တယ်။ Izhar ad-din ဆိုတဲ့အသိဉာဏ်နှင့် အတွေးအခေါ်ကျယ်ပြန့်မှု အယူအဆကိုသိရှိစေခြင်းဖြစ်တယ်။ ဒီနေ့ကမ္ဘာမှာ ပုံပျက်ပန်းပျက် ပုံဖော် ခံထားရတဲ့ နိုင်ငံရေးအရကြီးစိုးမှုဆိုတဲ့ အယူအဆ မဟုတ်ပါဘူး။ အဓိပ္ပာယ်က အသိဉာဏ်နှင့်အတွေးအခေါ် ရှိသေလေးမြတ်ခြင်းဖြစ်တယ်။

အလ္လာဟ်အရှင်မြတ်ဟာ နောက်ဆုံးတမန်တော် မုဟမ္မဒ်ကနေ မရိုးသားသော၊ အများကိုကောင်းကျိုးမပြုသော အုပ်ချုပ်မှုစနစ်များမှ အသိပညာတော်လှန်ရေးတစ်ခုကို အောင်မြင်ဖြစ်ထွန်းစေရန် အလိုရှိတယ်။ လူသားတွေဟာ (သူတို့ဟာသူတို့) လေ့လာစမ်းသပ်ခြင်းအားဖြင့် ရရှိလာသော အသိပညာတွေရဲ့ ပညာရပ်ဆိုင်ရာ စံနှုန်းများအရ သဘာဝတရားကို ထောက်ခံတဲ့သူတွေဖြစ်လာခဲ့တယ်။ ဒါကြောင့် ဒီတစ်ခုတည်းသော အကြောင်းရင်းက လူသားတွေရဲ့စံနှုန်းဖြစ်လာခဲ့တယ်။

ရှေ့မှာဖော်ပြခဲ့တဲ့ အစ္စလာမ့်မြင့်မြတ်မှုဆိုတာနဲ့ ထပ်တူကျတဲ့ ဒီအံ့ဖွယ်မဟာစီမံကိန်းကို တမန်တော်မြတ်နှင့် အဆွေတော်ကြီးများရဲ့ အသိပညာတော်လှန်ရေးဖြင့် ဖော်ဆောင်ခဲ့ကြတယ်။ ဒီတော်လှန်ရေးဟာ လူ့သမိုင်းရဲ့ဖြစ်စဉ်အသစ်တစ်ခုဖြစ်ခဲ့တယ်။ ပိတ်ဖုံးခံထားရသောတရားမျှတမှု၊

သဘာဝ လောကအတွင်းမှ သိပ္ပံဆိုင်ရာ သက်သေပြချက်များကို ဖော်ညွှန်းခြင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိခြင်း၊ လူ့စဉ်း စားတွေးခေါ်မှုနှင့် အသိဉာဏ်မှာ အမှောင်ထုအထပ်ထပ်တွင် ပိတ်ဖုံးခံထားရခြင်း တို့ကို ရှင်းလင်းစေရန်ရည် ရွယ်ပါတယ်။ ဒီတစ်ခုတည်းသော အကြောင်းတရားက လူသားအားလုံးအတွက် အလင်းကိုဆောင်ကျဉ်းလာ ခဲ့တယ်။

ဒီ့ရှေ့ခေတ်များမှာတော့ ကမ္ဘာတစ်ခုလုံးမှာ ရှင်ဘုရင်အုပ်ချုပ်မှုစနစ်ဟာ လွှမ်းမိုးခဲ့တယ်။ အင်အားတည်ဆောက်၍ မျိုးနွယ်စုအလိုက်၊ ဒေသအလိုက် အုပ်ချုပ်ခဲ့ကြတယ်။ ဒါကြောင့် အာဏာရှင်စနစ်အုပ်ချုပ်မှုကို ရှင်ဘုရင်များကတည်ဆောက်ခဲ့ကြတယ်။ သူတို့ဟာလွတ်လပ်စွာစဉ်းစားတွေးခေါ်ခြင်းနှင့် ဘာသာတရား လွတ်လပ်မှုများကို လုံးဝပိတ်ပင်ခဲ့ကြတယ်။ ဒီဒေသတွေမှာ လူသားတွေရဲ့ဖွံ့ဖြိုးတိုးတက်ရေး၊ လွတ်လပ်စွာ စဉ်းစားတွေးခေါ်ခွင့်နှင့် ဘာသာတရားအသီးသီးရဲ့ ဟောကြားတင်ပြခွင့်ကိုလည်း တားဆီးခဲ့ကြတယ်။ အဆုံးသတ်မှာတော့ ဒီတင်းကျပ်တဲ့ နိုင်ငံရေးစနစ်ကြီးဟာတမန်တော်မြတ်နှင့် သူ့ရဲ့အဆွေတော်ကြီးများရဲ့ တော်လှန် ရေးမှာ ပြိုပျက်သွားခဲ့ရတယ်။

မတရားဖိနှိပ်မှုစနစ်များကို ဖျက်သိမ်းခြင်း၊ အယူသည်းမှုများမှ လွတ်ကင်းပြီး လွတ်လပ်စွာ စဉ်းစားတွေးခေါ်နိုင်ခြင်းဖြင့် လွတ်လပ်ခြင်းနှင့် လူထုမှရွေးကောက်တင်မြှောက်သည့် ဒီမိုကရေစီခေတ်ကို ပြန်လည် ဦးဆောင်နိုင်ခဲ့တယ်။ ဒီတော်လှန်ရေးရဲ့အကျိုးဆက်အားဖြင့် အထက်ပါစနစ်ကို မောင်းနှင်ခဲ့တယ်။ ဒီ့နောက် ပိုင်းမှာ အနောက်နိုင်ငံတွေဟာ လူသားရဲ့လွတ်လပ်စွာ စဉ်းစားတွေးခေါ်ခြင်းဖြင့် ထိထိဝင်ဝင် အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ကြတယ်။ ဒီနေ့ခေတ်မှာတော့ ပညာရပ်အသီးသီးရဲ့အောင်မြင်မှုရလဒ်များဟာ အဖွံ့ဖြိုး အတိုးတက်ဆုံးသော အဆင့်မှာရှိနေပါတယ်။

သဘာဝလွန် မှော်ပညာရပ်များကို ယုံကြည့်တဲ့ ဘာသာတရားများရှိခဲ့ပါတယ်။ ရှေးခေတ်များမှာ ဒီဘာသာတရားတွေက လူတွေရဲ့စိတ်ကို လွှမ်းမိုးထားခဲ့ပါတယ်။ သိပ္ပံနဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များဟာ ဆန့်ကျင်ဘက်သဘော ဖြစ်မနေခဲ့ပါဘူး။ ဒီအတွေးခေါ်ကနေပဲ သိပ္ပံခေတ်ကို စတင်ခဲ့ပါတယ်။ ဒီအတွေးအခေါ် ကနေပဲ ရာစုနှစ်ချီလွှမ်းမိုးခဲ့ပြီး အပြောင်းအလဲတွေ ဖြစ်ပေါ်စေခဲ့တယ်။ ဒီတော်လှန်ရေးဟာ အစ္စလာမ့် တော်လှန်ရေးရဲ့ ရလဒ်တစ်ခုအနေနဲ့ ရရှိခဲ့တာပဲဖြစ်ပါတယ်။ ဒီနေ့ခေတ်မှာတော့ အီလက်ထရောနစ် ဆက်သွယ်ရေး ထိမြင့်တက်လာခဲ့တယ်။ အစ္စလာမ်ဟာ လူ့သမိုင်းရဲ့ပထမဦးဆုံးသော ခေတ်သစ် စနစ်သစ်ကို ဖြစ်စေခဲ့တယ်။ ဒီသမိုင်းဟာ မေးမှိန်နေပြီး တချို့သော ယဉ်ကျေးမှု၊ ဘာသာစာပေများမှာ ထုတ်ဖော်ရေးသား ခွင့် မရဖြစ်ခဲ့ပါတယ်။

တမန်တော်မြတ်၏ ဩဝါဒတော်တစ်ခုရှိတယ်။ အရှင်မြတ်ရဲ့ စကားတွေဟာ တကမ္ဘာလုံးမှာရှိတဲ့ အိမ်တိုင်းကို ရောက်ရှိလိမ့်မယ်။ (Musnadç Ahmad)

ဒါဟာဒီနေ့ခေတ်သစ်ကမ္ဘာရဲ့ ဆက်သွယ်ရေးနည်းပညာ တိုးတက်မှုကို ဆိုလိုတာလည်းဖြစ်နိုင်ပါတယ်။ ခေတ်သစ်နည်းပညာ တော်လှန်ရေးရဲ့နောက် ရလဒ်တစ်ခုကတော့ ဒီတိုးတက်မှုတွေဟာ အစ္စလာမ့်ယုံကြည်မှုများရဲ့ အထောက်အပံ့ဖြင့် ပညာရှင်များရဲ့ကြိုးပမ်းအားထုတ်မှုတွေကနေ ရရှိခဲ့တယ်ဆိုတာကို ယနေ့ခေတ် လူများစုဟာ သိရှိနားလည်ခြင်း မရှိကြပါဘူး။ ဒီတော်လှန်ရေးရဲ့ အစောပိုင်းအချိန်များမှာ အစ္စလာမ့်သမိုင်းမှန်ကို နားလည်ကြပြီး အာရေဗျရဲ့ ရှေးရိုးစွဲ ဓလေ့များပေါ်မှာသာ အငြင်းပွားမှုတွေ၊ သဘော မတူညီမှုတွေရှိခဲ့ကြတယ်။ ဒီနေ့ခေတ်မှာတော့ အစ္စလာမ်ရဲ့ အစစ်အမှန် သွန်သင်ချက်များကို အသိဉာဏ်အမြင့်မားဆုံးဖြစ်သော လူသားများအနေဖြင့် အလွယ်တကူ လေ့လာသိရှိနိုင်ပါတယ်။ အစ္စလာမ်သာသနာဟာ ဘယ်လို ပျံ့နှံ့ခဲ့တယ်ဆိုတာကို ကျိုးကြောင်းဆီလျော်စွာဖြင့် ရိုးရိုးသားသား အဖြေရှာမှုများ ပြုလုပ်နိုင်ပါတယ်။

ရှေးခေတ်များမှာတော့ ဘာသာတရားများကို မျက်ကန်းယုံကြည်မှုများဖြင့်သာ ယုံကြည်ခဲ့ကြပါတယ်။ ဒါကြောင့်ဘာသာတရားတွေရဲ့အစစ်အမှန်သွန်သင်မှုများကို မှန်မှန်ကန်ကန် လက်တွေ့ကျကျ စနစ်တကျလေ့လာ နိုင်ခဲ့ခြင်းမရှိခဲ့ကြပါဘူး။ ယနေ့ခေတ်ကာလများမှာတော့ သိပ္ပံပညာရပ်များရဲ့ အသစ်အသစ်သော ဖွံ့ဖြိုးတိုးတက်မှုများကြောင့် ဘာသာတရားများ၏ ရည်ရွယ်ချက်များနှင့် ကျိုးကြောင်းဆီလျော်မှုများကို သိပ္ပံပညာရပ်များဖြင့် ချိန်ဆ၍ အသေးစိပ်လေ့လာနိုင်ကြပြီဖြစ်တယ်။

အစ္စလာမ်ကတော့ ကျိုးကြောင်းဆီလျော်မှု၊ စနစ်ကျသေသပ်မှု၊ သမိုင်းဆိုင်ရာ အချက်အလက်များ တိကျခိုင်မာမှု၊ အမျိုးမျိုးသော ဆန်းစစ်ခံနိုင်မှုများဖြင့်ပြည့်စုံပါတယ်။

# “ကမ္ဘာ့တစ်ဖက်ခြမ်းမှ မတရားသတ်ဖြတ်မှုတစ် ခုအား ကျန်ကမ္ဘာ့တစ်ဖက်ခြမ်းမှ တစ်ဦးတစ်ယောက်က ထောက်ခံအားပေးလျှင် ထိုထောက်ခံအားပေးသူလည်း သတ်ဖြတ်သူကဲ့သို့ အပြစ်ရှိ၏”

အသိဉာဏ်တော်လှန်ရေးနောက်ပိုင်းမှာ လူသားရဲ့သန့်စင်သောအခြေခံအသိပညာဖြင့် အစ္စလာမ့် သရုပ်အမှန်ကို ရိုးရှင်းလွယ်ကူစွာ ရှာဖွေလေ့လာနိုင်တယ်။ အစ္စလာမ်ဟာ ဆွေးနွေးအဖြေရှာမှုများကို အပြည့်အဝ အားပေးထားသောဘာသာတရားဖြစ်တယ်။ ယနေ့ခေတ်သစ် ဖွံ့ဖြိုးမှုများဟာ အစ္စလာမ်ကိုထောက်ခံပြီး အောင်မြင်မှုဆီသို့ ဆောင်ကျဉ်းပေးတယ်။ အခုချိန်ခါမှာ အနောက်တိုင်းဆန့်ကျင်မှုများနှင့် မွတ်စလင်များရဲ့ အသိပညာကင်းမဲ့စွာ ပြုလုပ်နေကြသော အကြမ်းဖက်လှုပ်ရှားမှုများအားလုံးကို အဆုံးသတ်ဖို့ လိုနေပါပြီ။ နောက်ပြီး မွတ်စလင်များနှင့် မွတ်စလင်မဟုတ်သူများအကြားမှာ ဆွေးနွေးအဖြေရှာခြင်းဖြင့်ကောင်းမွန်သော ဆက်ဆံရေးရရှိရန်လိုအပ်ပါတယ်။ ယခုလိုခေတ်သစ်အချိန်အခါမှာ လူသားအားလုံး ကောင်းမွန်သော ဆက်ဆံရေးရရှိရန် အရေးတကြီးလိုအပ်လျက်ရှိပါတယ်။ ဆွေးနွေးမှုများမှ ရရှိသော အပြန်အလှန်နားလည်မှုများဖြင့် ကောင်းမွန်သော ဆက်ဆံရေးတည်ဆောက်နိုင်ပါလိမ့်မယ်။

**နိဂုံး**

ယနေ့ခေတ်အချိန်အခါမှာတော့ နေရာတော်တော်များများမှာ မွတ်စလင်တွေဟာ အစ္စလာမ်ကို တလွဲအသုံးချပြီး သွေးစွန်းတဲ့စစ်ပွဲတွေကို ဆင်နွှဲနေကြပါတယ်။ တစ်ချို့နေရာတွေမှာ မွတ်စလင်မဟုတ်သူများနှင့် ဖြစ်ပွားပြီး၊ နေရာတော်တော်များများမှာတော့ မွတ်စလင်ချင်း သတ်ဖြတ်နေကြပါတယ်။ ဒါတွေကိုကြည့်ပြီး ကောက်ချက်ချစရာတစ်ခုဖြစ်နေတာကတော့ “အစ္စလာမ်ဟာအကြမ်းဖက်သာသနာလား” ဆိုတာပဲဖြစ်ပါတယ်။ အစ္စလာမ်ရဲ့မှတ်ကျောက်ဖြစ်တဲ့ကုရ်အာန်ကျမ်းကိုလေ့လာကြည့်လျှင်တော့ အခန်း ၅၊ စာပိုဒ် ၃၂ ကျမ်းပိုဒ်ကိုတွေ့ရပါလိမ့်မယ်။ ဆိုလိုရင်းကတော့

“မည်သူမဆို တစ်ဦးတစ်ယောက်၏အသက်အား မတရားသတ်ဖြတ်ခဲ့လျှင် လူခပ်သိမ်းကို သတ်ဖြတ်ဘိသကဲ့သို့ဖြစ်ပြီး၊ တစ်ဦးတစ်ယောက်၏ အသက်အားကယ်တင်ခဲ့ပါမူ လူအပေါင်းတို့အား ကယ်တင် သကဲ့သို့ဖြစ်၏”

တမန်တော်မြတ်မုဟမ္မဒ် (ငြိမ်းချမ်းပါစေ)၏ ဆုံးမဩဝါဒမှာကား

“ကမ္ဘာ့တစ်ဖက်ခြမ်းမှ မတရားသတ်ဖြတ်မှုတစ်ခုအား ကျန်ကမ္ဘာ့တစ်ဖက်ခြမ်းမှ တစ်ဦးတစ်ယောက်က ထောက်ခံအားပေးလျှင် ထိုထောက်ခံအားပေးသူလည်း သတ်ဖြတ်သူကဲ့သို့ အပြစ်ရှိ၏” ဟူ၍ဖြစ်သည်။

ဒီသွန်သင်ချက်ကို မွတ်စလင်မဟုတ်သူများအနေ ဖြင့် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားတွေးခေါ်ခြင်းဖြင့် အစ္စလာမ့် အမှန်ဘာလည်းဆိုတာကို တိုင်းတာသတ်မှတ် နိုင်ပါလိမ့်မယ်။ ဒီနေ့ကမ္ဘာ့မီဒီယာပေါ်က မွတ်စလင် သတင်းတွေနဲ့ မွတ်စလင်တွေရဲ့ အကြမ်းဖက်လုပ်ဆောင်မှုများကို ကြည့်လျှင်တော့ အစ္စလာမ်ဟာ ငြိမ်းချမ်းရေး သာသနာ ဖြစ်တယ်ဆိုတာ တော်တော်ယုံရခက်ပါလိမ့်မယ်။ ဒါပေမယ့် ဒီမွတ်စလင်တွေရဲ့ အကြမ်းဖက် လုပ်ဆောင်မှုများကို ရပ်တံ့ပြီး အစ္စလာမ်ရဲ့ သရုပ်အမှန်အား မွတ်စလင်မဟုတ်သူများကို လောက်လောက်လင်လင် သိရှိခွင့်ပေးခဲ့မယ်ဆိုရင်တော့ “အစ္စလာမ်ဟာတကယ်ပဲ ငြိမ်းချမ်းရေးသာသနာ ဖြစ်တယ်” လို့ ဒီမွတ်စလင် မဟုတ်သူများကလည်း ပြောကြပါလိမ့်မယ်။

[မှတ်ချက်။ ။ Maulana Wahiduddin Khan ရေးသားသော Non-Violence and Islam စာအုပ်ကို နိုင်အောင်မင်းမှဆီလျော်အောင်ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။]

■

# အရှေ့တောင်အာရှ လေ့လာရေးတွင် အလွှမ်းမိုးဆုံးသော စာအုပ်များ

ရဲဟိန်းအောင်

စက်္ကာပူနိုင်ငံမှာ အခြေစိုက်တဲ့ အရှေ့တောင်အာရှ လေ့လာရေးအဖွဲ့(Institute of Southeast Asian Studies) ကို ၁၉၆၈ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပါတယ်။ အခု ၂၀၁၉ ခုနှစ်ဆိုရင် ၅၁ နှစ်ရှိပါပြီ။ ၂၀၁၅ခုနှစ် ဩဂုတ်လမှာတော့ အဖွဲ့အမည်ကို ISEAS - Yusof Ishak Institute အဖြစ်ပြောင်းလဲခဲ့ပါတယ်။ Yusof Ishak ဆိုတာကတော့ စက်္ကာပူနိုင်ငံရဲ့ ပထမဆုံး သမ္မတဖြစ်ပြီး ၁၉၆၅မှ ၁၉၇၀ အထိ တာဝန်ထမ်းဆောင်ခဲ့သူပါ။ သူ့ကိုဂုဏ်ပြုပြီး အဖွဲ့ရဲ့ အမည်မှာ ထည့်သွင်းခဲ့တာဖြစ်ပါတယ်။ ဒီအဖွဲ့ကနေပြီး အရှေ့တောင်အာရှလေ့လာရေးနဲ့ ပတ်သက်တဲ့ စာအုပ်များ၊ စာတမ်းများနဲ့ သုတေသနဂျာနယ်များလည်း ထုတ်ဝေပါတယ်။ SOJOURN လို့ အတိုကောက်ခေါ်တဲ့ Journal of Social Issues in Southeast Asia လည်း အပါအဝင်ဖြစ်ပြီး ၁၉၈၆ ခုနှစ်က စတင်ထုတ်ဝေခဲ့ပါတယ်။

၂၀၀၈ခုနှစ်မှာ အရှေ့တောင်အာရှ လေ့လာရေးအဖွဲ့ အနှစ်၄၀ ပြည့်ခဲ့ပါတယ်။ ဒီအနှစ် ၄၀ ပြည့် အထိမ်းအမှတ် အဖြစ် SOJOURN ဂျာနယ် အယ်ဒီတာအဖွဲ့ နေပြီး “အရှေ့တောင်အာရှ လေ့လာရေးတွင် အလွှမ်းမိုးဆုံးသော စာအုပ် ၁၀ အုပ်” ကို ရွေးချယ်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒီစိတ်ကူးက ရိုးရှင်းပေမယ့် စာရင်းတစ်ခုအဖြစ် ပြုစုမယ်ဆိုရင်တော့ အငြင်းပွားမှုတွေနဲ့ ရင်ဆိုင်ရမယ်ဆိုတာ သိနားလည်ထားပါတယ်။

ဒီလိုပြုစုနိုင်ဖို့ အတွက် ကျွန်တော်တို့ ဂျာနယ်ရဲ့ နိုင်ငံတကာ အတိုင်ပင်ခံ အဖွဲ့ဝင်များဆီကို

- အရှေ့တောင်အာရှ လေ့လာရေးတွင် သီအိုရီထုတ်ခြင်း (ဒါမှမဟုတ်) လက်တွေ့သိမြင်နား လည်းနိုင်စေခြင်းတို့တွင် လွှမ်းမိုးနိုင်ခြင်း။
- မျက်မှောက်ကာလ သုတေသီများအတွက် အဓိကကျတဲ့ ကိုးကားစရာအဖြစ် ဆက်လက်တည်ရှိခြင်းနဲ့
- ၎င်းတို့ စတင်ရေးသားတဲ့ကာလကို ကျော်လွန်ပြီး အသုံးဝင်းခြင်းစတဲ့ အချက်တွေနဲ့ ကိုက်ညီတဲ့ စာအုပ်တွေကို တစ်ဦးလျှင် ၁၀အုပ်ဆီ အဆိုပြုပေးဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။

ဒီလိုဖိတ်ခေါ်ရာမှာ အချို့က ဆယ်အုပ်ထက်ပိုမိုအဆိုပြုကြပြီး၊ အချို့ကတော့ ဆယ်အုပ်အောက် အဆိုပြုမှုတွေကို ကောင်းမွန်တဲ့အကြောင်းပြချက်တွေနဲ့ တုံ့ပြန်ခဲ့ပါတယ်။ စုစုပေါင်း မတူတဲ့စာအုပ် ၄၅ အုပ်ရဲ့ စာရင်းကို လက်ခံရ ရှိခဲ့ပါ တယ်။ အချို့သော စာအုပ်တွေက တွဲဖက်ဖတ်ရှု သင့်တာကြောင့် စာရင်းကိုလည်း ၁၀ အုပ်ကနေ ၁၄ အုပ်လို့ ပြောင်းလဲခဲ့ရပါတယ်။

စာရင်းတစ်ခုပြုစုတဲ့အခါမှာ အထက်မှာပြောခဲ့သလိုပါပဲ။ ဘက်ဆွဲမှုတွေ ပါဝင်နေတာကြောင့် အငြင်းပွားမှုတွေဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ ဂျာနယ်ရဲ့ နိုင်ငံတကာ

## နောက်ထပ်အငြင်းပွားစရာ တစ်ခုက အင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့ စာအုပ်တွေက အခြားဘာသာနဲ့ ရေးသားထားတဲ့ စာအုပ်တွေထက် ပိုမိုပြီး ပညာရပ်ဆန်တာ ကြောင့်လည်းဖြစ်ပါတယ်။

အတိုင်ပင်ခံ အဖွဲ့ဝင်များဆီကို စာအုပ်တွေရွေးချယ်ဖို့ စံပေတံတွေ ပေးပို့ကတဲက ပထမဆုံးအနေနဲ့ဘက်ဆွဲမှုတွေ ကပါဝင်နေပါတယ်။ ဥပမာအားဖြင့် ဘယ်စာအုပ်တွေလဲဆိုတာကို အဆိုပြုခိုင်းတဲ့အခါမှာ သူတို့က အင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့ စာအုပ်တွေကို အဆိုပြုတာမျိုးပါ။ ဒါက ရိုးရိုးရှင်းရှင်း မေးတာမျိုးဆိုပေမယ့် အခြားသော ထုတ်ဝေမှုတွေထက် ပိုမိုအရေးပါတာကြောင့်ပါ။ နောက်ထပ်အငြင်းပွားစရာ တစ်ခုက အင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့ စာအုပ်တွေက အခြားဘာသာနဲ့ ရေးသားထားတဲ့ စာအုပ်တွေထက် ပိုမိုပြီး ပညာရပ်ဆန်တာ ကြောင့်လည်းဖြစ်ပါတယ်။ သို့သော်လည်း အတိုင်ပင်ခံ အဖွဲ့ဝင်တွေဆီက အင်္ဂလိပ်ဘာသာနဲ့ မရေးထားတဲ့ စာအုပ်တွေကို အဆိုပြုမှုတွေကိုလည်းပဲ ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာ လက်ခံရရှိခဲ့ပါတယ်။

ဒုတိယဘက်ဆွဲမှုကတော့ ပထမအချက်နဲ့တော်တော်ကွာခြားပါတယ်။ ဒါက အတိုင်ပင်ခံတွေရဲ့ စာအုပ်ရွေးချယ်မှုနဲ့ သက်ဆိုင်ပါတယ်။ သူတို့ရွေးချယ်မှုက သူတို့ရဲ့သင်ကြားရေးနဲ့ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုတွေပေါ်မှာရောင်ပြန်ဟပ်နေတာပဲ ဖြစ်ပါတယ်။ ဒါကိုတော့ ကျွန်တော် တို့က အကန့်အသတ်လို့မြင်ရမယ့်အစား ကျယ်ပြန့်တဲ့အသိ ပညာအစုအဝေးတွေကို ပေါင်းစပ်ပေးနိုင်မယ့် အခွင့်အလမ်းလို့ သဘောထားခဲ့ပါတယ်။ အဆုံးမှာတော့ ကျွန်တော်တို့က လူကြိုက်အများ ဆုံးစာရင်းတစ်ခုကို ဖော် ထုတ်ရမယ့်အစား အဆိုပြုထားတဲ့ စာအုပ်တွေ အားလုံးပါ တဲ့ စာရင်းတစ်ခုကိုပဲ ထုတ်ပြန်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အရှေ့ တောင်အာရှလေ့လာရေးကို လုပ်ဆောင်နေကြတဲ့ ပညာရှင်များနဲ့ ကျောင်းသားများအတွက် ဒီစာရင်းက အသိပညာရင်း မြစ်တစ်ခု ဖြစ်လာစေမှာပါ။

ဒီလိုပြုစုတဲ့အခါမှာ သေချာခိုင်မာတဲ့ နည်းလမ်းတွေကို အသုံးပြုခဲ့တယ်ဆိုတာ ပြောစရာတောင်မလိုပါဘူး။ ဥပမာအားဖြင့် ကျွန်တော်တို့အနေနဲ့ ပိုမိုကျယ် ပြန့်တဲ့ ပညာရှင် အသိုင်းအဝိုင်းကို အဆိုပြုချက်တွေတောင်းလို့ရပါတယ်။ ဒါမှမဟုတ် ဘယ်စာအုပ်တွေလည်းဆိုတာကို အဆိုပြုခိုင်းမယ့်အစား၊ ဘယ်ပညာရှင်တွေလည်းဆိုတာ အဆိုပြုခိုင်းနိုင်ပါတယ်။ ဒါဆိုရင် စာအုပ် တစ်အုပ် နှစ်အုပ်ဆိုတာထက် ဒီလွှမ်းမိုးနိုင်တဲ့ ပညာရှင်းတွေရဲ့လက်ရာတွေအပေါ်မှာ အကဲဖြတ်ချက်တွေကို ရနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ အကန့်အသက်ရှိတဲ့ ဒီရင်းမြစ်တွေကိုပဲ အရှေ့တောင်အာရှ လေ့လာရေး အသိုင်းအဝိုင်းကို ဖြည့်ဆီးထောက်ပံ့နိုင်ဖို့ အတွက် ပထမဆုံး အကြိမ်ကြိုးပမ်းမှု အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ဒီစာရင်မှာပါဝင်တဲ့ အချက်တွေကို ထောက်ခံနိုင်ဖို့အတွက် ကျွန်တော်တို့ကနယ်ပယ်စုံမှာ ကျွမ်းကျင်တဲ့သူတွေ မဟုတ်ပါဘူး။ တကယ်တော့ ဒီစာရင်းကို မျက်စိစုံမှိတ်လက်ခံတာထက် ဆွေးနွေးငြင်းခုံကြမယ်ဆိုရင် ပိုမိုဝမ်းမြောက်မိမှာပါ။ အဆုံးမှာတော့ အတိုင်ပင်ခံအဖွဲ့တွေရဲ့ အလွှမ်းမိုးဆုံးသော စာအုပ်စာရင်းတခုကိုတော့ ရရှိခဲ့ပါပြီ။ ဒီစာရင်းကတော့ ကျွန်တော်တို့ SOJOURN ဂျာနယ်အတွက် တင်မကပဲ ချိန်ဆ လေ့လာနိုင်တဲ့ စာဖတ်သူတွေအတွက်လည်းဖြစ် ပါတယ်။

အရှေ့တောင်အာရှ လေ့လာရေးတွင် အလွှမ်းမိုးဆုံးသော စာအုပ်များ

Furnivall, J. S. Colonial Policy and Practice: A Comparative Study of Burma and Netherlands India. Cambridge: Cambridge University Press, 1948.

Reid, Anthony. Southeast Asia in the Age of Commerce, 1450-1680. 2 Volumes. New Haven: Yale University Press, 1988-1993.

Scott, James C. The Moral Economy of the Peasant: Rebellion and Subsistence in Southeast Asia. New Haven: Yale University

Press, 1976.

Anderson, Benedict R. O'G. Imagined Communities: Reflections on the Origin and Spread of Nationalism. London. New York: Verso, 1991 (1983).

Geertz, Clifford. Agricultural Involution: The Process of Ecological Change in Indonesia. Berkeley and Loa Angeles, California: University of California Press, 1963.

Ileto, Reynaldo Clemena. Payson and Revolution: Popular movement in the Philippines. 1840-1910. Quezon City: Ateneo de Manila University Press, 1979.

Leach, Edmund Ronaldo. Political Systems of Highland Burma: A study of Kachin Social Structure. London: G. Bell & Sons, Ltd., 1954.

Scott, James C. Weapons of the Weak: Everyday Forms of Peasant Resistance. New Haven: Yale University Press, 1985.

Geertz, Clifford. The Religion of Java. Glencoe, Ill.: Free Press, 1960.

Kahin, George McTurnan. Nationalism and Revolution in Indonesia. Ithaca, N.Y: Cornell University Press, 1952.

Roff, William R. The Origins of Malay Nationalism. New Haven: Yale University Press, 1967.

Leur, J.C. van. Indonesian Trade and Society: Essay in Asian Social and Economic History. The Hague: W. Van Hoeve, 1955.

Wertheim, W.F. Indonesian Society in Transition: A Study of Social Change. Bandung: Sumur Bandung, 1956.

Wertheim, W.F. East-West Parallels: Sociological Approaches to Modern Asia. The Hague: W. Van Hoeve, 1964.

-----------------------------------------------------------

Abdullah, Taufik. Schools and Politics: The Kaum Muda Movement in West Sumatra, 1927-1933. Ithaca, N.Y.: Cornell Modern Indonesia Project, Cornell University, 1971.

Andaya, Barbara Watson. The FlamingWomb: Repositioning Women in Early Modern Southeast Asia. Honolulu: University of Hawai'i Press, 2006.

Bateson, Gregroy & Margret Mead. Baliness Character: A Photographic Analysis. New York: The New York Academy of Sciences, 1942.

Bellwood, Peter S. Prehistory of the Indo-Malaysian Archipelago. New York; Sydney: Academic Press, 1985.

Benda, Harry Jindrich. Continuity and Change in Southeast Asia: Collected Journal Article of Harry J Benda. New Haven: Yale University Southeast Asia Studies, 1972.

Chua, Beng Huat. Communitarian Ideology and Democracy in Singapore. London and New York: Routledge, 1995.

Cœdès, George. Les états hindouisés d'Indochine et d'Indonésie. Paris: E. de Boccard, 1948.

Dhofier, Zamakhsyari. The Pesantren Tradition: The Role of the Kyai in the Maintenance of Traditional Islam in Java. Tempe Ariz.: Monograph Series Press, Program for Southeast Asian Studies, Arizona State University, 1999. (Tradisi pesantren: studi tentang pandangan hidup kyai. Jakarta: Lembaga Penelitian, Pendidikan, dan Penerangan Ekonomi dan Sosial, 1982)

Firth, Raymond. Malay Fishermen: Their Peasant Economy. London: K. Paul, Trench, Trubner & Co., 1946.

Gombrich, Richard & Gananath Obeyesekere. Buddhism Transformed: Religious Changes in Sri Lanka. Princeton University Press, 1988.

Gourou, Pierre. The Peasants of the Tokin Delta: A Study of Human Geography (Paysans du Delta tonkinois : étude de géographie humaine). New Haven, Conn.:Human Relations Area Files, 1955.

Hall, D.G.E. A History of South-East Asia. London: Macmillan; New York: St. Martin's Press, 1955.

Hefner, Robert W., ed. Market Culturres: Society and Values in the New Asian Capitalism. Singapore: Institute of Southeast Asian Studies, 1997.

Hooker M.B.,ed. Islam in South-East Asia. Leiden: E.J. Brill, 1983.

Jomo K.S. A Question of Class: Capital, the State, and Uneven Development in Malaya. Singapore; New York: Oxford University Press, 1986.

Kartodirdjo, Sartono. The Peasents' Revolt of banten in 1888: Its Conditions, Course and Sequel_ A Case Study of Social Movements in Indonesia. s'-Gravenhage: Martinus Nijhoff, 1966.

Keyes, Charles F. The Golden Peninsula: Culture and Adaptation in Mainland Southeast Asia. New York: Macmillan, 1977.

Lieberman, Victor B. Strange Parallels: Southeast Asia in Global Context, 800-1830. Cambridge; Cambridge University Press, 2003.

Lombard, Denys. Le Carrefour Javanais: Essai d'Histoire Global. Paris: Editions de l'Ecole des Hautes Etudes en Sciences Sociales, 1990.

Majul, Cesar Adib. Muslims in the Philippines. Quezon City: Published for the Asian Center by the University of the Philippines Press, 1973.

McCoy, Alferd W. & Ed. C. de Jesus. Philippine Social History: Global Trade and Local Transformations. Quezon City, Manila: Ateneo de Manila University Press; Sydney: Allen & Unwin, 1982.

Mortimer, Rex. Indonesian Communism under Sukarno: Ideology and Politics, 1959-1965. Ithaca, N.Y.: Cornell University Press, 1974.

Ong, Aihwa. Spirits of Resistance and Capitalist Discipline: Factory Women in Malaysia. Albany: State University of New York Press, 1987.

Popkin, Samuel L. The Rational Peasant: The Political Economy of Rural Society in Vietnam. Berkeley: University of California Press. 1979.

Purcell. Victor. The Chinese in Southeast Asia. London; New York: Oxford University press, 1951.

Riggs, Fred Warren. Thailand: The Modernization of a Bureaucratic Polity. Honolulu: East-West Center Press, 1966.

Robison, Richard. Indonesia: The Rise of Capital. North Sydney, NSW, Australia: Allen & Unwin, 1986.

Schrieke, B.J.O. Indonesian Sociological Studies: Selected Writings. Two Volumes. The Hague: W. van Hoeve. 1955-57.

Steinberg, David Joel et al. In Search of Southeast Asia: A Modern History. New York: Praeger, 1971.

Thongchai, Winichakul. Siam Mapped: A History of the Geo-Body of a Nation. Honolulu: University of Hawaii Press. 1994.

Wolters, O.W. The Fall of Srivijaya in Malay History. Ithaca, N.Y.: Cornell University Press. 1970.

■

## ပန်ကြားလွှာ

လူမျိုးစုလေ့လာမှုစာစဉ် အမှတ်(၂)တွင် ဖော်ပြထားသော စာမူများအနက်
ပညာရပ်ပိုင်းဆိုင်ရာ လိုအပ်ချက်အရ အချို့သော ဆောင်းပါးများအား
ကြိုတင်ခွင့်ပြုချက် ရယူနိုင်ခြင်း မရှိဘဲ ဖော်ပြထားရပါသည်။
ထို့အတွက် စာမူရှင်များနှင့် သက်ဆိုင်သူ မိသားစုဝင်များအား
လေးစားစွာ ပန်ကြားအပ်ပါသည်။